# ရတနာပုံ

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

yadanarbonnews.com

၁၃၈၇ ခုနှစ် ၊ နတ်တော်လဆန်း (၁၃)ရက် ၊ အင်္ဂါနေ့ ၊ (2-12-2025) ၊ အတွဲ (၃၄) ၊ အမှတ် (၂၁၆)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး၊
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊
- အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊

**❖ နိုင်ငံတော်နဲ့ ပြည်သူတို့အနာဂတ်အတွက် သင်ကိုယ်တိုင် ပါဝင်မဲပေးပါ။**

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries)ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များအောင်မြင်ပြီး ပြည်သူလူထု တစ်ရပ်လုံးလိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်) ရဲအရာရှိလေ့ကျင့်ရေးကျောင်း(ဇီးပင်ကြီး)နှင့် ဗဟိုမီးသတ်သင်တန်းကျောင်း(ပြင်ဦးလွင်)တို့သို့ သွားရောက်ကြည့်ရှုစစ်ဆေး



**နေပြည်တော် ဒီဇင်ဘာ ၁**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့် ခရီးစဉ်တွင် လိုက်ပါလာသည့်အဖွဲ့ဝင်များ၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများလိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် ဇီးပင်ကြီးရှိ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်) ရဲအရာရှိလေ့ကျင့်ရေးကျောင်း (ဇီးပင်ကြီး)နှင့် ဗဟိုမီးသတ်သင်တန်းကျောင်း(ပြင်ဦးလွင်)တို့သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် **စာမျက်နှာ ၁၆ ကော်လံ ၁** ⚐

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရဲအရာရှိလေ့ကျင့်ရေးကျောင်း(ဇီးပင်ကြီး) သင်တန်းကျောင်းပြတိုက်အတွင်း ခင်းကျင်းပြသထားသည့် မှတ်တမ်းဓာတ်ပုံများကို လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။**




ရတနာပုံ
၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂ ရက်
အယ်ဒီတာ့အာဘော်

# တပ်မတော်၏မေတ္တာ၊ စေတနာ၊ အကြင်နာဖြင့် ကျန်းမာရေးစောင့်ရှောက်မှုများ

တပ်မတော်သည် နိုင်ငံတော်ကာကွယ်ရေးအပြင် ပြည်သူများ၏ကျန်းမာရေးစောင့်ရှောက်မှုနှင့် သဘာဝဘေးကူညီကယ်ဆယ်ရေးလုပ်ငန်းများကို စွမ်းစွမ်းတမံဆောင်ရွက်ပေးလျက်ရှိသည်။ ထိုသို့ ဆောင်ရွက်ရာတွင် ယခုအခါ ဧရာဝတီတိုင်းဒေသကြီးအတွင်း ဧရာဝတီမြစ်ကြောင်းတစ်လျှောက်ရှိ ကျေးရွာများမှ ဒေသခံပြည်သူများလိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ ပြည်သူများအတွက် အကျိုးရှိလှသဖြင့် ကျေနပ်ဝမ်းမြောက်လျက်ရှိသည်ကို တွေ့ရသည်။

ဧရာဝတီတိုင်းဒေသကြီးအတွင်း ဧရာဝတီမြစ်ကြောင်းတစ်လျှောက်ရှိ မြစ်ဝကျွန်းပေါ်နေ ကျေးရွာများမှ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန်အတွက် တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့မှ ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများပါဝင်သည့် တပ်မတော်မြစ်တွင်းသွား ဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု)တို့သည် နိုဝင်ဘာ ၁၇ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့ အမှတ်(၄) ရေတပ်ဗောတံတားမှလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး ကိုကိုးကျွန်းမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့နယ်အတွင်းရှိ ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန်အတွက် တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)သည် နိုဝင်ဘာ ၁၇ ရက် နေ့လယ်ပိုင်းတွင် ရန်ကုန်မြို့ ရေတပ်ဆိပ်ခံတံတားမှလည်းကောင်း အသီးသီးထွက်ခဲ့ကြပြီး ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိသည်။

တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု)တို့သည် နိုဝင်ဘာ ၁၈ ရက်မှ နိုဝင်ဘာ ၂၁ ရက်ထိ ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်ရှိ ဒေသခံပြည်သူများကိုလည်းကောင်း၊ နိုဝင်ဘာ ၂၂ ရက်မှ နိုဝင်ဘာ ၂၄ ရက်ထိ ဝါးခယ်မမြို့နယ်ရှိ ဒေသခံပြည်သူများကိုလည်းကောင်း၊ နိုဝင်ဘာ ၂၅ ရက်မှ နိုဝင်ဘာ ၂၉ ရက်ထိ မြောင်းမြမြို့နယ်ရှိ ဒေသခံပြည်သူများကိုလည်းကောင်း၊ နိုဝင်ဘာ ၃၀ ရက်တွင် လပွတ္တာမြို့နယ်ရှိ ဒေသခံပြည်သူများကိုလည်းကောင်း ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)သည်လည်း နိုဝင်ဘာ ၁၈ ရက်မှ နိုဝင်ဘာ ၂၁ ရက်ထိ ဟိုင်းကြီးကျွန်းမြို့နယ်နှင့်အနီးပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများကိုလည်းကောင်း၊ နိုဝင်ဘာ ၂၂ ရက်မှ နိုဝင်ဘာ ၃၀ ရက်ထိ ငပုတောမြို့နယ်ရှိကျေးရွာများနှင့် အနီးပတ်ဝန်းကျင်ကျေးရွာများရှိ ဒေသခံပြည်သူများကိုလည်းကောင်း ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ တပ်မတော်နယ်လှည့်ဆေးကုအဖွဲ့တွင် တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုအရာရှိများ၊ သူနာပြုစစ်သည်များနှင့် သူနာပြုရဲမေများ လိုက်ပါလာပြီး ဒေသခံပြည်သူများကို ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ ကလေးရောဂါ၊ အရိုးရောဂါ၊ မျက်စိရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ သွားနှင့်ခံတွင်းရောဂါတို့နှင့်ပတ်သက်၍ ကျန်းမာရေးစောင့်ရှောက်မှုပေးသည့်အပြင် X-Ray ရိုက်ခြင်း၊ Ultrasound ရိုက်ခြင်း၊ ရောဂါဗေဒပါရဂူများဖြင့် ရောဂါရှာဖွေစမ်းသပ်ကုသခြင်း၊ ECG စက်၊ ဓာတ်မှန်ရိုက်စက်များဖြင့် ရောဂါရှာဖွေစမ်းသပ်ကုသပေးခြင်းနှင့် ဓာတ်ခွဲစမ်းသပ်စစ်ဆေးပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိသည်။ ဧရာဝတီမြစ်ကြောင်းတစ်လျှောက်ရှိ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုပေးရန် လာရောက်ရာတွင် အဆိုပါမြို့နယ်၊ ကျေးရွာများမှ ဒေသခံပြည်သူများက သောင်းသောင်းဖြဖြကြိုဆိုကြသကဲ့သို့ ကျေးဇူးတင်ဝမ်းမြောက်စကားများလည်း ပြောကြားကြသည်ကို တွေ့ရပေသည်။

သို့ဖြစ်ရာ တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့က ဧရာဝတီမြစ်ကြောင်းတစ်လျှောက်ရှိ ဒေသခံများကို လိုအပ်သောကျန်းမာရေးစောင့်ရှောက်မှုများဆောင်ရွက်ပေးခြင်းဖြင့် ကျန်းမာသောလူမှုဘဝများ ရရှိစေသည်။ ဧရာဝတီမြစ်ကြောင်းတစ်လျှောက်ရှိ ဒေသခံပြည်သူများကို မေတ္တာ၊ စေတနာ၊ အကြင်နာတရားများအပြည့်ဖြင့် ဆေးကုသမှုပေးနေသော တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့၏ လုပ်ဆောင်ချက်များကို လေးစားဂုဏ်ယူဝမ်းမြောက်မိပါကြောင်း ဂုဏ်ပြုရေးသားအပ်ပါသည်။

## ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

ရွေးကောက်ပွဲကျင်းပရန်
၂၆
ရက်
သာ လိုတော့သည်။

## လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

### မဲစာရင်းများကို သွားရောက်ကြည့်ရှုပါ။

မဲစာရင်းများကို ၂၁-၁၁-၂၀၂၅ ရက်နေ့မှ ၄-၁၂-၂၀၂၅ ရက်နေ့အထိ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲရုံးများတွင် ဒုတိယအကြိမ် ကပ်ထားကြေညာ ထားပါသည်။ မဲစာရင်းတွင် အမည်မပါလျှင် ပုံစံ (၃) ဖြင့် တောင်းဆိုပါ။ အမည်နှင့် အချက်အလက်များကို ကန့်ကွက်ရန်ရှိပါက ပုံစံ (၄) ဖြင့်ကန့်ကွက်ပါ။ အချက်အလက်များ ပြင်ဆင်ရန်ရှိပါက ပုံစံ (၄-က) ဖြင့် လျှောက်ထားပါ။ ယင်းပုံစံများကို သက်ဆိုင်ရာ ကော်မရှင်အဖွဲ့ခွဲရုံးများတွင် အခမဲ့ရယူနိုင်ပါသည်။

# ချောင်းဦးမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၃၅၇၁ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ချောင်းဦး ဒီဇင်ဘာ ၁**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ချောင်းဦးမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၃၅၇၁ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ချောင်းဦးမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ဧက ၇၁၂၀ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၃၅၇၁ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ချောင်းဦးမြို့နယ်မှာ ဟင်းသီးဟင်းရွက်ဧက ၇၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ဧက ၃၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီ ဖြစ်ပါတယ်။ မုန်ညင်း၊ ငရုတ်၊ နံနံ၊ အာလူး၊ ဂေါ်ဖီထုပ်၊ ခရမ်း၊ မုန်လာဥ စတဲ့ သီးနှံတွေ စိုက်ပျိုးဖြစ်ပါတယ်။ စိုက်ပျိုးတဲ့ ဟင်းသီးဟင်းရွက်အားလုံးကို GAP နည်းစနစ်နဲ့ စိုက်ပျိုးနိုင်အောင်၊ ဓာတုဓာတ်ကြွင်း အနည်းဆုံးဖြစ်အောင်၊ ကျန်းမာရေးနဲ့ ကိုက်ညီအောင် စိုက်ပျိုးဖို့ နည်းပညာတွေပေးနေပါတယ်"ဟု ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတင့်ဆွေက ပြောပြသည်။

ယခုနှစ် ချောင်းဦးမြို့နယ်တွင် ဟင်းသီးဟင်းရွက်စိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက GAPနည်းစနစ်ဖြင့် စိုက်ပျိုးရန်အတွက် နည်းပညာသင်တန်းပေးခြင်း၊ စိုက်ခင်းများမှထွက်ရှိလာသည့် ဟင်းသီးဟင်းရွက်များ ကျန်းမာရေးနှင့် ညီညွတ်သည့် သီးနှံဖြစ်စေရန် နည်းပညာများ ပေးခြင်းနှင့် တောင်သူများ ဟင်းသီးဟင်းရွက်များ တိုးချဲ့စိုက်ပျိုးလာရန်အတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ဟင်းသီးဟင်းရွက်ကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ဟင်းသီးဟင်းရွက်ကို တိုးချဲ့ စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတင့်ဆွေက ပြောပြ၍ သိရသည်။

(၂၀၆)

# ကျောင်းကုန်းမြို့နယ်တွင် ဒေသထွက်ကောက်ရိုးမှိုများ အရောင်းအဝယ်ကောင်းမွန်နေ

**ကျောင်းကုန်း ဒီဇင်ဘာ ၁**

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ်တွင် ဒေသထွက် ကောက်ရိုးမှိုများ အရောင်းအဝယ်ကောင်းမွန်နေကြောင်း ကျောင်းကုန်းမြို့နယ် ကုန်စိမ်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ကလျာက ပြောပြ၍ သိရသည်။

ကျောင်းကုန်းမြို့နယ်တွင် ယခုနှစ် နိုဝင်ဘာလ တတိယပတ်မှ စတင်ပြီး ယနေ့ထိ ကောက်ရိုးမှိုများ ဝယ်ယူမှုအားကောင်းလာပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း၊ အဆိုပါကောက်ရိုးမှိုများ တစ်ရက်လျှင် ပိဿာချိန် ၁၂၀၀ မှ ၂၅၀၀ ထိ အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရသည်။

"လက်ရှိ ကောက်ရိုးမှို တစ်ပိဿာကို ငွေကျပ် ၂၀၀၀၀ ကျော်ထိ ပေါက်ဈေးရှိပါတယ်။ ဒေသတွင်း ဈေးကွက်မှာကို ကောက်ရိုးမှိုတွေက အဝယ်လိုက်နေတာပါ။ အရောင်းအဝယ်ကောင်းနေပေမဲ့ ကောက်ရိုးမှိုစိုက်သူနည်းတော့ အထွက်နည်းနေပါတယ်။ ထွက်လာတဲ့ကောက်ရိုးမှိုတွေက အရည်အသွေးကောင်းပါတယ်"ဟု ကျောင်းကုန်းမြို့နယ် ကုန်စိမ်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ကလျာက ပြောပြသည်။

ကျောင်းကုန်းမြို့နယ်တွင် စိုက်ပျိုးထွက်ရှိသည့် ကောက်ရိုးမှိုများသည် အရည်အသွေးကောင်းမွန်ကြောင်း၊ အဆိုပါကောက်ရိုးမှိုများတွင် မှိုအပွင့်ထက် အဖူးများကို လူများက ပိုမိုကြိုက်နှစ်သက်ပြီး ဒေသတွင်းဈေးကွက်တွင် အဝယ်လိုက်နေကြောင်း၊ ကောက်ရိုးမှိုများ အရောင်းအဝယ်ကောင်းလာသဖြင့် စိုက်ပျိုးသူများ၊ လုပ်သားများ အဆင်ပြေနေကြောင်း သိရသည်။ **ကျော်ကျော်လင်း**

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဧရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# ပွင့်ဖြူမြို့နယ် ရွာခိုင်-ကျွဲတိ-ကပြည့်ကျေးရွာချင်းဆက်လမ်း ကတ္တရာခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**ပွင့်ဖြူ ဒီဇင်ဘာ ၁**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် တိုင်းဒေသကြီး (ငွေလုံးငွေရင်း) ရန်ပုံငွေဖြင့် ရွာခိုင်-ကျွဲတိ-ကပြည့် ကျေးရွာချင်းဆက်လမ်း ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို နိုဝင်ဘာ ၃၀ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မင်းဘူးခရိုင်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ဒေါ်ရီအေးခိုင်၊ ပွင့်ဖြူမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ဦးစီးအရာရှိ (မြို့ပြ) ဒေါ်မိမိလွင်နှင့် တာဝန်ရှိသူများက ရွာခိုင်-ကျွဲတိ-ကပြည့် ကျေးရွာချင်းဆက်လမ်း ကတ္တရာခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)က ဆောင်ရွက်ပြီးလုပ်ငန်း ရေရှည်တည်တံ့စေရေး ကျေးရွာမှ ဝိုင်းဝန်းထိန်းသိမ်းသွားကြရန် မှာကြားခဲ့သည်။

အဆိုပါရွာခိုင်-ကျွဲတိ-ကပြည့် ကျေးရွာချင်းဆက်လမ်း အရှည် ၃ ဒသမ ၃၅ ဖာလုံ၊ အကျယ် ၁၂ ပေရှိကျေးရွာချင်းဆက်လမ်း ကတ္တရာခင်းခြင်းလုပ်ငန်းကို ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် တိုင်းဒေသကြီး (ငွေလုံးငွေရင်း) ရန်ပုံငွေကျပ် ၂၃၂ ဒသမ ၂၁၁ သန်းဖြင့် ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာနက ဇွန် ၉ ရက်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများအားလုံး ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါကျေးရွာချင်းဆက်လမ်း ကတ္တရာခင်းခြင်းလုပ်ငန်း ရာနှုန်းပြည့်ပြီးစီးပြီဖြစ်သောကြောင့် ကျေးရွာသူ၊ ကျေးရွာသားများ၏ လမ်းပန်းဆက်သွယ်ရေး လွယ်ကူအဆင်ပြေပြီဖြစ်ကြောင်း သိရသည်။

**ဆက်လူ**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ မန္တလေးမြို့ အကွက်(၄၂၀) မာလကာခြံရပ်နေ ဒေါ်ခင်မမ မွေးနေ့အထိမ်းအမှတ်အဖြစ် ဆေးပဒေသာပင် ငွေကျပ် ၅၀၀၀၀၀ လှူဒါန်းရာ ဆေးရုံအုပ်ကြီး ဒေါက်တာဦးခင်မောင်က လက်ခံရယူစဉ်။

# ယင်းမာပင်ခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ဧက ၁၅၂၈၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**မုံရွာ ဒီဇင်ဘာ ၁**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ဧက ၁၅၂၈၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ယင်းမာပင်ခရိုင်တွင် ပဲတီစိမ်း ၁၈၀၇၅ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် အောက်တိုဘာလ ဒုတိယပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ယင်းမာပင်မြို့နယ်တွင် ဧက ၄၈၀၊ ကနီမြို့နယ်တွင် ဧက ၇၃၀၀ နှင့် ပုလဲမြို့နယ်တွင် ဧက ၇၅၀၀ စုစုပေါင်း ဧက ၁၅၂၈၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ယင်းမာပင်ခရိုင် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ပဲတီစိမ်း ၁၈၀၇၅ ဧက စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ဧက ၁၅၂၈၀ စိုက်ပျိုးပြီးစီးပြီ ဖြစ်ပါတယ်။ လျာထားကေပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ပဲတီစိမ်းစိုက်ပျိုးမှုနဲ့ပတ်သက်ပြီး တိုးချဲ့စိုက်ပျိုးဖို့၊ အထွက်နှုန်း ကောင်းမွန်ဖို့၊ မျိုးကောင်းမျိုးသန့်တွေ သုံးစွဲဖို့ အသိပညာပေး လုပ်ငန်းတွေ ဆောင်ရွက်ပေးနေပါတယ်" ဟု စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာတင်မာမာဦးက ပြောပြသည်။

ယင်းမာပင်ခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်းစိုက်ပျိုးရန်အတွက် မြို့နယ်အလိုက်လျာထားမှုအနေဖြင့် ယင်းမာပင်မြို့နယ်တွင် ၁၅၇၄ ဧက၊ ကနီမြို့နယ်တွင် ဧက ၇၅၀၀ နှင့် ပုလဲမြို့နယ်တွင် ၉၀၀၁ ဧက စုစုပေါင်း ၁၈၀၇၅ ဧကဖြစ်ကြောင်း သိရသည်။

ပဲတီစိမ်းကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ပဲတီစိမ်းကို ဒေသမရွေးပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာတင်မာမာဦးက ပြောပြ၍ သိရသည်။ (၂၀၆)

# မလှိုင်မြို့နယ် ခင်သာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း ဆောင်ရွက်ထားရှိမှု ကွင်းဆင်းစစ်ဆေး

**မလှိုင် ဒီဇင်ဘာ ၁**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေများတိုးပွားလာပြီး ဆင်းရဲမှုလျော့ကျစေရန် ရည်ရွယ်၍ ရေချိုဘူတာကျေးရွာအုပ်စု ခင်သာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် နို့စားနွားမွေးမြူရေး လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်ထားရှိသောလုပ်ငန်းများကို နိုဝင်ဘာ ၃၀ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုနှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် သန်း ၃၀ ဖြင့် ဆောင်ရွက်ထားသော နို့စားနွားမွေးမြူရေးလုပ်ငန်းဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့်ငွေစာရင်းဇယားများ ပြည့်စုံမှုရှိ၊ မရှိ စစ်ဆေးပြီး မလှိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ခင်သာကျေးရွာ၌ နို့စားနွားမွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ အသက်မွေးဝမ်းကျောင်း အဖွဲ့လေးဖွဲ့မှ ဦးရေ ၂၀ ကို မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် သန်း ၃၀ ထုတ်ချေးပေးထားကြောင်း မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုထံမှ သိရသည်။ **ဟိန်းထက်စိုး(မလှိုင်)**

# မြောင်းမြခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၁၁၄၀၆ ဧက စိုက်ပျိုးမည်

**မြောင်းမြ ဒီဇင်ဘာ ၁**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၁၁၄၀၆ ဧက စိုက်ပျိုးသွားမည်ဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မြောင်းမြခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၁၁၄၀၆ ဧကကို ယခုနှစ် ဒီဇင်ဘာလဒုတိယပတ်တွင် စတင် စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ အဆိုပါ နေကြာ ၁၁၄၀၆ ဧကကို အိမ်မဲမြို့နယ်တွင် ဧက ၂၃၁၀၊ ဝါးခယ်မမြို့နယ်တွင် ၈၆၉၁ ဧက၊ မြောင်းမြမြို့နယ်တွင် ၄၀၅ ဧကဖြစ်ကြောင်း သိရသည်။

"မြောင်းမြခရိုင်မှာ ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ နေကြာစိုက်ပျိုးဖို့အတွက် မစိုက်မီအချိန်ကတည်းက စိုက်ပျိုးရေးနည်းပညာတွေကို ကြိုတင်ဆောင်ရွက်ပေးထားပါတယ်။ ဒါ့ပြင် တောင်သူတွေ စိုက်ပျိုးတဲ့ ဆောင်းသီးနှံတွေအထွက်နှုန်းကောင်းမွန်ဖို့နဲ့ အရည်အသွေးကောင်းသီးနှံတွေဖြစ်စေဖို့ တောင်သူနည်းပညာပေးလုပ်ငန်းတွေကို လုပ်ဆောင်ပေးနေပါတယ်။ လိုအပ်တဲ့ ဓာတ်မြေဩဇာတွေ ပံ့ပိုးပေးဖို့ သက်ဆိုင်ရာအဖွဲ့အစည်းတွေနဲ့ ချိတ်ဆက်ပေးထားပါတယ်"ဟု မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြသည်။

မြောင်းမြခရိုင်တွင် နေကြာသီးနှံများ လျာထားကေပြည့်မီအောင် စိုက်ပျိုးနိုင်ရန် ဒေသခံတောင်သူများ၊ စိုက်ပျိုးရေးဦးစီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာန စသည့်ဌာနအဖွဲ့အစည်းများပူးပေါင်းဆောင်ရွက်နေကြောင်း သိရသည်။

နေကြာကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းဆီစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် နေကြာကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**



# ချစ်သမျှကိုမှ စိန်ခြူးကြာညောင်သို့

ပြေအေးသက်

ချစ်သမျှကိုဆိုသည့် သစ္စာတိုင်ပတ်ပျိုးကို အနောက်နန်းမတော် မမြလေး စပ်ဆိုခဲ့ပြီး ယခု အချိန်အခါထိ ထင်ရှားကျော်စောနေဆဲဖြစ်သည်။ ထိုပတ်ပျိုးမှာ "ချစ်သမျှကို မြင့်မိုရ်ရွှေတောင်လုံး သာပလေ။ လေးဆူဒီပါ သီတာရေမြေဆုံးစေတော့လေး။ အို ... ဘယ်မမုန်းပါတော့နိုင်၊ ကပ်လုံးဆုံး တိုင်တိုင်။ ရိုးညာပိုင်၊ အုံးပြိုင် သဋ္ဌာကြွေ့မှာ လှလေ၊ ကြိုးမည်နောင်တာ၊ ရိုးပြာမြေဝယ်မြေ့စေတော့လေး။ မှန်သရွေ့ကိုလ၊ ဖန်စေ့ငယ်ရေရေ၊ ကိုးဂုဏ်ရှင့်၊ ဂူတော်မွေ၊ တူမသွေ၊ ပါစေမယ်နှင့်သား ...။ လှစ်ကျူးမြွက်ကြား ဝှက်မထား မြတ်ရှင်ပင်တန်ခိုးအား။ မခြားသိစေကြောင်း၊ ပန်ထွာတည့် ခဝပ်ညောင်း။ တူပြိုင်၊ ဂူလိုဏ်၊ စကားသစ္စာခိုင်။ သံသာလေကမ်းတိုင်၊ တူပြိုင်ကူးမယ်၊ ဆုထူးငယ် ပန်ရှုယ်သွန်း။ ချစ်လို့ရယ်မကုန်၊ ဝသုန်ဤမြေ၊ သိကြားစေ သက်သေညွှန်း။ ပုံ့မွှန်းမွှေးလှိုင်ကြူ လေတည့်မှ၊ သုံးလူ့ထွတ်မှန်ကူ။ မတူလေ ပြိုင်နှုန်းကင်း၊ ခြောက်ဖြာစုံရောင်ဖြိုးလင်း။ သဖြန်။ ချစ်ချင်းငယ်ပြိုင်၊ မြစ်မင်းပိုင်အဏ္ဏဝါက၊ ပြန်တရာကဲ။ ယွင်းစေဝသုန်၊ ငွေဝန်းသော်တာ ယုန်သို့၊ ကမ္ဘာကုန်ကျယ်သရွေ့ငယ်မှာ၊ ဘယ်မေ့လိမ့်လဲ။" ဟူ၍ဖြစ်သည်။

**နန်းမတော်မမြလေး**

မမြလေးကို ၁၁၇၁ ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၂ ရက် တနင်္လာနေ့တွင် ဖွားမြင်သည်။ ငယ်နာမည် မမြကြုတ်ဖြစ်ပြီး ဖခင် မင်းပျံ့ချီ ဦးကိုဦးနှင့် မိခင် ဒေါ်အိတို့က ဟင်္သာတမြို့တွင် ဖွားမြင်သည်။ အင်္ဂလိပ်-မြန်မာ ပထမစစ်အပြီး စစ်ပြေငြိမ်းရေး "ရန္တပို"စာချုပ် ချုပ်ဆိုရန် သာယာဝတီမင်းသားသည် နေ့ဖြူသို့ ချီတက်လာခဲ့ရာ ဟင်္သာတသို့အရောက်တွင် ရုပ်ရည်ချောမောလှပသည့် မမြလေးကိုတော်ကောက်ခဲ့သည်။ ရွှေလောင်းတိုက်ကိုစားစေ၍ အိမ်ရှေ့မိဖုရားအရာပေးကာ မြောက်အိမ်တော်တွင် စံစေခဲ့သည်။ သာယာဝတီမင်းသားသည် အသက်ငယ်ရွယ်နုပျိုပြီး ချစ်စရာကောင်းသော မမြလေးကိုအစောပိုင်းတွင် ကောင်းစွာချီးမြှောက်ခဲ့ပေသည်။ အိမ်ရှေ့မိဖုရားဘဝတွင် မမြလေးသည် သားတစ်ဦး(ငယ်ကလွန်)၊ ၁၁၉၅ ခုနှစ်တွင် လှိုင်ထိပ်ခေါင်တင်(မဖွားကြီး)နှင့် ထို့နောက် အမြွှာသားနှစ်ဦး (ငယ်ကလွန်)တို့ကို ဖွားမြင်တော်မူသည်။ သာယာဝတီမင်းသားက ဘကြီးတော်မင်းကိုနန်းချ၍ ထီးနန်းသိမ်းပိုက်လိုက်သောအခါ မမြလေးသည်လည်း သီရိမဟာသုရတနာစန္ဒာဒေဝီဘွဲ့ဖြင့် အနောက်နန်းမိဖုရားဖြစ်လာခဲ့ကာ ဟင်္သာတမြို့ကို စားရသည်။

**ပြည်မင်းသား အရေးတော်**

သာယာဝတီမင်းသည် သူ၏ရေတပ်ဖြင့် ရန်ကုန်သို့ စုန်ဆင်းရာတွင် အလယ်နန်းမိဖုရားက ဖွားမြင်၍ လက်ရုံးရည်၊ နှလုံးရည်နှင့်ပြည့်စုံသည့် ပြည်မင်းသားကို အိမ်ရှေ့မင်းတို့စီးသော ဥဒေါင်းငှက်ရုပ်ဖောင်တော်တွင်စီးစေ၍ ရေတပ်ရှေ့ဆုံးမှ ဦးဆောင်ချီတက်စေခဲ့သည်။ သာယာဝတီမင်းက တပ်အလယ်တွင်လိုက်ပါ၍ တပ်နောက်ဝင်းတွင် ပုခန်းမင်းသားက ကွပ်ကဲကာ လိုက်ပါခဲ့ကြသည်။ ထိုသို့သွားစဉ် နန်းမတော်မမြလေးသည် ရန်ကုန်၌ ရွှေတိဂုံဘုရားအနောက်ဘက်မုခ် စောင်းတန်းများအတွက် သစ်နှင့် အလှူငွေများ လှူဒါန်းခဲ့သေးသည်။ ပုဂံထိပ်ထားဘုန်းတော်ဘွဲ့ပတ်ပျိုးသည် ဤသိင်္ဂုတ္တရကုန်းတော်အမြင့်မှနေ၍ အရပ်လေးမျက်နှာသို့ ရှုမျှော်ရာ၌ မျက်ဝါးထင်ထင် တွေ့မြင်နေရသော ရှုခင်းအထွေထွေ၊ ရေမြေတောတောင်များကို ရှုစားဖွဲ့နွဲ့ထားခဲ့ခြင်းဖြစ်သည်။ သာယာဝတီမင်းသည် စစ်ကိုင်းမှ အမရပူရသို့ နန်းတော်နေရာပြောင်းစဉ် ယာယီဥက္ကလာပ စံနန်းတော်တွင် မြဝတီမင်းကြီး၊ ပြင်စည်မင်းသားကြီးနှင့် အနောက်နန်းမိဖုရား မမြလေးတို့၏ သီချင်းကဗျာဂီတ အဖွဲ့အနွဲ့တို့ကို ဖတ်ရွတ်သီဆိုမှုပြုကြရာ နန်းတွင်းသား၊ နန်းတွင်းသူတို့၏ နှုတ်ဖျားတွင် ပြည်မင်းသား၏သီချင်းတစ်ပုဒ်ကလည်း ကြိုကြားကြိုကြား ပေါ်ပေါက်ခဲ့ပြန်သည်။

ရန်ကုန်မှအပြန်ခရီးတွင် မကွေးမြို့အနောက်ဘက် ရွာသာယာတွင် ညအိပ်ရပ်နားသောအခါ ပြည်မင်းသားသည် ခမည်းတော်ထံတွင် ခွင့်မပန်ဘဲ ရွှေစက်တော်သို့ ညတွင်းချင်း မြင်းနှင့်အရောက်

> ❖ မမြလေးစပ်ဆိုခဲ့သောစာများမှာ အမှန်တကယ် ခံစားစပ်ဆိုသော စာများဖြစ်ပြီး တစ်ချိန်က မင်းမျက်သင့်၍ ကြေးတိုက်အတွင်း အချုပ်ခံရစဉ်က "ချစ်သမျှကို"ဟူသောပတ်ပျိုးကို ရေးသားဆက်သွင်းခဲ့ရာ လွတ်စေဟုပင် ချမ်းသာရခဲ့ဖူးသည်။ ရေးဖွဲ့ခဲ့သော စာကဗျာများမှာ မျှော်တော်ယောင်ပတ်ပျိုး၊ အလွမ်းပတ်ပျိုး၊ စိန်ခြယ်ခြူးသန်းပတ်ပျိုး၊ ပုဂံထိပ်ထားဘုန်းတော်ဘွဲ့ပတ်ပျိုး၊ နဝရတ်ရောင်စုံပတ်ပျိုး၊ မျှော်တော်ယောင်မောင်ဘွဲ့ပတ်ပျိုး၊ တောတောင်ဘွဲ့ပတ်ပျိုး၊ မယ်ဘွဲ့ပတ်ပျိုး၊ မြိုင်တွင်းကသာတေးဘွဲ့သီချင်း၊ နန်းမြေနှင့်ကွာ တေးဘွဲ့သီချင်းတို့အပြင် တေးထပ်၊ လေးချိုး၊ တြိချိုး၊ ဒွေးချိုး၊ ဘုန်းတော်ဘွဲ့သီချင်းခံတို့ဖြစ်ကြသည်။ ❖

သွား၍ဖူးသည်။ နံနက်အရုဏ်တက်အမီအရောက် ပြန်လာသော်လည်း ကျပင်းမိဖုရားခေါင်ကြီးက ဘုရင်ကို "ပြည်မင်းသားသည် နန်းလုလို၍ ရွှေစက်တော်တွင် အချိန်းအချက်သွားလုပ်ခြင်းပါ"ဟု ကုန်းချောစကား နားသွင်းထားပြီးဖြစ်သည်။ နေပြည်တော်ရောက်သောအခါ ပြည်မင်းသားသည် အိမ်ရှေ့မင်းသားအဖြစ် လျာထားခြင်း ပျက်ပြယ်သည်သာမက လွှတ်တက်မင်းသားကြီးအဆင့်မှပင် လျှောကျခဲ့ရသည်။ ၁၂၀၇ ခုနှစ်တွင် ပြည်မင်းသားအရေးတော်ပုံ ပေါ်ပေါက်လာခဲ့သည်တွင် မိဖုရားကြီးနှင့် ၎င်း၏သားတော်ပုဂံမင်းသား အပါအဝင်မနာလိုသူတို့က နန်းမတော်မမြလေးသည် ပြည်မင်းသားနှင့် နှလုံးစိတ်ဝမ်းမကွဲသည့် ကြံရာပါဖြစ်သည်ဟု ကုန်းချောကြလေသည်။ ဖော်ထုတ်စစ်ဆေးသောအခါတွင် အနောက်နန်းမတော်မမြလေးမှာ အဆက်အသွယ်ရှိနေကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် ထုံးစံနှင့်အညီ ၁၂၀၇ ခုနှစ် သီတင်းကျွတ်လဆန်း ၁၂ ရက်တွင် စီရင်ခံခဲ့ရပြီး လွန်ချိန်တွင် သက်တော် ၃၆ နှစ်သာရှိသေးသည်။ သူ၏မယ်တော် ဒေါ်အိနှင့်အတူ စီရင်ခံရခြင်းဖြစ်သည်။

**မမြလေး၏စာ**

မမြလေးစပ်ဆိုခဲ့သောစာများမှာ အမှန်တကယ် ခံစားစပ်ဆိုသော စာများဖြစ်ပြီး တစ်ချိန်က မင်းမျက်သင့်၍ ကြေးတိုက်အတွင်း အချုပ်ခံရစဉ်က "ချစ်သမျှကို"ဟူသောပတ်ပျိုးကို ရေးသားဆက်သွင်းခဲ့ရာ လွှတ်စေဟုပင် ချမ်းသာရခဲ့ဖူးသည်။ ရေးဖွဲ့ခဲ့သော စာကဗျာများမှာ မျှော်တော်ယောင်ပတ်ပျိုး၊ အလွမ်းပတ်ပျိုး၊ စိန်ခြယ်ခြူးသန်းပတ်ပျိုး၊ ပုဂံထိပ်ထားဘုန်းတော်ဘွဲ့ ပတ်ပျိုး၊ နဝရတ်ရောင်စုံပတ်ပျိုး၊ မျှော်တော်ယောင်မောင်ဘွဲ့ပတ်ပျိုး၊ တောတောင်ဘွဲ့ပတ်ပျိုး၊ မယ်ဘွဲ့ပတ်ပျိုး၊ မြိုင်တွင်းကသာ တေးဘွဲ့သီချင်း၊ နန်းမြေနှင့်ကွာ တေးဘွဲ့သီချင်းတို့အပြင် တေးထပ်၊ လေးချိုး၊ တြိချိုး၊ ဒွေးချိုး၊ ဘုန်းတော်ဘွဲ့သီချင်းခံတို့ဖြစ်ကြသည်။ ဣန္ဒာဝုဓနန်တွင်းဇာတ်တော်ကြီးကိုလည်း အနောက်နန်းမတော် မမြလေးကပင် ရေးသားသီကုံးခဲ့သည်ဟု အဆိုရှိသည်။ ပတ်ပျိုးဟူသည်မှာ သီချင်းခံဖြင့် ပမာဏပြုပြီးနောက် ပတ်သာဗုံမောင်းတို့ဖြင့် အစပျိုး၍သီဆိုရသောသီချင်းဖြစ်သည်။

**လှိုင်ထိပ်ခေါင်တင်**

လှိုင်ထိပ်ခေါင်တင်မင်းသမီးမှာ အနောက်နန်းမိဖုရားမမြလေးက ၁၁၉၅ ခုနှစ်တွင် ဖွားမြင်ပြီး ငယ်မည်မှာ မဖွားကြီးဖြစ်သည်။ ၁၁၉၉ ခုနှစ်တွင် သမီးတော် လှိုင်ထိပ်ခေါင်တင်ကို သီရိသုမြတ်စွာရတနာဒေဝီဘွဲ့နှင့် လှိုင်မြို့ကို အပိုင်စားပေးသနားတော်မူသည်။ မယ်တော်မမြလေး ကွပ်မျက်ခံရသောအခါ လှိုင်ထိပ်ခေါင်တင်မှာ အသက် ၁၂ နှစ်မျှသာရှိသေး၍ မင်းတုန်းမင်း၏မိဖုရားက ကောက်ယူကျွေးမွေးထားခဲ့သည်။ ၁၂၁၄ ခုနှစ်တွင် မင်းတုန်းမင်းတရားကြီး နန်းတက်တော်မူပြီး ၁၂၁၅ ခုနှစ်တွင် ကနောင်မင်းသားနှင့် လှိုင်ထိပ်ခေါင်တင်မင်းသမီးတို့ကို လက်ထပ်ထိမ်းမြားစေ၍ ညီတော်ကို အိမ်ရှေ့အရာပေးသဖြင့် လှိုင်ထိပ်ခေါင်တင်မှာလည်း အိမ်ရှေ့မင်း၏မိဖုရားဖြစ်လာသည်။ ထန်းတစ်ပင်မင်းသားဟူသော သားတော်တစ်ပါးထွန်းကားခဲ့ပြီး ထိုမင်းသားသည်လည်း ၁၂၄၀ ပြည့်နှစ် သီပေါမင်းလက်ထက်တွင် ထောင်၌ကွယ်လွန်သည်။ ၁၂၂၈ ခုနှစ် မြင်းကွန်းမြင်းခုံတိုင် အရေးတော်ပုံတွင် မောင်တော်ကနောင်မင်းသားနတ်ရွာစံလေသည်။

**ဘောလယ်**

လှိုင်မင်းသမီးသည် ကဗျာ၊ လင်္ကာ၊ ပတ်ပျိုး၊ သီချင်းကြီး၊ သီချင်းခံ၊ ယိုးဒယား၊ ဘောလယ်၊ တေးထပ်တို့ကို စီကုံးရေးသားရာ၌ ထီးသုံးနန်းသုံး အနှုန်းအဖွဲ့ယဉ်ကျေးလှသောကြောင့် မယ်တော်ကဲ့သို့ပင် စာဆိုလောကတွင် ကျော်စောထင်ရှားလေသည်။ "ဘောလယ်"ဟူသောအဖွဲ့အနွဲ့မှာ လှိုင်မင်းသမီးက စတင်တီထွင်ခဲ့သော သီချင်းဆန်းဟုပင် ဆိုကြပေသည်။ ထိုသီချင်းမျိုးကို စည်းဝါးလွတ်၍ လည်းကောင်း၊ တူရိယာနှင့်တွဲဖက်၍ လည်းကောင်း သီဆိုနိုင်သည်။ ကနောင်မင်းသားသည် ကိုယ်လုပ်တော်များနှင့်သာနေတတ်ရာ ထိုအခါများတွင် လှိုင်မင်းသမီးသည် မောင်တော်ကို မျှော်ခေါ်တမ်းတ၍နေရကြောင်းကို ဘောလယ်များ ရေးစပ်၍ ဆက်သွင်းလေ့ရှိသည်။ မင်းသားသည် ဘောလယ်ကို ဖတ်ရသည့်အခါ လှိုင်မင်းသမီးအပေါ်၌ သနားကရုဏာ သက်ရောက်တော်မူပြီးလျှင် ပြန်လည်ယုယပိုက်ထွေးသည်ဟုဆိုသည်။ ဤသည်ကိုထောက်၍ မင်းသမီး၏အဖွဲ့အနွဲ့စာသားတို့မှာ သဘောပြန်လည်လာလောက်အောင် ကောင်းမွန်သည်ဟု သိနိုင်ပေသည်။

"စိန်ခြူးကြာညောင်" ချီဘောလယ်ဖြင့် မောင်တော်မင်းသားကို မိမိဘက်သို့ စိတ်လည်လာအောင် ချော့မြှူနိုင်ပုံ၊ မောင်တော်က မျက်မာန်တော်ရှသည့်အခါ မိမိမှာအပြစ်မရှိကြောင်း၊ တစ်ပါးသူတို့ ကုန်းတိုက်ပြောဆိုခြင်းများကို ယုံတော်မမူသင့်ကြောင်းများကို "နာဂဆဒ္ဒန်"၊ "ပဏ္ဍုသေလာ" အစချီသော ဘောလယ်များဖြင့် ဖျောင်းဖျနိုင်ပုံတို့ကိုကြည့်လျှင် လှိုင်မင်းသမီးသည် စာဆိုမှုဖြင့် သူတစ်ပါးစိတ်ကို ဆွဲဆောင်နိုင်ကြောင်း ထင်ရှားစေသည်။ ထို့ပြင် "ပုလဲမြိတ်စုံ"ချီ ဘောလယ်၊ "ထုံပန်းမာလာ"ချီ ဘောလယ်၊ "ရှုလဲသာထွေ"ချီ ဘောလယ်၊ "ပြဒုငယ်ချပ်ရံ" ချီ ဘောလယ်၊ "ပန်းသည်လယ်"ချီ ပတ်ပျိုး၊ "ညဥ့်သုံးယံခါ"ချီ ပတ်ပျိုးနှင့် "ရေယမုန်"ချီ ပတ်ပျိုး စသည်တို့ကိုလည်း ဖွဲ့နွဲ့သီကုံးခဲ့သည်။ လှိုင်မင်းသမီးသည် ဝိဇယကာရီနှင့် ဣန္ဒာဝံသ နန်းတွင်းဇာတ်တော်ကြီး နှစ်စောင်ကိုလည်း ရေးသားခဲ့သေးသည်။ လှိုင်မင်းသမီးသည် ၁၂၃၇ ခုနှစ် ပြာသိုလဆန်း ၅ ရက် သက်တော် ၄၂ နှစ်တွင် ကွယ်လွန်လေသည်။

**စိန်ခြူးကြာညောင်**

"စိန်ခြူးကြာညောင်" အစချီသီချင်းသည် လှိုင်ထိပ်ခေါင်တင်က သူ့၏မောင်တော် ကနောင်မင်းသားကိုစောင့်မျှော်ရင်း ရေးသားဖွဲ့နွဲ့ခဲ့သော "ဘောလယ်" ဟူသည့် တေးအမျိုးအစားဖြစ်သည်။ ထိုတေးမှာ "စိန်ခြူးကြာညောင်၊ လရောင်လင်းပါလို့၊ မှန်ရွှေပြတင်းရယ်က၊ မယ်ခုမျှော်၊ သုံးချက်စည်တော်၊ ရိုက်ဆော်ညှင်းတယ်လေး၊ လင်းရွှေကြက်ဆော်။ ။ သဇင်သင်းပါတဲ့၊ ခင်းပြန့်ပေါ်၊ လာနိုးငယ် မယ်မျှော်လို့၊ တစ်ကိုယ်တော်ထူး၊ ထွေရာစိတ်ကူးပါလို့၊ ဖူးရွှေလက်တင်၊ ဖြစ်ရေးကုန်စင်၊ ဘဝင်တုန်ဆွေးတယ်လေး၊ တွေးကြံလိုက်ရင်။ ။ သစ္စာတော်စူးပါစေ့၊ ဆိုဦးကပင်၊ ကြော့ဆုံးမောင်ကြင်ငဲ့၊ ရာသက်တွင်ပဲ၊ နောင်သွေမလွဲပါဟု ယုံတော့မေ၊ ပြဒုဆောင်ဘွေ၊ သီဟာတင့်တယ်လေး၊ စိုးညာမြင့်နေ။ ။ နတ်ဒေဝီဖြားသော်လဲ၊ တစ်ပါးကိုမသွေ၊ ရှစ်ဖြာဟမ္ဘာခြွေပါလို့၊ အောင်ဇေယျာညွှန်း၊ မတ်ခြွေရွှေဝန်းငယ်နှင့် ရေသွန်းတော်ခံ၊ မဟေသီမှန်၊ ဒေဝီထပ်တယ်လေး၊ ဦးဆယ်ထပ်ရံ။ သည်မယ် ထင်စားပါလို့၊ ကြင်အားငယ်သန်၊ ခုမျှားမှာ၊ သူတညာဏ်နဲ့ မူဟန်တော်ခြား၊ ပြုတော်မူအားသူမို့၊ မျက်ထားတော်မှုန်၊ မသိပြင်ပြင်၊ အရင်သူ စိမ်းတယ်လေး၊ ပိန်းပိတ်လို့ခြုံ။ ။ အချစ်ကိုယုံ၊ ပုံပါငဲ့အလုံး၊ ရှောင်လွှဲနေပျော်လို့၊ မကြည်သော် မျက်တော်ဖုံးတယ်၊ ဘယ်တွက်ကြောင့်မုန်း။ ။ "ဟူ၍ဖြစ်သည်။

စာမျက်နှာ ၅ သို့ á

# လမ်းလျှောက်ခြင်းဖြင့် ဦးနှောက်ကြည်လင်လန်းဆန်းစေနိုင်သည်



လမ်းလျှောက်ခြင်းဟာ မိမိတို့ရဲ့ ဦးနှောက်တွေအတွက် အကျိုးကျေးဇူးများစွာ ပေးစွမ်းတယ်လို့ သုတေသနတစ်ခုမှာ ဖော်ပြထားပါတယ်။

လမ်းလျှောက်တဲ့ အခါမှာ အန်ဒေါ်ဖင်လို့ခေါ်တဲ့ ဟော်မုန်းတစ်မျိုးထွက်ရှိမှု မြင့်တက်လာပါတယ်။ အဲဒီဟော်မုန်းက နာကျင်မှုဝေဒနာကို သက်သာစေတဲ့ဟော်မုန်းပါ။ အန်ဒေါ်ဖင် ဟော်မုန်းထွက်ရှိလေ မိမိတို့မှာ ရှိတဲ့ စိတ်ဖိစီးမှုတွေ လျော့ကျလေဖြစ်ပါတယ်။

ဒါ့အပြင် အဲဒီဟော်မုန်းက ဦးနှောက်ရဲ့ အလုံးစုံကျန်းမာရေးကို အထောက်အပံ့ဖြစ်စေတဲ့အပြင် ဒီမန်းရှားလို့ခေါ်တဲ့ မှတ်ဉာဏ်ချို့ယွင်းရှုံးသွပ်ခြင်းရောဂါနဲ့ အယ်ဇိုင်းမားရောဂါတို့ ဖြစ်ပွားနိုင်ခြေကိုတောင်မှ လျှော့ချပေးနိုင်ပါတယ်။

# ကသာခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ပြောင်းကေအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး



**ကသာ ဒီဇင်ဘာ ၁**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သောပြောင်းကေအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ကသာခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကသာခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပြောင်း ၆၇၇၄ ကေထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးထားသောပြောင်းစိုက်ခင်းများကို ယခုနှစ် ဩဂုတ်လမှစတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် အစေ့ထုတ်ပြောင်း ၂၁၇၆ ကေနှင့် ဖူးစားပြောင်း ၄၅၉၈ ကေ စုစုပေါင်း ၆၇၇၄ ကေ ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး အစေ့ထုတ်ပြောင်း တစ်ကေလျှင် ၅၁ ဒသမ ၄၈ တင်းနှင့် ဖူးစားပြောင်း တစ်ကေလျှင် ပြောင်းဖူးရေ ၁၅၀၀၀ ကျော် ထွက်ရှိကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီက ကသာခရိုင်မှာ ပြောင်း ၆၇၇၄ ကေထိ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီ စိုက်ပျိုးထားတဲ့ ပြောင်းခင်းတွေ လက်ရှိအချိန်မှာတော့ ကေအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီ ဖြစ်ပါတယ်။ ပြောင်းသီးနှံတွေ အောင်မြင်ဖြစ်ထွန်းဖို့၊ ပိုးမွှား ရောဂါကျရောက်မှုမရှိစေဖို့ အသိပညာပေးခဲ့ပါတယ်"ဟု ကသာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်မြတ်မြတ်ဦးက ပြောပြသည်။

ကသာခရိုင်တွင်မြို့နယ်အလိုက် ပြောင်းရိတ်သိမ်းပြီးစီးမှုအနေဖြင့် ကသာမြို့နယ်တွင် အစေ့ထုတ်ပြောင်း ၁၈၉၈ ကေ၊ ဖူးစားပြောင်း ၂၉၇၆ ကေ၊ အင်းတော်မြို့နယ်တွင် ဖူးစားပြောင်း ၉၅၅ ကေ၊ ထီးချိုင့်မြို့နယ်တွင် အစေ့ထုတ်ပြောင်း ၂၇၈ ကေ၊ ဖူးစားပြောင်းကေ ၂၁၀၊ ဗန်းမောက်မြို့နယ်တွင် ဖူးစားပြောင်း ၄၅၇ ကေ စုစုပေါင်း ၆၇၇၄ ကေဖြစ်ကြောင်း သိရသည်။

ကသာခရိုင်တွင် ပြောင်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက သင်တန်းပေးခြင်း၊ ကွင်းသရုပ်ပြပွဲများဆောင်ရွက်ခြင်း၊ ဖောငမြှောင်တောင်ပိုးကြိုတင်ကာကွယ်ရေးနှင့် စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ပြောင်းသီးနှံကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ပြောင်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်ခင်မြတ်မြတ်ဦးက ပြောပြ၍ သိရသည်။

(၂၀၆)

## မျိုးချစ်စိတ်ရှိဖို့

- လမ်းမှန်ကို ကူထိန်းဖေး
လမ်းမှားမတွေး စိတ်ခေါတ်မှာ၊
အရာရာ စူးစမ်းတတ်
ထွက်မြတ်သာသယာ၊
ကြိုးစားခွဲ ရှိဖို့ရာ
သင်ကြပါ ပို့ချထား၊
ယနေ့လူငယ် နောင်လူကြီးမို့
စည်းကမ်းကျင့်ပွား။

- ရင်သွေးတွေ နှလုံးသား
ရှင်သန်အား ရှိဖို့ရယ်၊
သမိုင်းကို သင်ကြားမပြတ်
တတ်သိပါမယ်၊
အမျိုးချစ်စိတ် ရင်ထဲဝယ်
ရှိဖို့ရှယ် အလေးပေး၊
တို့နိုင်ငံ တိုးတက်ကောင်း
ပေါင်းကူးစို့လေး။

- မျိုးဆက်တွေ နှလုံးသွေး
နီစွေးလို့ ရဲရင့်ရန်၊
အမျိုးဂုဏ် ဇာတိစိတ်
ထိပ်ဆုံးရှိမှန်၊
ရိုးရာဓလေ့ အမွေခံ
တို့နိုင်ငံ ဂုဏ်မညှိုး၊
မြန်မာပြည် အနာဂတ်လမ်းကို
ထမ်းရွက်သယ်ပိုး။ ။

**မောင်မျိုးချစ်(အညာမြေ)**

# ဝမ်းတွင်းမြို့နယ် နတ်ကန်အရှေ့ကျေးရွာ၌ RBF စီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ဝမ်းတွင်း ဒီဇင်ဘာ ၁**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် စတင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် နတ်ကန်အရှေ့ကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်းလုပ်ငန်းစီမံကိန်း (RBF) လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက နတ်ကန်အရှေ့ကျေးရွာ၌ RBF စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် လအလိုက်ဖြည့်သွင်းရမည့်ငွေစာရင်းပုံစံများ ပြည့်စုံမှန်ကန်မှု ရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးက ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်းလုပ်ငန်းစီမံကိန်း (RBF)နှင့် ပတ်သက်၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ နတ်ကန်အရှေ့ကျေးရွာ၌ နို့စားနွားမွေးမြူရေးလုပ်ငန်းကို အစုအဖွဲ့စနစ်ဖြင့်ဆောင်ရွက်သော ရှေ့ဆောင်အဖွဲ့၊ လမ်းပြအဖွဲ့၊ စံပယ်အဖွဲ့နှင့် ချမ်းသာအဖွဲ့တို့ကို RBF စီမံကိန်းရန်ပုံငွေကျပ်သိန်း ၃၀၀ ထုတ်ချေးပေးထားကြောင်း ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးက ပြောပြ၍ သိရသည်။

**အောင်ရဲကျော်**

á စာမျက်နှာ ၄ မှအဆက်

စိန်ခြူးကြာညောင်ချီ ဘောလယ်တွင် စိန်ခြူးကြာညောင်၊ လရောင်လင်းပါလို့၊ မှန်ရွှေပြတင်းရယ်က၊ မယ်ခုမျှော်ဟု အခံပိုဒ်ပြုပြီးနောက် သုံးချက်စည်တော်၊ ရိုက်ဆော်ညှင်းတယ်လေး၊ လင်းရွှေကြက်ဆော်ဟု အအုပ်ပိုဒ်ဖြင့် ချထားလေသည်။

ထို့အတူပင် ကျန်အချိုးများ၌လည်း ဖူးရွှေလက်တင်နှင့် အဆုံးသတ်သောအခံပိုဒ်ကို တွေးကြံလိုက်ရင်နှင့် အဆုံးသတ်သော အအုပ်ပိုဒ်နှင့်လည်းကောင်း၊ ယုံတော့မေနှင့် အဆုံးသတ်သောအခံပိုဒ်ကို စိုးညာမြင့်နေနှင့် အဆုံးသတ်သော အအုပ်ပိုဒ်ဖြင့်လည်းကောင်း၊ ရေသွန်းတော်ခံနှင့် အဆုံးသတ်သော အခံပိုဒ်ကို ဦးဆယ်ထပ်ရံနှင့် အဆုံးသတ်သော အအုပ်ပိုဒ်ဖြင့်လည်းကောင်း၊ မျက်ထားတော်မှုန်နှင့် အဆုံးသတ်သော အခံပိုဒ်ကို ပိန်းပိတ်လို့ခြုံနှင့် အဆုံးသတ်သော အအုပ်ပိုဒ်ဖြင့်လည်းကောင်း စီကုံးထားသည်ကို တွေ့ရပေမည်။ စပ်ဆိုရာတွင် ပထမပါဒကို အက္ခရာလေးလုံးဖွဲ့၍ ဂရုသံဖြင့် ချီပြီးလျှင် အဆုံးပါဒတွင်လည်း အက္ခရာလေးလုံးဖြင့်ပင်ဖွဲ့ကာ သံလျော့ခေါ် ဂရုသံနှင့်ပင်ချရလေသည်။

ဘောလယ်ကဗျာသည် အများအားဖြင့် အချိုးငါးချိုးရှိပြီးလျှင် အဆုံးတွင် ပတ်ပျိုး၊ သီချင်းခံကြီးများကဲ့သို့ သဖြန်နှင့်အဆုံးသတ်သည်ကို တွေ့ရသည်။ အချိုးလေးချိုး၊ ခြောက်ချိုး၊ ခုနစ်ချိုးများလည်းရှိကာ သဖြန်နှင့် အဆုံးမသတ်သည်များလည်းရှိကြသည်။ အချိုးငါးချိုးစလုံး၌ပင် အစချီသော ဂရုကာရန်နှင့် အဆုံးသတ်သော ဂရုကာရန်တို့ကို ညီညွတ်မှန်ကန်စေရသည်။ အချိုးတိုင်း၏ အအုပ်ပိုဒ်များတွင် "လေး" ဟူသော အက္ခရာအမြဲပါရလေသည်။ ဘောလယ်၏ အခြားထူးခြားချက်တစ်ခုမှာ အချိုးတစ်ခုနှင့်တစ်ခု ကာရန်ဆက်စပ်နေခြင်းပင်ဖြစ်သည်။ စိန်ခြူးကြာညောင်ချီဘောလယ်ကိုပင် ပုံစံအားဖြင့်ကြည့်လျှင် ပထမချိုးတွင် လင်းရွှေကြက်ဆော်ဟုချ၍ ဒုတိယအချိုးတွင် ခင်းပြန့်ပေါ်နှင့် ချီသည့် အချီအချမျိုးများဖြစ်သည်။ ဤကား ရိုးရိုးဘောလယ်ဖြစ်ပြီး ကာရန်နဘေပိုဒ်ပေါင်းများစွာဖြင့် တွန့်၍ကွန့်၍ရေးစပ်သော ထပ်တွန့်ဘောလယ်များလည်း ရှိသေးသည်။ မည်သို့ပင်ဆိုစေကာမူ ပတ်ပျိုး၊ ဘောလယ်တို့ဖြင့် လက်စွမ်းပြလွမ်းထားသည့် ထိုအမေနှင့် ထိုသမီးတို့၏ ထိုအလွမ်းတို့သည် ရာဇဝင်တွင်ကျန်ရစ်နေဦးမည်မှာ အမှန်ပင်ဖြစ်ပေတော့သည်။

**ကိုးကား**

- **ဦးဖေမောင်တင်၏ မြန်မာစာပေသမိုင်း**
- **ဒေါ်မမကြီး၏ အမျိုးသမီးစာဆိုတော်များအတ္ထုပ္ပတ္တိနှင့် ၎င်းတို့ရေးကဗျာများ**
- **ဒဂုန်ခင်ခင်လေး၏ ရတနာပုံနိဒါန်းနှင့်နိဂုံး**

## နိုင်ငံတကာ သတင်းများ

# မနခွန်ကောက်ခံရေးဥပဒေကြမ်းကို ဆွစ်ဇာလန်ပြည်သူများ ငြင်းပယ်

**ဇူးရစ် ဒီဇင်ဘာ ၁**

ချမ်းသာကြွယ်ဝသူများ ထံမှ မနဥစ္စာခွန်ကောက်ခံရန် အဆိုပြုထားသည့် ဥပဒေကြမ်းတစ်ရပ်ကို ဆွစ်ဇာလန် ပြည်သူများက နိုဝင်ဘာ ၃၀ ရက်တွင် ငြင်းပယ်ခဲ့ကြောင်း Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အဆိုပါ ဥပဒေကြမ်းတွင် ဆွစ်ဖရန့်ငွေ သန်း ၅၀(အမေရိကန်ဒေါ်လာ ၆၂ သန်း)နှင့် အထက် အမွေခံရရှိထားသူများထံမှ မနဥစ္စာခွန် ၅၀ ရာခိုင်နှုန်း ကောက်ခံရန် အဆိုပြုထားသည်။

အလားတူ ယင်းသို့ ကောက်ခံရရှိသည့် အခွန်အကောက်များကို ရာသီဥတုပြောင်းလဲမှု ပြဿနာကိုင်တွယ်ရေး စီမံချက်အတွက် အသုံးပြုရန်လည်း အဆိုပါဥပဒေကြမ်း၌ အတည်ပြုထားသည်။

သို့ရာတွင် နိုဝင်ဘာ ၃၀ ရက်တွင် ကျင်းပခဲ့သည့် လူထုဆန္ဒခံယူပွဲ၌ ဆွစ်ဇာလန်ပြည်သူမဲဆန္ဒရှင် ၇၈ ရာခိုင်နှုန်းတို့က ကန့်ကွက်မဲများပေးခဲ့ကြကြောင်း သိရသည်။

ဆွစ်ဇာလန်နိုင်ငံ၌ ဆွစ်ဖရန့်ငွေ သန်း ၅၀ နှင့်အထက် ပိုင်ဆိုင်သူဦးရေ ၂၅၀၀ ခန့်ရှိပြီး ၎င်းတို့၏ စုစုပေါင်း ပိုင်ဆိုင်မှုတန်ဖိုးမှာ ဆွစ်ဖရန့် ဘီလီယံ ၅၀၀ ကျော်ထိ ရှိသည်။

လူချမ်းသာများထံမှ မနဥစ္စာခွန်ကောက်ခံမည့်ဥပဒေကြမ်းကြောင့် ချမ်းသာကြွယ်ဝသူများ ဆွစ်ဇာလန်နိုင်ငံမှ အစုလိုက် အပြုံလိုက် ထွက်ခွာသွားနိုင်သည်ဟု ဆွစ်ဇာလန်အစိုးရက ပြောကြားထားကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**



# ရုရှားသမ္မတပူတင်က တရုတ်နိုင်ငံသားခရီးသွားများအတွက် ရုရှားနိုင်ငံသို့ ဗီဇာမဲ့ ရက် ၃၀ ပြည်ဝင်ခွင့်ပေးအပ်



**မော်စကို ဒီဇင်ဘာ ၁**

တရုတ်နိုင်ငံသား ခရီးသည်အများအပြားအတွက် ရုရှားနိုင်ငံသို့ ဗီဇာမဲ့ ရက် ၃၀ ဝင်ရောက်ခွင့်ပေးထားသော အထူးအမိန့်ဒီဂရီတစ်ရပ်ကို ရုရှားသမ္မတပူတင်က ယနေ့တွင် လက်မှတ်ရေးထိုးခဲ့ကြောင်း RT သတင်းဌာနက ဖော်ပြခဲ့သည်။

သမ္မတပူတင်၏ အဆိုပါ အထူးအမိန့်ဒီဂရီအရ ရုရှားနိုင်ငံသို့ ဗီဇာမဲ့ ဝင်ရောက်ခွင့်ရှိသည့် တရုတ်နိုင်ငံသား ခရီးသည်များထဲတွင် အပျော်ခရီးသွားများ၊ စီးပွားရေး ခရီးသွားများ၊ ပညာရေး ခရီးသွားများ၊ အနုပညာနှင့် အားကစားခရီးသွားများလည်း ပါဝင်ကြောင်း သိရသည်။

ရုရှားသမ္မတပူတင်နှင့် တရုတ်သမ္မတရှီကျင့်ဖျင်တို့သည် ရုရှားနှင့် တရုတ် နှစ်နိုင်ငံကြား အကန့်အသတ်မဲ့ မဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေး သဘောတူညီချက်ကို ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလအတွင်းက လက်မှတ်ရေးထိုးထားသည်။

ရုရှားနိုင်ငံသား ခရီးသည်များအတွက် တရုတ်နိုင်ငံက ဗီဇာမဲ့ ပြည်ဝင်ခွင့်များ ပေးထားမှုကို တုံ့ပြန်သည့်အနေဖြင့် တရုတ်ခရီးသွားများအတွက်လည်း ရုရှားနိုင်ငံသို့ ရက် ၃၀ သက်တမ်းရှိ ဗီဇာမဲ့ ပြည်ဝင်ခွင့်ကို ပေးခဲ့ခြင်းဖြစ်ကြောင်း သမ္မတပူတင်၏ အမိန့်ဒီဂရီ၌ ဖော်ပြထားသည်။

သမ္မတပူတင်၏ အထူးအမိန့်ဒီဂရီအရ တရုတ်ခရီးသည်များအနေဖြင့် ရုရှားနိုင်ငံသို့ ဗီဇာမဲ့ ပြည်ဝင်ခွင့်အစီအစဉ်ကို ၂၀၂၆ ခုနှစ် စက်တင်ဘာ ၁၄ ရက်ထိ ရယူခံစားနိုင်မည်ဖြစ်သည်။

တရုတ်နိုင်ငံသည် မူလက ရုရှားနိုင်ငံကူးလက်မှတ် ကိုင်ဆောင်ထားသည့် ခရီးသည်များအတွက် တရုတ်နိုင်ငံသို့ ရက် ၃၀ ဗီဇာမဲ့ ပြည်ဝင်ခွင့်ကို ယခုနှစ် စက်တင်ဘာ ၁၅ ရက်မှစ၍ ပေးထားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**Ref : RT**
**Trs : KKO**

# ဝန်ဖက်ခ် အထပ်မြင့်အိမ်ရာမီးလောင်မှုအတွင်း တာဝန်ရှိသူ ၁၃ ဦးကို ဟောင်ကောင်ရဲတပ်ဖွဲ့ထပ်မံဖမ်းဆီး

**ဟောင်ကောင် ဒီဇင်ဘာ ၁**

ဝန်ဖက်ခ် အထပ်မြင့်အိမ်ရာမီးလောင်မှုနှင့်ပတ်သက်၍ တာဝန်ရှိသူများအဖြစ် ယူဆရသူ ၁၃ ဦးကို ဟောင်ကောင်ရဲတပ်ဖွဲ့က ယနေ့တွင် ထပ်မံဖမ်းဆီးထိန်းသိမ်းခဲ့ကြောင်း Xinhua သတင်းဌာနက ဖော်ပြခဲ့သည်။

ဝန်ဖက်ခ် အထပ်မြင့်အိမ်ရာ၏ အဆောက်အအုံ ရှစ်လုံးအနက် ခုနစ်လုံးတို့၌ နိုဝင်ဘာ ၂၆ ရက်က မီးလောင်မှုဖြစ်ပွားခဲ့ရာ ဟောင်ကောင်ဒေသအတွက် နှစ်ပေါင်း ၇၀ အတွင်း အပြင်းထန်ဆုံး မီးလောင်မှု ဖြစ်ခဲ့ရကြောင်း သိရသည်။

ဝန်ဖက်ခ် အထပ်မြင့်အိမ်ရာ အဆောက်အအုံများ မီးလောင်မှုကြောင့် သေဆုံးခဲ့သူအရေအတွက်မှာ ယနေ့ထိ အနည်းဆုံး ၁၅၁ ဦး ရှိလာခဲ့ပြီဖြစ်သည်။

ထို့ပြင် မီးလောင်မှုဖြစ်ပွားပြီးနောက် လူဦးရေ ၄၀ ကျော်လည်း ပျောက်ဆုံးနေဆဲ ဖြစ်ကြောင်း သိရသည်။

နိုဝင်ဘာ ၂၆ ရက်တွင် စတင်ဖြစ်ပွားခဲ့သည့် ဝန်ဖက်ခ် အထပ်မြင့်အိမ်ရာ မီးလောင်မှုသည် ၂၄ နာရီကျော် ကြာမြင့်ခဲ့ပြီး မီးသတ်သမား ၁၀၀၀ ကျော်တို့ ဝိုင်းဝန်း ငြိမ်းသတ်ခဲ့ရသည်။

ဝန်ဖက်ခ် အထပ်မြင့်အိမ်ရာတွင် တိုက်ခန်းပေါင်း ၂၀၀၀ ခန့် ပါဝင်ပြီး လူဦးရေ ၄၈၀၀ ခန့် နေထိုင်ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**



# နိုင်ဂျီးရီးယားနိုင်ငံ၌ သတို့သမီးနှင့် သတို့သမီးအရံ ၁၀ ဦး ပြန်ပေးဆွဲခံရ

**အဘူဂျာ ဒီဇင်ဘာ ၁**

နိုင်ဂျီးရီးယားနိုင်ငံ အရှေ့မြောက်ပိုင်း ကျေးရွာတစ်ရွာကို လက်နက်ကိုင်အဖွဲ့ တစ်ဖွဲ့က နိုဝင်ဘာ ၃၀ ရက်တွင် စီးနင်းတိုက်ခိုက်ခဲ့ပြီး အမျိုးသမီး ၁၃ ဦးနှင့် ကလေးတစ်ဦးတို့ကို ပြန်ပေးဆွဲခေါ်ဆောင်သွားကြောင်း Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

သေနတ်သမားများ ပြန်ပေးဆွဲခေါ်ဆောင်သွားသော အမျိုးသမီး ၁၃ ဦးထဲတွင် သတို့သမီးတစ်ဦးနှင့် သတို့သမီးအရံ ၁၀ ဦးတို့ ပါဝင်ကြောင်း နိုင်ဂျီးရီးယားတာဝန်ရှိသူများက ပြောကြားထားသည်။

ပြီးခဲ့သည့်လများအတွင်း နိုင်ဂျီးရီးယားနိုင်ငံတစ်ဝန်း အစုလိုက်အပြုံလိုက် ပြန်ပေးဆွဲခံရမှုများ ဆက်တိုက်ဖြစ်ပွားခဲ့ရာ နိုဝင်ဘာ ၃၀ ရက်ဖြစ်စဉ်မှာ နောက်ဆုံးဖြစ်ပွားခဲ့သည့် ဖြစ်စဉ်ဖြစ်ကြောင်း သိရသည်။

သတို့သမီးနှင့် သတို့သမီးအရံများ ပြန်ပေးဆွဲခံရမှုဖြစ်စဉ်သည် ဆိုကိုတိုပြည်နယ် ကျေးရွာတစ်ရွာ၌ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ဘိုကိုဟာရမ် စစ်သွေးကြွအုပ်စုက ၂၀၁၄ ခုနှစ် ဧပြီလအတွင်း ချီဘော့ခ်မြို့မှ ကျောင်းသူ ၂၇၆ ဦး ပြန်ပေးဆွဲခံခဲ့ရပြီး နောက်ပိုင်း နိုင်ဂျီးရီးယားနိုင်ငံ၌ ပြန်ပေးဆွဲခံရမှုများ မြင့်တက်လာခဲ့သည်။

နိုင်ဂျီးရီးယား အစိုးရသည် ပြန်ပေးဆွဲမှုများ မြင့်တက်လာမှု ပြဿနာကို ကိုင်တွယ်ရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင် အင်အားမြှင့်တင်ရေးအပါအဝင် အစီအစဉ်များ ရေးဆွဲလျက်ရှိကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**

# မိုးပျံဘောလုံးများဝင်ရောက်မှုကြောင့် ဗေးလ်နီးယပ်စ်လေဆိပ်ကို ယာယီပိတ်ထားရန် လစ်သူရေးနီးယားအစိုးရ ညွှန်ကြား

**ဗေးလ်နီးယပ် ဒီဇင်ဘာ ၁**

လေဆိပ်၏ ကောင်းကင်ထက်၌ မိုးပျံဘောလုံးများ ဝင်ရောက်လာမှုကြောင့် ဗေးလ်နီးယပ်စ်မြို့ လေဆိပ်ကို နိုဝင်ဘာ ၃၀ ရက်တွင် ယာယီပိတ်ထားရန် လစ်သူရေးနီးယားအစိုးရက ညွှန်ကြားခဲ့ကြောင်း RT သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

လစ်သူရေးနီးယား နိုင်ငံသည် ပြီးခဲ့သည့် ရက်သတ္တပတ်များအတွင်း မောင်းသူမဲ့လေယာဉ်များနှင့် မိုးပျံဘောလုံးများ လေဆိပ်ကောင်းကင်ယံအတွင်း ဝင်ရောက်လာမှုကြောင့် ဗေးလ်နီးယပ်စ်နိုင်ငံတကာလေဆိပ်ကို မကြာခဏ ပိတ်ခဲ့ရဖူးသည်။

ဗေးလ်နီးယပ်စ် လေဆိပ်၏ ကောင်းကင်ဇရိယာ အတွင်းသို့ ဝင်ရောက်လာသည့် မိုးပျံဘောလုံးများမှာ စီးကရက်အတုများ သယ်ယူပို့ဆောင်ရေးအတွက် မှောင်ခိုသမားများအသုံးပြုသည့် မိုးပျံဘောလုံးများသာဖြစ်သည်။

လစ်သူရေးနီးယား ကောင်းကင်ယံအတွင်း မိုးပျံဘောလုံးများ ဝင်ရောက်လာမှု ပြဿနာအတွက် ဘယ်လာရုစ်နိုင်ငံကို အပြစ်တင်ထားသည်။

ပြီးခဲ့သည့်လများအတွင်း လစ်သူရေးနီးယားနိုင်ငံအပါအဝင် ဥရောပနိုင်ငံများရှိ လေဆိပ်များမှာ မိုးပျံဘောလုံးများနှင့် မောင်းသူမဲ့လေယာဉ်များကြောင့် လုပ်ငန်းထိခိုက်ပျက်စီးမှုများနှင့် ရင်ဆိုင်ခဲ့ရသည်။

လစ်သူရေးနီးယားနိုင်ငံသည် မိုးပျံဘောလုံးများ နယ်စပ်ဖြတ်ကျော် ဝင်ရောက်လာမှုပြဿနာကိုအကြောင်းပြု၍ ယခုနှစ် အောက်တိုဘာလအတွင်း လစ်သူရေးနီးယားနိုင်ငံနှင့် ဘယ်လာရုစ်နိုင်ငံ နယ်စပ်ပေါက်များကို ယာယီ ပိတ်ခဲ့ပြီးနောက်ပိုင်းတွင် ပြန်လည် ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

**Ref : RT**
**Trs : KKO**

# SCIENCE AND TECHNOLOGY

## နာဆာ၏ အောစီးရစ်-ရက်စ် အာကာသယာဉ်က ကမ္ဘာဂြိုဟ်နှင့်လကို ဓာတ်ပုံရိုက်ကူးခဲ့



**ဝါရှင်တန် ဒီဇင်ဘာ ၁**

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)၏ အောစီးရစ်-ရက်စ် အာကာသယာဉ်သည် ကမ္ဘာဂြိုဟ်နှင့်လကို ဓာတ်ပုံရိုက်ကူးခဲ့ကြောင်း နိုဝင်ဘာ ၃၀ ရက် သတင်းများအရ သိရသည်။

အောစီးရစ်-ရက်စ် အာကာသယာဉ်သည် ကမ္ဘာဂြိုဟ်ကို စက်တင်ဘာ ၂၃ ရက်တွင် အနီးကပ် ဖြတ်ကျော်ပျံသန်းစဉ် အဆိုပါ ဓာတ်ပုံများကို ရိုက်ကူးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အောစီးရစ်-ရက်စ် အာကာသယာဉ်သည် အပိုးဖစ်အမည်ရှိ ဂြိုဟ်သိမ်ဆီသို့ ရောက်ရှိရေးအတွက်ဒြပ်ဆွဲအားအကူအညီရယူရန် ကမ္ဘာဂြိုဟ်ကို စက်တင်ဘာ ၂၃ ရက်တွင် မိုင်ပေါင်း ၂၁၃၆ မိုင်အကွာမှ အနီးကပ်ဖြတ်ကျော် ပျံသန်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အောစီးရစ်-ရက်စ် အာကာသယာဉ်သည် ကမ္ဘာမြေမှပြန်လည်ခွာထွက်၍ မိုင်ပေါင်း ၃၇၀၀၀၀ အကွာအဝေးသို့ ရောက်ရှိချိန်တွင် ကမ္ဘာဂြိုဟ်နှင့်လကို ဓာတ်ပုံရိုက်ကူးခဲ့ခြင်းဖြစ်သည်။

အောစီးရစ်-ရက်စ် အာကာသယာဉ်သည် ဘန်နူးအမည်ရှိဂြိုဟ်သိမ်၏ ကျောက်သားနမူနာများကို ၂၀၂၃ ခုနှစ်တွင် ရယူပေးခဲ့ပြီးနောက် အပိုးဖစ်ဂြိုဟ်သိမ်ဆီသို့ ဆက်လက် ပျံသန်းနေခြင်းဖြစ်ကြောင်း သိရသည်။

အပိုးဖစ်ဂြိုဟ်သိမ်သည် ၂၀၂၉ ခုနှစ် ဧပြီ ၁၃ ရက်တွင် ကမ္ဘာဂြိုဟ်ကို အနီးဆုံးမှတ်မှတစ်ဆင့် ဖြတ်ကျော်ပျံသန်းမည် ဖြစ်ကြောင်း သိရသည်။

Ref : Russia Today

Trs : KKO


## ဂျိမ်းစ်ဝက်ဘ်အာကာသရေဒီယိုတယ်လီစကုပ်က ဆာဂျီတေးရီးယပ်စ်အေစတား မဟာအာကာသတွင်းနက်မှပေါ်ထွက်လာသည့် ဖြာထွက်ရောင်ခြည်များကို စူးစမ်းလေ့လာနိုင်ခဲ့

**ဝါရှင်တန် ဒီဇင်ဘာ ၁**

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)၏ ဂျိမ်းစ်ဝက်ဘ် အာကာသရေဒီယိုတယ်လီစကုပ်သည် နဂါးငွေ့တန်းကြယ်စု ဗဟိုချက်တွင်တည်ရှိသော ဆာဂျီတေးရီးယပ်စ် အေစတား မဟာအာကာသတွင်းနက်မှ ပေါ်ထွက်လာသည့် ဖြာထွက်ရောင်ခြည်များကို စူးစမ်းလေ့လာနိုင်ခဲ့ကြောင်း နိုဝင်ဘာ ၃၀ ရက် သတင်းများအရ သိရသည်။

ဂျိမ်းစ်ဝက်ဘ် အာကာသရေဒီယိုတယ်လီစကုပ်သည် ဆာဂျီတေးရီးယပ်စ်အေစတား မဟာအာကာသတွင်းနက်၏ ဖြာထွက်ရောင်ခြည်များကို အနီအောက်ရောင်ခြည်လှိုင်းအလျားဖြင့် ပထမဆုံးအကြိမ် လေ့လာနိုင်ခဲ့ခြင်းဖြစ်ကြောင်း ဂျာမနီနိုင်ငံ မက်စ်ပလန့်စ်အင်စတီကျူမှ သိပ္ပံပညာရှင်များက ပြောကြားသည်။

ရှေးယခင်က နိုင်ငံတကာ သိပ္ပံပညာရှင်များသည် ဆာဂျီတေးရီးယပ်စ်အေစတား မဟာအာကာသတွင်းနက်၏ ဖြာထွက်ရောင်ခြည်များကို အခြားအလင်းလှိုင်းအလျားများဖြင့်သာ လေ့လာစူးစမ်းခဲ့ဖူးကြောင်း သိရသည်။



ဆာဂျီတေးရီးယပ်စ် အေစတား မဟာအာကာသတွင်းနက်၏ ဖြာထွက်ရောင်ခြည်များကို Mid-Infrared အနီအောက်ရောင်ခြည်လှိုင်းအလျားဖြင့် လေ့လာနိုင်ခဲ့ခြင်းဖြင့် အာကာသတွင်းနက်များမှ ဖြာထွက်ရောင်ခြည်များ မည်သို့ထုတ်လွှတ်တတ်သည်ကိုဖော်ထုတ်ရာတွင် အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

ဂျိမ်းစ်ဝက်ဘ် အာကာသရေဒီယိုတယ်လီစကုပ်သည် ဆာဂျီတေးရီးယပ်စ်အေစတား မဟာအာကာသတွင်းနက်၏ ဖြာထွက်ရောင်ခြည်များကို Mid-Infrared လှိုင်းအလျားအပြင် အခြားအလင်းလှိုင်းအလျားပုံစံ လေးမျိုးဖြင့်လည်း လေ့လာနိုင်ခဲ့ပြီး အဆိုပါ မဟာအာကာသ တွင်းနက်သည် ဒြပ်ထုအားဖြင့် နေအစင်းပေါင်း လေးသန်းကျော်နှင့် ညီမျှသော ဒြပ်ထုကို ပိုင်ဆိုင်ထားကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO

## Exo Mars အင်္ဂါဂြိုဟ်မျက်နှာပြင်လေ့လာရေးယာဉ်လွှတ်တင်နိုင်ရေး နာဆာ ကူညီမည်

**ပဲရစ် ဒီဇင်ဘာ ၁**

ဥရောပအာကာသအေဂျင်စီ၏ Exo Mars အင်္ဂါဂြိုဟ်မျက်နှာပြင် လေ့လာရေးယာဉ် လွှတ်တင်နိုင်ရေးအတွက် အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသ စီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ) က ကူညီမည်ဖြစ်ကြောင်း နိုဝင်ဘာ ၃၀ ရက်သတင်းများအရ သိရသည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က အသုံးစရိတ်လျှော့ချထားမှုကြောင့် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုများ လျှော့ချရမည့် အခြေအနေတွင် ဥရောပအာကာသအေဂျင်စီ အနေဖြင့် Exo Mars အာကာသယာဉ်ကို လွှတ်တင်နိုင်ရန် နာဆာက စီစဉ်ထားခြင်းဖြစ်သည်။

Exo Mars အင်္ဂါဂြိုဟ်မျက်နှာပြင်လေ့လာရေးယာဉ်ကို လွှတ်တင်ရေးအတွက် အကူအညီပေးရန် နာဆာက ထပ်လောင်းကတိပြုထားကြောင်းဥရောပအာကာသအေဂျင်စီ ထိပ်တန်းတာဝန်ရှိသူများက အတည်ပြုပြောကြားသည်။

Exo Mars အင်္ဂါဂြိုဟ်မျက်နှာပြင်လေ့လာရေး အာကာသယာဉ်ကို ၂၀၂၈ ခုနှစ်တွင် လွှတ်တင်ရန် ဥရောပ အာကာသအေဂျင်စီက စီစဉ်ထားသည်။ လွှတ်တင်ပြီးချိန်တွင် အလေးချိန် ကီလိုဂရမ် ၃၀၀ ရှိသည့် Exo Mars အင်္ဂါဂြိုဟ်မျက်နှာပြင် လေ့လာရေးယာဉ်သည် အင်္ဂါဂြိုဟ် ရှေးဟောင်းသက်ရှိများ၏ သဲလွန်စများကို ရှာဖွေမည်ဖြစ်သည်။

နာဆာအဖွဲ့သည် Exo Mars အာကာသယာဉ်အတွက် အမေရိကန်ဒေါ်လာ တစ်ဘီလီယံတန်ဖိုးရှိ နည်းပညာများ ဖြည့်ဆည်းပေးရန် စီစဉ်ထားသည်။

Ref : Xinhua News

Trs : KKO

# HEALTH

## သက်ကြီးပိုင်းများ အစားအစာကိုတစ်ဦးတည်းစားသုံးပါက ကျန်းမာရေးအပေါ် ဆိုးကျိုးသက်ရောက်မှုရှိနိုင်

**ကင်ဘာရာ ဒီဇင်ဘာ ၁**

သက်ကြီးပိုင်းများ အစားအစာကို တစ်ဦးတည်း စားသုံးနေရပါက စိတ်ကျန်းမာရေးနှင့် ရုပ်ကျန်းမာရေးတို့အပေါ် ဆိုးကျိုးသက်ရောက်မှု ရှိနိုင်ကြောင်း သုတေသနပညာရှင်များ၏အဆိုကို ကိုးကား၍ နိုဝင်ဘာ ၃၀ ရက် သတင်းများအရ သိရသည်။

ဩစတြေးလျနိုင်ငံ မလင်ဒါတက္ကသိုလ်မှ သုတေသနပညာရှင်များ၏ လေ့လာချက်အရ အစားအစာကို တစ်ဦးတည်းစားသုံးသူ သက်ကြီးပိုင်းများသည် အဖော်အပေါင်းနှင့်စားသုံးသူ သက်တူရွယ်တူများနှင့်နှိုင်းယှဉ်ပါက ခွန်အားချည့်နဲ့လာမှု ပြဿနာကို အချိန်ကာလ ပိုစော၍ရင်ဆိုင်ရတတ်ကြောင်း သိရသည်။

အစားအစာကို တစ်ဦးတည်း စားသုံးရသည့် သက်ကြီးပိုင်းများသည် အဖော်အပေါင်းနှင့်စားသုံးသူများနှင့် နှိုင်းယှဉ်ပါက စားသောက်ရာတွင် အစားအစာများ၌ သင့်လျော်သည့် အာဟာရဓာတ် ပါဝင်မှုပိုနည်းပါးနေတတ်ပြီး အင်အားချည့်နဲ့ လာတတ်ကြောင်း၊ ထို့ပြင် စိတ်ကျန်းမာရေး အခြေအနေပေါ်တွင်လည်း ဆိုးကျိုးသက်ရောက်မှု ရှိတတ်ကြောင်း ဩစတြေးလျ သုတေသနပညာရှင်များ၏အဆိုအရ သိရသည်။

ထိုသို့ အစားအစာကို တစ်ဦးတည်း စားသုံးနေရသူ သက်ကြီးပိုင်းများအနက် အမျိုးသမီးများတွင် အရိုးပွရောဂါဖြစ်နိုင်ခြေပင် မြင့်တက်လာနိုင်ကြောင်း သိရသည်။

Ref : Russia Today

Trs : KKO

## အလေးမလေ့ကျင့်ခန်းကို မိနစ် ၄၀ ကြာပြုလုပ်ခြင်းဖြင့် မှတ်ဉာဏ်စွမ်းအားကို ရေရှည်မြှင့်တင်ပေးနိုင်

**နယူးယောက် ဒီဇင်ဘာ ၁**

အလေးမ လေ့ကျင့်ခန်းကို တစ်ရက်လျှင် မိနစ် ၄၀ ကြာမျှ ပြုလုပ်ပေးခြင်းဖြင့် မှတ်ဉာဏ်စွမ်းအားကို ရေရှည်မြှင့်တင်ပေးနိုင်ကြောင်း အမေရိကန် သုတေသနပညာရှင်များ၏အဆိုကို ကိုးကား၍ နိုဝင်ဘာ ၃၀ ရက် သတင်းများအရ သိရသည်။

အလေးမခြင်းကဲ့သို့ အခြားသော တွန်းအားပင့်အားလေ့ကျင့်ခန်းပုံစံများသည်လည်း မှတ်ဉာဏ်စွမ်းအားကို ရေရှည်မြှင့်တင်ပေးနိုင်ကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

အမေရိကန် သုတေသနပညာရှင်များသည် အသက် ၁၈ နှစ်နှင့် ၅၀ ကြား အရွယ်ရောက်သူ ၁၂၁ ဦးတို့ကို အုပ်စုခွဲ၍ လေ့ကျင့်ခန်းပုံစံအမျိုးမျိုး ပြုလုပ်စေပြီး စောင့်ကြည့်လေ့လာခဲ့ကြကြောင်း သိရသည်။

လေ့လာချက်မှပေါ်ထွက်လာသည့်ရလဒ်များအရ အလေးမလေ့ကျင့်ခန်း ပြုလုပ်ထားသူများ၏ မှတ်ဉာဏ်အလုပ်လုပ်မှုနှုန်းမှာ အခြားလေ့ကျင့်ခန်းပုံစံ ပြုလုပ်သူများထက် အထိုက်အလျောက်ပို၍ မြင့်မားလာသည်ကို တွေ့ရကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

သို့ရာတွင် အလေးမလေ့ကျင့်ခန်း ပြုလုပ်မှုနှင့် မှတ်ဉာဏ်စွမ်းရည် မြင့်တက်လာမှုတို့ကြား မည်သို့ဆက်စပ်နေသည်ကို သုတေသနပညာရှင်များက ရှင်းပြနိုင်မှု မရှိသေးပေ။

မိမိတို့၏လေ့လာတွေ့ရှိချက်အရ အလေးမလေ့ကျင့်ခန်းကို မိနစ် ၄၀ ကြာမျှ ပြုလုပ်ခြင်းဖြင့် မှတ်ဉာဏ်စွမ်းရည်အတွက် အကျိုးကျေးဇူးရှိသည်ကို တွေ့ရကြောင်း အမေရိကန် သုတေသနပညာရှင်များက ပြောကြားသည်။

Ref : Sputnik News

Trs : KKO






# ဥရောပရွှေဖိနပ်ဆု ရေပန်းစားဆုံးစာရင်းတွင် တိုက်စစ်မှူး ဟယ်ရီကိန်း ထိပ်ဆုံး၌ရပ်တည်

ဘာလင် ဒီဇင်ဘာ ၁

ဥရောပထိပ်သီးလိဂ် ငါးခုတွင် ဂိုးသွင်းအများဆုံးဆု ဖြစ်သည့် ရွှေဖိနပ်ဆုအတွက် ရေပန်းစားဆုံး ကစားသမားစာရင်းတွင် ဘိုင်ယန်မြူးနစ်တိုက်စစ်မှူး ဟယ်ရီကိန်းက ထိပ်ဆုံး၌ ဦးဆောင်နေကြောင်း SI သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ဟယ်ရီကိန်းသည် ယခုနှစ် ဘောလုံးရာသီ အမှတ်ပေးပြိုင်ပွဲ ၁၂ပွဲ ကစားခဲ့ရာ သွင်းဂိုး ၁၄ ဂိုးထိ သွင်းယူခဲ့သဖြင့် ရမှတ် ၂၈ မှတ်ရခဲ့ပြီး ရွှေဖိနပ်ဆုအတွက် ထိပ်ဆုံးတွင် ရေပန်းစားလျက်ရှိသည်။

၎င်းနောက်တွင် မန်စီးတီး တိုက်စစ်မှူး ဟာလန်းက သွင်းဂိုး ၁၄ ဂိုးဖြင့် အဆင့်(၂)၊ ရီးရဲလ်မက်ဒရစ်တိုက်စစ်မှူး အမ်ဘက်ပီက သွင်းဂိုး ၁၄ ဂိုးဖြင့် အဆင့်(၃)၊ ဘရန့်ဖို့ဒ်တိုက်စစ်မှူး အီဂေါ်သီယာဂိုက သွင်းဂိုး ၁၁ ဂိုးဖြင့် အဆင့်(၄)၊ မာဆေးတိုက်စစ်မှူး ဂရင်းဝုဒ်က သွင်းဂိုး ၁၀ ဂိုးဖြင့် အဆင့်(၅)၊ စထရာဘော့တိုက်စစ်မှူး ပန်နီချယ်လီက သွင်းဂိုး ကိုးဂိုးဖြင့် အဆင့်(၆)၊ မာယော့ကာတိုက်စစ်မှူး မူရီကွီက သွင်းဂိုး ရှစ်ဂိုးဖြင့် အဆင့်(၇)၊ ဘာစီလိုနာတိုက်စစ်မှူး လီဝမ်ဒေါ့စကီးက သွင်းဂိုး ရှစ်ဂိုးဖြင့် အဆင့်(၈)၊ ဖရန့်ဖတ်တိုက်စစ်မှူး ဘာကာ့ဒ်က သွင်းဂိုး ရှစ်ဂိုးဖြင့် အဆင့်(၉)၊ ရင်းနက်တိုက်စစ်မှူး လီပေါလ်က သွင်းဂိုး ရှစ်ဂိုးဖြင့် အဆင့်(၁၀)နေရာတွင် အစဉ်လိုက် ရပ်တည်လျက်ရှိသည်။

အဆိုပါ ကစားသမားစာရင်းတွင် ဟယ်ရီကိန်းသည် ပြိုင်ပွဲစုံ ခြေစွမ်းပြကစားခဲ့ပြီး အသင်းအတွက် အဆုံးအဖြတ်သွင်းဂိုးများ သွင်းယူခဲ့သဖြင့် လက်ရှိအချိန်ထိ ရွှေဖိနပ်ဆုရရန် သေချာနေကြောင်း သိရသည်။

Ref : SI

Trs : ML



## အားကစားသတင်းအတိုအထွာများ

- ချန်ပီယံရှစ်ဘောလုံးအဖွဲ့ချုပ်၏ ဘဏ္ဍာရေးစည်းမျဉ်းချိုးဖောက်ခဲ့သည့် ရှက်ဖီးWအသင်း ရမှတ် ၁၂ မှတ်ထိ လျှော့ခံရသောကြောင့် အမှတ်ပေးဇယားအောက်ဆုံးသို့ ရောက်ရှိခဲ့ကြောင်း သိရသည်။
- ဘာစီလိုနာအသင်း အမျိုးသမီးကွင်းလယ်ကစားသမား ဘွန်မာတီသည် အင်္ဂါနေ့က ပြုလုပ်ခဲ့သည့် လေ့ကျင့်ရေး အစီအစဉ်တွင် ခြေထောက်အရိုးကျိုးဒဏ်ရာ ရခဲ့သောကြောင့် လာမည့် ရီးရဲလ်မက်ဒရစ်အသင်းနှင့်ပွဲစဉ်အပါအဝင် ဂျာမနီအသင်းနှင့် ကစားရမည့်နေးရှင်းလိဂ် ဒုတိယအကျော့ကိုလည်း လွဲချော်မည်ဖြစ်ကြောင်းသိရသည်။
- အီရန်နိုင်ငံဘောလုံးအဖွဲ့ချုပ်သည် အမေရိကန်နိုင်ငံတွင် ကျင်းပမည့် ကမ္ဘာ့ဖလားမဲခွဲပွဲကို ဗီဇာအကန့်အသတ်ဖြင့်သာ ပေးသည့်အတွက် မတက်ရောက်ဘဲ ဆန္ဒပြမှု လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။ ML

# Australian PGA Championship ဂေါက်သီးရိုက်ပြိုင်ပွဲ ချန်ပီယံဆုကို စပိန်မှကစားသမား ဒေးဗစ် ဆွတ်ခူး

ဘရစ္စဘိန်း ဒီဇင်ဘာ ၁

ဩစတြေးလျနိုင်ငံ ဘရစ္စဘိန်းမြို့တွင် ကျင်းပခဲ့သည့် Australian PGA Championship ဂေါက်သီးရိုက်ပြိုင်ပွဲတွင် စပိန်ဂေါက်သီးရိုက်ကစားသမားဒေးဗစ်က စုစုပေါင်း သတ်မှတ်ရိုက်ချက်ထက် ၁၈ ချက်လျှော့ရိုက်ကာ ချန်ပီယံဆုကို ဆွတ်ခူးခဲ့ကြောင်း Golf Magic သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။



တရုတ် ဂေါက်သီးရိုက်ကစားသမား ဒန်ဝမ်ယီက စုစုပေါင်း သတ်မှတ်ရိုက်ချက်ထက် ၁၆ ချက်လျှော့ရိုက်ကာ အမှတ်ပေးဇယား၏ ဒုတိယနေရာတွင် ရပ်တည်ခဲ့ပြီး နယူးဇီလန် ဂေါက်သီးရိုက်ကစားသမား နစ်ခ်ဗုတ်ခ်နှင့် ဩစတြေးလျ ဂေါက်သီးရိုက်ကစားသမား လိုက်ရှ်မန်းတို့က စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၅ ချက်စီလျှော့ရိုက်ကာ အမှတ်ပေးဇယား၏ တတိယနေရာတွင် ပူးတွဲရပ်တည်ခဲ့ကြသည်။

ကစားသမားဘဝ သက်တမ်း တစ်လျှောက် ဒုတိယမြောက် နိုင်ငံတကာအဆင့် ချန်ပီယံဆုကို ဆွတ်ခူးခဲ့သည့် ဒေးဗစ်က “ဒီအောင်မြင်မှုဟာ ကျွန်တော့်အတွက်တော့ အဓိပ္ပာယ်ရှိတဲ့ အောင်မြင်မှုဖြစ်ပါတယ်။ ကျွန်တော် DP World Tour မှာ ချန်ပီဆုကို ဆွတ်ခူးဖို့ ပစ်မှတ်ထား ကြိုးစားနေခဲ့တာ ကြာပါပြီ။ မနှစ်တုန်းကတော့ ချန်ပီယံဆုကို ဆွတ်ခူးနိုင်ဖို့ တော်တော်လေးကို နီးစပ်ခဲ့ပါတယ်။ အထူးသဖြင့် Spanish Open ဂေါက်သီးရိုက်ပြိုင်ပွဲမှာ ချန်ပီယံဆုကို ဆွတ်ခူးဖို့ နီးစပ်ခဲ့တယ်။ ဒါပေမဲ့လဲ မဆွတ်ခူးနိုင်ခဲ့ဘူး။ အခုတော့ ကျွန်တော့်ရဲ့ဆန္ဒတွေ ပြည့်ဝသွားပြီ။ Australian PGA Championship ဂေါက်သီးရိုက်ပြိုင်ပွဲမှာ ချန်ပီယံဆုကို ဆွတ်ခူးခဲ့တာဝမ်းသာဂုဏ်ယူပါတယ်”ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Golf Magic

Trs : AZL

# ဆီးဂိမ်းပြိုင်ပွဲ ကနူး၊ ကယက်လှေလှော်ပြိုင်ပွဲယှဉ်ပြိုင်ရန် မြန်မာ ကနူး၊ ကယက်လှေလှော်အသင်း ထိုင်းနိုင်ငံသို့ ထွက်ခွာ

ရန်ကုန် ဒီဇင်ဘာ ၁

ထိုင်းနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ဆီးဂိမ်းပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ရန် မြန်မာ ကနူး၊ ကယက်လှေလှော်အသင်းသည် ယနေ့ နံနက်ပိုင်းက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ တစ်ဆင့် ထိုင်းနိုင်ငံသို့ ထွက်ခွာခဲ့ကြောင်း သိရသည်။

မြန်မာကနူး၊ ကယက်လှေလှော်အသင်းကို ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် အားကစားနှင့်ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံလှေလှော်အဖွဲ့ချုပ် အတွင်းရေးမှူး ဦးသက်လွင်နှင့် တာဝန်ရှိသူများက ပို့ဆောင်နှုတ်ဆက်ခဲ့ကြသည်။

မြန်မာကနူး၊ ကယက်လှေလှော်အသင်းတွင် အသင်းအုပ်ချုပ်သူ နည်းပြအဖွဲ့ဝင် သုံးဦး၊ အမျိုးသားအားကစားသမား ၁၂ဦး၊ အမျိုးသမီးအားကစားသမား ငါးဦး စုစုပေါင်း ဦးရေ ၂၀ လိုက်ပါခဲ့ကြသည်။

မြန်မာ ကနူး၊ ကယက်လှေလှော်အသင်းသည် ဆီးဂိမ်းပြိုင်ပွဲ ကနူး၊ ကယက်လှေလှော်ပြိုင်ပွဲ အမျိုးသား၊ အမျိုးသမီး မီတာ ၅၀၀ နှင့် မီတာ ၂၀၀ အမျိုးအစားတို့တွင် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။

မြန်မာကနူး၊ ကယက်လှေလှော်အသင်းသည် နိုင်ငံတကာပြိုင်ပွဲများတွင် မြန်မာနိုင်ငံအတွက် ဆုတံဆိပ်များစွာ ရယူပေးခဲ့သည့် အားကစားအဖွဲ့များမှ တစ်ဖွဲ့ဖြစ်ကြောင်း သိရသည်။

STA

# မန်ယူခံစစ်ကစားသမား လီအွန် ရာသီဝက်အငှားစာချုပ်ဖြင့် နိုက်အသင်းထံ ပြောင်းရွှေ့ကစားမည်

မန်ချက်စတာ ဒီဇင်ဘာ ၁

မန်ယူအသင်းခံစစ်ကစားသမား လီအွန်သည် လာမည့်ဇန်နဝါရီကစားသမား အပြောင်းအရွှေ့ကာလတွင် နိုက်အသင်းထံ ရာသီဝက် အငှားစာချုပ်ဖြင့် ပြောင်းရွှေ့ကစားမည် ဖြစ်ကြောင်း Espn သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။




အသက် ၁၈ နှစ်သာရှိသေးသည့် လီအွန်သည် ပြီးခဲ့သည့် နွေရာသီကစားသမား အပြောင်းအရွှေ့ကာလက ဆာရိုပိုတီနိုအသင်းမှ မန်ယူအသင်းသို့ ပြောင်းရွှေ့ခဲ့သူဖြစ်ပြီး မန်ယူအသင်းက အသင်းတွင် ပွဲကစားခွင့် မပေးနိုင်သေးသည့်အတွက် အတွေ့အကြုံများရစေရန် နိုက်အသင်းထံ ရာသီဝက် အငှားစာချုပ်ဖြင့် စေလွှတ်သွားမည် ဖြစ်သည်။

နိုက်အသင်းသည် လက်ရှိမန်ယူအသင်းပူးတွဲပိုင်ရှင် ဆာဂျင်ရက်ကလစ် ပိုင်ဆိုင်သည့်အသင်းဖြစ်ပြီး ပိုင်ရှင်တူ အသင်းဖြစ်သည့်အတွက် မန်ယူအသင်းက နိုက်အသင်းထံ လီအွန်ကို ရာသီဝက်အငှားစာချုပ်ဖြင့် စေလွှတ်ရန် ဆုံးဖြတ်ခဲ့ခြင်း ဖြစ်သည်။

အစောပိုင်းက ဥရောပဘောလုံးအဖွဲ့ချုပ်၏ စည်းမျဉ်းများအရ ကစားသမားတစ်ဦး အနေဖြင့် ပိုင်ရှင်တူအသင်းထံ ပြောင်းရွှေ့ခွင့်မရှိသော်လည်း ယခုအခါ အဆိုပါ စည်းမျဉ်းမှာ ပြီးခဲ့သည့် စက်တင်ဘာလက ဖျက်သိမ်းခဲ့သောကြောင့် လီအွန်အနေဖြင့် မန်ယူအသင်းနှင့် ပိုင်ရှင်တူအသင်းဖြစ်သည့် နိုက်အသင်းထံ အငှားစာချုပ်ဖြင့် သွားရောက် ကစားမည်ဖြစ်ကြောင်း သိရသည်။

Ref : Espn

Trs : STA

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## ရိုမေးနီးယားက ပြင်သစ်ထံမှ Mistral တာတိုပစ်လေကြောင်းရန်ကာကွယ်ရေးစနစ်များဝယ်ယူရန် စာချုပ်ချုပ်ဆို



ရိုမေးနီးယားနိုင်ငံသည် ပြင်သစ်နိုင်ငံထံမှ Mistral တာတိုပစ်လေကြောင်းရန် ကာကွယ်ရေးစနစ်များကို ဝယ်ယူရန်အတွက် အမေရိကန်ဒေါ်လာ ၇၂၄ သန်းတန်ဖိုးရှိ သဘောတူစာချုပ်ကို အပြီးသတ်ချုပ်ဆိုနိုင်ခဲ့ကြောင်း The Defense Post သတင်းဌာနက နိုဝင်ဘာ ၂၇ ရက်တွင် ရေးသားဖော်ပြထားသည်။

တင်ပြမှုများနှင့်စပ်လျဉ်း၍ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌက ဗဟိုဝန်ထမ်းတက္ကသိုလ်သည် ယခင်ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး)ကို ဆိုရှယ်လစ်ခေတ်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ **နိုင်ငံ့ဝန်ထမ်းများကို နိုင်ငံရေးတွင် တူညီသည့်သဘောထားများဖြစ်စေရန်၊ ရုံးလုပ်ငန်းစည်းမျဉ်းစည်းကမ်းများအား စည်းစနစ်တကျဖြင့် တစ်ပြေးညီဖြစ်စေရေးအတွက် ဗဟိုဝန်ထမ်းတက္ကသိုလ် (ဖောင်ကြီး)ကို စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ခြင်းဖြစ်**ကြောင်း၊သို့သော်နိုင်ငံ့ဝန်ထမ်းဦးရေအရ လုံလောက်မှုမရှိသေးသဖြင့် လက်ရှိနိုင်ငံ့ဝန်ထမ်းတက္ကသိုလ်များတွင် သင်တန်းသားဦးရေများ တိုးချဲ့ဖွင့်လှစ်နိုင်ရေးဆောင်ရွက်ခဲ့ကြောင်း၊ ဝန်ထမ်းများအနေဖြင့် သတ်မှတ်ထားသည့်သင်တန်းများ တက်ရောက်ပြီးမှသာ ရာထူးတိုးခြင်းများကို ဆောင်ရွက်ပေးမည်ဟု သတ်မှတ်ထားသည့်အလေ့အကျင့်ကောင်းများ ရှိလာမည်ဖြစ်ကြောင်း၊ အလားတူ ဝန်ကြီးဌာနများအားလုံး၏ ရုံးလုပ်ငန်းစည်းမျဉ်းစည်းကမ်းများ စနစ်တကျဖြစ်စေရေးအတွက်လည်း သင်ကြားပေးလျက်ရှိကြောင်း၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်၏ ရည်မှန်းချက်မှာ နိုင်ငံတော်အတွက်လိုအပ်သည့်ဝန်ထမ်းကောင်းများကို မွေးထုတ်ပေးရန်ဖြစ်ကြောင်း၊ ယခုနိုင်ငံ့ဝန်ထမ်းတက္ကသိုလ်များတွင် ရုံးလုပ်ငန်းစည်းမျဉ်းစည်းကမ်းများ၊ အုပ်ချုပ်မှုလုပ်ငန်းများစနစ်တကျဖြစ်စေရေး အမှုထမ်းများ၊ အရာထမ်းများကို ဘာသာရပ်များအလိုက် သင်ကြားလေ့ကျင့်ပေးနေခြင်းဖြစ်ကြောင်း၊ ထိုသို့သင်ကြားပေးရာတွင်လည်း ထိရောက်ရန်လိုအပ်သဖြင့် အခြေခံပညာအဆင့်မှစတင်၍ ဥပဒေအသိပညာများကို သင်ကြားပေးလျက်ရှိကြောင်း၊ နိုင်ငံ့ဝန်ထမ်းများအားလုံးသည်လည်း အသက် ၁၈ နှစ်ပြည့်ပြီးသူများဖြစ်သဖြင့် ဥပဒေကိုသိရှိနားလည်နေရန်လိုအပ်ပြီး သင်တန်းများဖွင့်လှစ်သင်ကြားရာတွင် ဥပဒေပညာရပ်များကို ထည့်သွင်းသင်ကြားပေးရန်လိုကြောင်း၊ ဝန်ကြီးဌာနများအားလုံး၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အားလုံးရှိရုံးလုပ်ငန်းစည်းမျဉ်းများစနစ်တကျရှိစေရေး နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်မှစတင်၍ အခြေခံရရှိအောင် ဆောင်ရွက်ပေးရန်လိုကြောင်း။



သင်တန်းသားများ၏ စားသောက်နေထိုင်ရေးနှင့်ပတ်သက်၍ နိုင်ငံတော်က ထိုက်သင့်သည့်နှုန်းထားဖြစ်စေရေးတိုးမြှင့်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်အနေဖြင့် သင်တန်းသားများနှင့် ဝန်ထမ်းများ၊မိသားစုများ၏ စားရေးကိုအထောက်အကူပြုစေမည့်ရာသီသီးနှံများကို စိုက်ပျိုးဆောင်ရွက်သွားရန်လိုကြောင်း၊ အလားတူ ဝန်ထမ်းများအနေဖြင့်လည်း တစ်ပိုင်တစ်နိုင်စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကိုဆောင်ရွက်သွားမည်ဆိုပါက သက်သာချောင်ချိရေးအတွက် များစွာအထောက်အကူပြုစေမည်ဖြစ်ကြောင်း၊ မွေးမြူရေးနှင့်ပတ်သက်၍ သင်တန်းသားများနှင့် ဝန်ထမ်းများ၊ မိသားစုဝင်များအတွက် လိုအပ်သည့် ကြက်ဥများ၊ အသားများ လုံလောက်စွာရရှိရေးအတွက် မွေးမြူရေးလုပ်ငန်းများကို စနစ်တကျတွက်ချက် မွေးမြူရန်လိုကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းသည် အနာဂတ်အတွက် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ အဓိကအားဖြင့် ဝန်ကြီးဌာနအားလုံးရှိ နိုင်ငံ့ဝန်ထမ်းများအားလုံး ပုံစံတကျဖြစ်စေရန်အတွက် ယခုကဲ့သို့ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်များကို ဖွင့်လှစ်သင်ကြားလေ့ကျင့်ပေးနေခြင်းဖြစ်ကြောင်း။

နိုင်ငံသားတိုင်းအနေဖြင့် နိုင်ငံကို ကာကွယ်စောင့်ရှောက်ရန်တာဝန်ရှိကြောင်း၊ ထို့ကြောင့် နိုင်ငံတော်ကာကွယ်ရေးအတွက် အထောက်အကူပြုနိုင်ရေး အခြေခံစစ်ပညာရပ်များကို သင်ကြားလေ့ကျင့်ပေးနေခြင်းဖြစ်ကြောင်း၊ **အခြေခံစစ်ပညာရပ်များ ထည့်သွင်းသင်ကြားပေးခြင်းဖြင့် နိုင်ငံ့ဝန်ထမ်းများအနေဖြင့် အမိန့်နာခံတတ်မှု၊ စည်းကမ်းစနစ်တကျဖြင့် လုပ်ကိုင်ဆောင်ရွက်တတ်မှု၊ အစုအဖွဲ့စနစ်ဖြင့် စုစည်းညီညွတ်သည့်စိတ်ဓာတ်ဖြင့် လုပ်ကိုင်ဆောင်ရွက်တတ်**သည့် သင်ကြားလေ့ကျင့်မှုများဖြစ်ရန်လိုကြောင်း၊ **ဝန်ထမ်းကောင်းမှ နိုင်ငံကောင်းမည်ဖြစ်**ကြောင်း၊ **အဓိကအားဖြင့် ဝန်ထမ်းများအား စိတ်ဓာတ်စည်းကမ်းကောင်းမွန်စေရေးနှင့် ပါတီနိုင်ငံရေးကင်းရှင်းသည့် ဝန်ထမ်းများ၊ နိုင်ငံကို ချစ်မြတ်နိုးသည့်စိတ်ရှိသည့် ဝန်ထမ်းကောင်းများဖြစ်အောင် လေ့ကျင့်ဆောင်ရွက်ပေးကြရန် လို**ကြောင်း၊ သင်ကြားပေးသည့်ဘာသာရပ်များ ထိရောက်အကျိုးရှိစေရေး ဆောင်ရွက်ပေးရန်လိုကြောင်း၊ သင်ရိုးညွှန်းတမ်းများသည် မိမိတို့နိုင်ငံနှင့်ကိုက်ညီသည့် သင်ရိုးညွှန်းတမ်းများ ဖြစ်ရန်လိုကြောင်း။

ဥပဒေနှင့်ပတ်သက်ပြီး မိမိတို့အနေဖြင့် ဒီမိုကရေစီလမ်းကြောင်းပေါ်လျှောက်လှမ်းနေခြင်းဖြစ်သဖြင့် ဥပဒေကို သိရှိနားလည်ကြရန်လိုကြောင်း၊ အသက် ၁၈ နှစ်ပြည့်ပြီးသူတိုင်းအားလုံး ဥပဒေကိုသိရှိနားလည်ကြဖြင့် မှာကြားသည်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်အတွင်း မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ငလျင်ဒဏ်ကြောင့်ထိခိုက်ပျက်စီးမှုဖြစ်ပေါ်ခဲ့သည့် နီလာခန်းမနှင့် မဟော်သဓခန်းမတို့ကို လိုက်လံကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ခတ္တာဆောင်ရှိ သင်တန်းသူအိပ်ဆောင်များကို လိုက်လံကြည့်ရှုစစ်ဆေးပြီး စားရိပ်သာ၌ အခြေခံဆရာ၊ ဆရာမအထူးမွမ်းမံသင်တန်း အမှတ်စဉ်(၈၂) သင်တန်းသူ ဆရာမများနှင့် အတူ နေ့လယ်စာကို အတူတကွသုံးဆောင်ကြပြီး နေ့လယ်စာသုံးဆောင်အပြီးတွင် သင်တန်းသူ ဆရာမများကို ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ဆက်လက်ပြီး နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ရဲအရာရှိလေ့ကျင့်ရေးကျောင်း (ဇီးပင်ကြီး) သို့ရောက်ရှိရာ လေ့ကျင့်ရေးဌာနချုပ်ရုံး အစည်းအဝေးခန်းမ၌ ကော်မရှင်အဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်က ရဲအရာရှိများကို လေ့ကျင့်ပေးနေသည့် ကျောင်းများနှင့် အခြားအဆင့်ရဲတပ်ဖွဲ့ဝင်များအား လေ့ကျင့်ပေးနေသည့် ကျောင်းများ၏သမိုင်းအကျဉ်း၊ ဗဟိုမီးသတ်သင်တန်းကျောင်းသမိုင်းအကျဉ်းကို လည်းကောင်း၊ ရဲအရာရှိလေ့ကျင့်ရေးကျောင်း (ဇီးပင်ကြီး) ကျောင်းအုပ်ကြီးနှင့် ဗဟိုမီးသတ်သင်တန်းကျောင်း(ပြင်ဦးလွင်) ကျောင်းအုပ်ကြီးတို့က သင်တန်းကျောင်းဆိုင်ရာအချက်အလက်များ၊ သင်တန်းများအလိုက် ဖွင့်လှစ်သင်ကြားပေးနိုင်ခဲ့မှု၊ စာပေပညာ၊ စစ်ပညာနှင့် ကြံ့ခိုင်ရေးဘာသာရပ်များ သင်ကြားလေ့ကျင့်ပေးလျက်ရှိမှု၊ သင်တန်းကျောင်းများအလိုက် ဝန်ထမ်းများခန့်အပ်ထားရှိမှု၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများဆောင်ရွက်ထားရှိမှုနှင့် သက်သာချောင်ချိရေးဆောင်ရွက်ပေးနိုင်မှု၊ သောက်သုံးရေနှင့် လျှပ်စစ်မီးရရှိမှု





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးစိုးမင်းဦးက နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)၏ သမိုင်းအကျဉ်း၊ တည်နေရာ၊ တက္ကသိုလ်၏ရည်မှန်းချက်များနှင့် လုပ်ငန်းတာဝန်များကို ရှင်းလင်းတင်ပြစဉ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အခြေခံဆရာ၊ ဆရာမ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၈၂) သင်တန်းသူ ဆရာမများနှင့်အတူ နေ့လယ်စာကို အတူတကွ သုံးဆောင်စဉ်။

အခြေအနေများ၊ သင်တန်းများအလိုက် လက်တွေ့လေ့ကျင့်ခန်းများ ဆောင်ရွက်လျက်ရှိမှုနှင့် လေ့ကျင့်ရေးအဆောက်အအုံများ၊ အထောက်အကူပြုယာဉ်များဆောင်ရွက်ထားရှိမှု အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

## ပြည်သူ့ဆက်ဆံရေးကောင်းမွန်၍ အလေ့အကျင့်ကောင်း(Good Practice) ရှိသော ရဲတပ်ဖွဲ့ဝင်များဖြစ်စေရေး

တင်ပြမှုများနှင့်စပ်လျဉ်း၍ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌက ရဲတပ်ဖွဲ့ဝင် အရာရှိများနှင့် အခြားအဆင့်များ၏ လေ့ကျင့်ရေးကို စနစ်တကျဆောင်ရွက်သွားရန်လိုကြောင်း၊ ရဲတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များသည် ပြည်သူများနှင့် တိုက်ရိုက်ထိတွေ့ရသည့် အဖွဲ့အစည်းများဖြစ်ပြီး တရားဥပဒေစိုးမိုးရေးနှင့် လုံခြုံရေးဆိုင်ရာများကို ဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ ပြည်သူများနှင့် ထိတွေ့ဆက်ဆံနေရသည့် အဖွဲ့အစည်းများဖြစ်သဖြင့် ပြည်သူ့ဆက်ဆံရေးကောင်းမွန်ရန်လိုကြောင်း၊ ရဲတပ်ဖွဲ့ဝင်များအနေဖြင့် ရဲဥပဒေများကိုသာမက ဖွဲ့စည်းပုံအခြေခံဥပဒေအပါအဝင် ထုတ်ပြန်ထားသည့်ဥပဒေများအားလုံးကို မရှိမဖြစ် သိရှိနားလည်နေရန်လိုအပ်သဖြင့် ဥပဒေအသိပညာများကို သင်ကြားပေးရန်လိုကြောင်း။

ရဲတပ်ဖွဲ့ဝင်များသည် တရားဥပဒေစိုးမိုးရေး၊ စည်းကမ်းထိန်းသိမ်းရေးလုပ်ငန်းများကိုဆောင်ရွက်ရခြင်းဖြစ်သဖြင့် ပြည်သူများနှင့် တိုက်ရိုက်ထိတွေ့ဆက်ဆံနေရကြောင်း၊ ထို့ကြောင့် ပြည်သူ့ဆက်ဆံရေးကောင်းမွန်ရန်အတွက် တပ်ပြင်စည်းရုံးရေးပညာရပ်များကိုသင်ကြားပေးရန်လိုကြောင်း၊ အသိပညာ အားနည်းသည့်သူများအနေဖြင့် ဥပဒေကိုလိုက်နာမှုအားနည်းကြောင်း၊ မိမိတို့ တာဝန်ထမ်းဆောင်ရာ ဒေသအလိုက် ပြည်သူများ၏ စည်းကမ်းလိုက်နာမှုကို ကြည့်၍ စည်းကမ်းထိန်းသိမ်းမှုများကို ဆောင်ရွက်ရန်လိုကြောင်း၊ မိမိတို့နိုင်ငံသည် ဒီမိုကရေစီစနစ်ကို လျှောက်လှမ်းနေခြင်းဖြစ်သဖြင့် ပြည်တွင်းလုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးကို ရဲတပ်ဖွဲ့ဝင်များကသာ ဆောင်ရွက်ရကြောင်း၊ ထို့ကြောင့် ရဲတပ်ဖွဲ့ဝင်များ၏စွမ်းရည်များမြင့်မားလာစေရေးဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ **“အစကောင်းမှ အနှောင်းသေချာ”**ဆိုသည့်အတိုင်း အရည်အချင်းရှိသည့် ရဲတပ်ဖွဲ့ဝင်ကောင်းများကို စဉ်ဆက်မပြတ် မွေးထုတ်ဆောင်ရွက်သွားကြရန်လိုကြောင်း။

**ရဲတပ်ဖွဲ့ဝင်များအနေဖြင့် အလေ့အကျင့်ကောင်း(Good Practice)များ ရရှိအောင် လေ့ကျင့်ဆောင်ရွက်ပေးရန်လို**ကြောင်း၊ ထိုသို့ လေ့ကျင့်ဆောင်ရွက်ပေးရာတွင် ဝတ်စားဆင်ယင်မှုစည်းကမ်းမှအစ နေ့စဉ်ဆောင်ရွက်ရမည့် နိစ္စဓူဝလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်နေရန်လိုကြောင်း၊ သမားစဉ်ဆောင်ရွက်ရမည့် ကျန်းမာကြံ့ခိုင်မှု လေ့ကျင့်ခန်းများဆောင်ရွက်နိုင်ရေး၊ ဝတ်စားဆင်ယင်မှုများစနစ်တကျဖြစ်စေရေး ဆောင်ရွက်သွားရန်လိုကြောင်း၊ အလားတူ ရဲတပ်ဖွဲ့ဝင်များအပေါ် ပြည်သူလူထု၏ အမြင်ကောင်းမွန်စေရေး တာဝန်ထမ်းဆောင်ချိန်များတွင် အရက်၊ ဆေးလိပ်၊ ကွမ်းသုံးစွဲမှုများကိုတစ်ဦးချင်းထိန်းသိမ်းဆောင်ရွက်သွားရန်လိုကြောင်း၊ ရဲတပ်ဖွဲ့ဝင်များအနေဖြင့် အလေ့အကျင့်ကောင်းများ ရရှိစေရေး သင်တန်းကျောင်းများမှစတင်၍ အခြေခံမှအစ လေ့ကျင့်ဆောင်ရွက်၍ ယုံကြည်ချက်၊ ခံယူချက်ကောင်းများရှိသည့် ရဲတပ်ဖွဲ့ဝင်များဖြစ်စေရေး လေ့ကျင့်ဆောင်ရွက်ပေးသွားရန်လိုကြောင်း၊ **“ကူညီပါရစေ”**ဆိုသည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ဆောင်ပုဒ်အတိုင်း ပြည်သူများက အားကိုးရသည့် ရဲတပ်ဖွဲ့ဝင်ကောင်းများဖြစ်စေရေး ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း၊ ရဲတပ်ဖွဲ့ဝင်တစ်ဦးချင်း၏ အတွေးအခေါ်များ ကောင်းမွန်တိုးတက်စေရေးစာအုပ်စာပေများကိုလည်း ဖတ်ရှုလေ့လာနေရန်လိုကြောင်း။

အုပ်ချုပ်မှုနှင့်ပတ်သက်၍ အုပ်ချုပ်မှုများ ညီညွတ်မျှတနေရန်လိုကြောင်း၊ ဦးစီးခေါင်းဆောင်အဖြစ် တာဝန်ယူဆောင်ရွက်ရာတွင် အုပ်ချုပ်မှုများညီညွတ်မျှတမှုရှိစေရေး ဒုရဲအုပ်သင်တန်းမှစတင်၍ သင်ကြားလေ့ကျင့်ဆောင်ရွက်ပေးရန်လိုကြောင်း၊ တရားဥပဒေစိုးမိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ရဲတပ်ဖွဲ့ဝင်များအတွက် အထောက်အကူဖြစ်စေမည့် ကိုယ်ခံပညာရပ်များကို သင်တန်းကျောင်းများ၌ မဖြစ်မနေသင်ကြားလေ့ကျင့်ပေးသွားရန်လိုကြောင်း၊ ထိုသို့သင်ကြားနိုင်ရန်အတွက်လည်း ကိုယ်ခန္ဓာများ ကြံ့ခိုင်သန်စွမ်းနေရန်လိုကြောင်း၊ **ရဲတပ်ဖွဲ့သည် နိုင်ငံအတွက် အဓိကကျသည့်အခန်းကဏ္ဍမှ တာဝန်ထမ်းဆောင်နေခြင်းဖြစ်သည့်အတွက် ရဲတပ်ဖွဲ့ဝင်ကောင်းများ မွေးထုတ်ပေးသွားရန်လို**ကြောင်း၊ **အမျိုးသမီးတပ်ဖွဲ့ဝင်များ၏ နိုင်ငံ့တာဝန်ထမ်းဆောင်မှုများ အပေါ်တွင်လည်း လေးစားအသိအမှတ်ပြုရန်လိုပြီး အချင်းချင်း ညီရင်းအစ်ကို၊ မောင်ရင်းနှမစိတ်ဓာတ်ဖြင့် အတူတကွတာဝန်ထမ်းဆောင်သွားကြရန်လို**ကြောင်း။

ရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များ၏ သက်သာချောင်ချိရေးအတွက် တပ်ပိုင်နှင့် တစ်ပိုင်တစ်နိုင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကိုဆောင်ရွက်သွားကြရန် လိုကြောင်း၊ အများစားသုံးနိုင်သည့် အသား၊ ငါး၊ ဥနှင့် သီးနှံများကို အဓိကထားစိုက်ပျိုးမွေးမြူသွားရန်လိုကြောင်း၊ တပ်ပိုင်နှင့် တစ်ပိုင်တစ်နိုင် မွေးမြူရေးလုပ်ငန်းများကို အောင်မြင်အောင်ဆောင်ရွက်ခြင်းအားဖြင့် တပ်ဖွဲ့ဝင်များ၊ သင်တန်းသားများ၊ မိသားစုဝင်များ၏ သက်သာချောင်ချိမှုကို ဖော်ဆောင်ပေးနိုင်မည်ဖြစ်ကြောင်းဖြင့် မှာကြားသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် သင်တန်းကျောင်းပြတိုက်အတွင်း ခင်းကျင်းပြသထားသည့် ကိုလိုနီခေတ်တွင် အသုံးပြုခဲ့သည့် **စာမျက်နှာ ၁၈ သို့**



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အခြေခံဆရာ၊ ဆရာမအထူးမွမ်းမံ သင်တန်း အမှတ်စဉ်(၈၂) သင်တန်းသူ ဆရာမများကို ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။






ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် အဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်က ရဲအရာရှိများကို လေ့ကျင့်ပေးနေသည့်ကျောင်းများနှင့် အခြားအဆင့်ရဲတပ်ဖွဲ့ဝင်များအား လေ့ကျင့်ပေးနေသည့် ကျောင်းများ၏သမိုင်းအကျဉ်း၊ ဗဟိုမီးသတ်သင်တန်းကျောင်းသမိုင်းအကျဉ်းတို့ကို ရှင်းလင်းတင်ပြစဉ်။

**ရဲတပ်ဖွဲ့သည် နိုင်ငံအတွက် အဓိကကျသည့်အခန်းကဏ္ဍမှ တာဝန်ထမ်းဆောင်နေခြင်းဖြစ်သည့်အတွက် ရဲတပ်ဖွဲ့ဝင်ကောင်းများ မွေးထုတ်ပေးသွားရန်လို . . .**

**အမျိုးသမီးတပ်ဖွဲ့ဝင်များ၏ နိုင်ငံ့တာဝန်ထမ်းဆောင်မှုများအပေါ်တွင်လည်း လေးစားအသိအမှတ်ပြုရန်လိုပြီး အချင်းချင်း ညီရင်းအစ်ကို၊ မောင်ရင်းနှမ စိတ်ဓာတ်ဖြင့် အတူတကွတာဝန်ထမ်းဆောင်သွားကြရန်လို . . .**



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဗဟိုမီးသတ်သင်တန်းကျောင်း(ပြင်ဦးလွင်) အိမ်ထောင်သည်လိုင်းခန်းအတွင်းရှိ ရဲမေများကို ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရဲအရာရှိလေ့ကျင့်ရေးကျောင်း(ဇီးပင်ကြီး) သင်တန်းကျောင်းပြတိုက် ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် မှတ်တမ်းတင်လက်မှတ်ရေးထိုးစဉ်။

**စာမျက်နှာ ၁၇ မှအဆက်**

ရဲတပ်ဖွဲ့ အသုံးအဆောင်ပစ္စည်းများနှင့် ရဲတပ်ဖွဲ့တံဆိပ်၊ ပခုံးတံဆိပ်များ၊ လက်ရှိအသုံးပြုလျက်ရှိသည့် ရဲတပ်ဖွဲ့ အသုံးအဆောင်ပစ္စည်းများ၊အဆင့်တံဆိပ် များနှင့်ဝတ်စုံများ၊ ရဲတပ်ဖွဲ့သုံးလက်နက် များ၊မှတ်တမ်းဓာတ်ပုံများနှင့် ပြည်ပနိုင်ငံ များမှပေးပို့သည့် အမှတ်တရပစ္စည်းများ ကိုလှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌသည် သင်တန်းကျောင်းပြတိုက် ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် မှတ်တမ်းတင်လက်မှတ်ရေးထိုးသည်။

ငင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် သင်တန်းကျောင်း စာကြည့်တိုက်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏တင်ပြချက်များအပေါ် သင်တန်းသားများ ဗဟုသုတတိုးပွားစေရေးအတွက် စာအုပ်စာစောင်များ ဖတ်ရှုစေရေးဆောင်ရွက်ပေးရန်လိုကြောင်း၊ စာကြည့်တိုက်အတွင်း စာအုပ်များစနစ်တကျထားရှိရန်နှင့် သုတ၊ ရသစာအုပ်စာစောင်များကိုလည်း ထပ်မံဖြည့်ဆည်းဆောင်ရွက်သွားရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ဗဟိုမီးသတ်သင်တန်းကျောင်း(ပြင်ဦးလွင်) အတွင်း မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးပြီး အိမ်ထောင်သည်လိုင်းခန်းအတွင်းရှိ ရဲမေများကို ရင်းရင်းနှီးနှီး နှုတ်ဆက်ကာ လိုအပ်သည်များ မေးမြန်းဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

## မှတ်ပုံတင်သက်တမ်းတိုး ဆက်လက်ဆောင်ရွက်ခြင်းမရှိသည့်အတွက် မှတ်ပုံတင်ဖျက်သိမ်းပြီးသော ရှေးဟောင်း Classic မော်တော်ယာဉ်များ ပြန်လည်မှတ်ပုံတင်ပေးခြင်းဆိုင်ရာ အသိပေးကြေညာ

၁။ မြန်မာနိုင်ငံအနေဖြင့် ရှေးဟောင်း Classic မော်တော်ယာဉ်များကို တန်ဖိုးထားထိန်းသိမ်းနိုင်ရေး၊ သမိုင်းဝင်ယာဉ်များအဖြစ် တရားဝင်မှတ်တမ်းတင်ခွင့်ပြုနိုင်ရေးအတွက် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် ယခင်က မှတ်ပုံတင်ထားရှိပြီး သက်တမ်းတိုးဆက်လက်ဆောင်ရွက်ခြင်းမရှိသည့်အတွက် မှတ်ပုံတင်ဖျက်သိမ်းပြီးဖြစ်သည့် 1980 Model နှင့် ၎င်းမတိုင်မီယာဉ်များကို ရှေးဟောင်း Classic မော်တော်ယာဉ်အဖြစ် သတ်မှတ်ဒဏ်ကြေးဖြင့် ပြန်လည်မှတ်ပုံတင်ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

၂။ မှတ်ပုံတင်ဆောင်ရွက်ရာတွင် မူလမှတ်ပုံတင်ထားရှိခဲ့သော ယာဉ်များကိုသာ ပြန်လည်မှတ်ပုံတင်ဆောင်ရွက်ပေးမည်ဖြစ်ပြီး ယာဉ်အမှတ်ကို ရောက်ရှိယာဉ်အမှတ်အသစ်ဖြင့် သတ်မှတ်ပေးမည်ဖြစ်ပါသည်။ ယခင်မှတ်ပုံတင်ထားခြင်းမရှိသော ရှေးဟောင်းယာဉ်များကို မှတ်ပုံတင်ပေးမည်မဟုတ်ပါ။

၃။ ရှေးဟောင်း Classic မော်တော်ယာဉ်များ ပြန်လည်မှတ်ပုံတင်ဆောင်ရွက်ခြင်းကို သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနရုံးများတွင် ၁-၁၂-၂၀၂၅ ရက်မှ ၃၁-၃-၂၀၂၆ ရက်ထိ ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များကို www.motc.gov.mm, www.myanmarrtad.com တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန**



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် သင်တန်းသား၊ သင်တန်းသူများကို ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

☆ ကျောဖုံးမှအဆက်

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်၊ ရဲအရာရှိလေ့ကျင့်ရေးသင်တန်းကျောင်း၊ ဗဟိုမီးသတ်သင်တန်းကျောင်းတို့မှ ပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများ၊ ပါမောက္ခများ၊ ဌာနကြီးမှူးများ၊ နည်းပြများ၊ သင်တန်းသား၊ သင်တန်းသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက အမှာစကားပြောကြားရာတွင် သင်တန်းကျောင်း သုံးခုမှ သင်တန်းသား၊ သင်တန်းသူများကို လိုအပ်သည်များ မှာကြားနိုင်ရန် လာရောက်ခဲ့ခြင်းဖြစ်ကြောင်း၊ ယခု သင်တန်းကျောင်းများသည် နိုင်ငံ့ဝန်ထမ်းကောင်းများဖြစ်စေရေးအတွက် ရည်ရွယ်လေ့ကျင့်ပေးသည့် သင်တန်းကျောင်းများဖြစ်ကြောင်း၊ ဝန်ထမ်းကောင်းမှ နိုင်ငံကောင်းနိုင်မည်ဖြစ်ကြောင်း၊ မည်သည့်နိုင်ငံတွင်ဖြစ်စေ အစိုးရအဖွဲ့နှင့် နိုင်ငံ့ဝန်ထမ်းဟူ၍ရှိပြီး အစိုးရက နိုင်ငံရေးဦးဆောင်မှုပေး၍ မူဝါဒချမှတ်ပေးကာ နိုင်ငံ့ဝန်ထမ်းများက အကောင်အထည်ဖော်ဆောင်ရခြင်းဖြစ်ကြောင်း၊ **အစိုးရအဖွဲ့က နိုင်ငံရေးအရ ဦးဆောင်သူများအနေဖြင့် အပြောင်းအလဲရှိနိုင်မည်ဖြစ်သော်လည်း နိုင်ငံ့ဝန်ထမ်းများအနေဖြင့် သက်ဆိုင်ရာ မိမိတို့တာဝန်များအလိုက် ဆက်လက်ထမ်းဆောင်ရခြင်းဖြစ်ကြောင်း၊** နိုင်ငံရေးတွင် အာဏာရပါတီအလိုက်၊ အစိုးရအဖွဲ့အလိုက် မူဝါဒများကွဲပြားသွားမည်ဖြစ်သော်လည်း ရုံး၊ ဌာနများအနေဖြင့် ပြောင်းလဲမှုရှိမည်မဟုတ်ကြောင်း။

**ဝန်ထမ်းများအားလုံးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် လျှောက်ထားခဲ့ကြပြီး**

**အစိုးရအဖွဲ့က နိုင်ငံရေးအရ ဦးဆောင်သူများအနေဖြင့် အပြောင်းအလဲရှိနိုင်မည်ဖြစ်သော်လည်း နိုင်ငံ့ဝန်ထမ်းများအနေဖြင့် သက်ဆိုင်ရာ မိမိတို့တာဝန်များအလိုက် ဆက်လက်ထမ်းဆောင်ရခြင်းဖြစ်...**

**ဝန်ထမ်းများအားလုံးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် လျှောက်ထားခဲ့ကြပြီး ရွေးချယ်ခံခဲ့ကြရသူများဖြစ်သဖြင့် နိုင်ငံ့ဝန်ထမ်းဘဝကို ရရှိပိုင်ဆိုင်ခဲ့ကြသူများဖြစ်၊ ရွေးချယ်ခံဝန်ထမ်းများဖြစ်သဖြင့် သာမန်နေ၍ရမည်မဟုတ်ဘဲ အရည်အသွေးရှိသည့် နိုင်ငံ့ဝန်ထမ်းများဖြစ်အောင် ကြိုးစားအားထုတ်၍ မိမိဘဝတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်သွားကြရန်လို...**

**ရွေးချယ်ခံခဲ့ကြရသူများဖြစ်သဖြင့် နိုင်ငံ့ဝန်ထမ်းဘဝကို ရရှိပိုင်ဆိုင်ခဲ့ကြသူများဖြစ်ကြောင်း၊ ရွေးချယ်ခံဝန်ထမ်းများဖြစ်သဖြင့် သာမန်နေ၍ရမည်မဟုတ်ဘဲ အရည်အသွေးရှိသည့် နိုင်ငံ့ဝန်ထမ်းများဖြစ်အောင် ကြိုးစားအားထုတ်၍ မိမိဘဝတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း၊** လူတိုင်းသည် တိုးတက်မှုကိုလိုလားကြပြီး မြင့်မားသည့်ဘဝကို ပိုင်ဆိုင်လိုကြသဖြင့် ကြိုးစားအားထုတ်မှုရှိရန် လိုအပ်မည်ဖြစ်ပြီး သင်တန်းသားများအနေဖြင့်လည်း မိမိတို့ ဝန်ထမ်းသက်တမ်းတစ်လျှောက် တက်ရောက်ရမည့် သင်တန်းများအားလုံးတွင် စဉ်ဆက်မပြတ်သည့် ကြိုးစားအားထုတ်မှုများဖြင့် ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း၊ သင်တန်းကျောင်းများအနေဖြင့် အရည်အသွေးမြင့်မားသည့် နိုင်ငံ့ဝန်ထမ်းများရရှိစေရေး အချိန်၊ ငွေကြေးအရင်းအနှီးများစွာ ကုန်ကျခံသင်ကြား လေ့ကျင့်ပေးနေခြင်းဖြစ်သည့်အတွက် သင်တန်းသားများအနေဖြင့်လည်း သင်တန်းက သင်ကြားပေးသည်များကို တန်ဖိုးထား၍ သင်ယူသွားကြရန်လိုကြောင်း။

နိုင်ငံ့ဝန်ထမ်းများအနေဖြင့် နိုင်ငံတော်၏ နိုင်ငံရေးအရဖြစ်ပေါ်ပြောင်းလဲမှုအခြေအနေများကို မှန်မှန်ကန်ကန်သိရှိနားလည်ကြရန်လည်းလိုအပ်မည်ဖြစ်ကြောင်း၊ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင်ဖြစ်ပေါ်ခဲ့သည့် မဲမသမာမှုများကြောင့် မိမိတို့အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ နိုင်ငံ့တာဝန်များကို ထမ်းဆောင်ခဲ့ရခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်တွင် ဖြတ်သန်းလာခဲ့သည့် ခေတ်အဆက်ဆက်၌ နိုင်ငံရေးစနစ်အမျိုးမျိုးကို ကျင့်သုံးဆောင်ရွက်ခဲ့ပြီး ၂၀၁၀ ပြည့်နှစ်မှစ၍ ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တနေကြ

**နိုင်ငံတော်တွင်ဖြစ်ပေါ်ခဲ့သည့် သမိုင်းကြောင်းများကို သင်ခန်းစာယူ၍ အနာဂတ်တွင် ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး တည်ငြိမ်အေးချမ်းသည့် နိုင်ငံတော်ကို ပုံဖော်တည်ဆောက်ကြရမည်ဖြစ်...**

**သင်တန်းသား၊ သင်တန်းသူများအနေဖြင့် ဆန္ဒမဲများပေးရာတွင် တိုင်းပြည်နှင့် ဒေသအကျိုးကို ဆောင်ရွက်နိုင်သူ၊ ဒို့တာဝန်အရေးသုံးပါးကို လိုက်နာစောင့်ထိန်းနိုင်သူ၊ တပ်မတော်သည် နိုင်ငံတော်တည်ရှိသရွေ့ တည်ရှိနေမည့် အခိုင်မာဆုံးသော အဖွဲ့အစည်း(Institution)ဖြစ်သဖြင့် တပ်မတော်နှင့် သဟဇာတဖြစ်စွာ လက်တွဲဆောင်ရွက်နိုင်သူများကို ရွေးချယ်၍ ဆန္ဒမဲပေးရန်လို...**

သည့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းခဲ့ခြင်းဖြစ်ကြောင်း၊ တပ်မတော်သည် နိုင်ငံတော်၏အစိတ်အပိုင်းဖြစ်ပြီး တပ်မတော်သားများသည် ပြည်သူများမှ ပေါက်ဖွားလာကြသူများပင်ဖြစ်ကြောင်း၊ ထို့ကြောင့် တပ်မတော်အနေဖြင့် ပြည်သူများ လိုလားတောင့်တနေသည့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းနိုင်ရေး အဆင့်ဆင့်ဖော်ဆောင်ပေးခဲ့ခြင်းပင်ဖြစ်ကြောင်း၊ နိုင်ငံတော်တွင် ဖြစ်ပေါ်ကြုံတွေ့ခဲ့ရသည့် နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှု အခက်အခဲ၊ အကျပ်အတည်းများကို တပ်မတော်ကပင် ဦးဆောင်၍ ဖြေရှင်းခဲ့ရကြောင်း၊ နိုင်ငံတော်တွင် ကြုံတွေ့ခဲ့ရသည့် သမိုင်းကြောင်းများကို မှန်မှန်ကန်ကန်လေ့လာသိရှိနားလည်ကြရန်လိုကြောင်း။

နိုင်ငံတော်၏ လွတ်လပ်ရေးနှင့်အချုပ်အခြာအာဏာတို့သည် ခေတ်အဆက်ဆက် ထိန်းသိမ်းကာကွယ်ရမည့် အချက်များဖြစ်ကြောင်း၊ လွတ်လပ်ရေးနှင့်ပတ်သက်၍ လွတ်လပ်ရေးသည် ခက်ခက်ခဲခဲကြိုးပမ်း၍ရယူခဲ့ရသည့် လွတ်လပ်ရေးဖြစ်ကြောင်း၊ နိုင်ငံရေးအရကြည့်မည်ဆိုပါကလည်း မိမိတို့နိုင်ငံအနေဖြင့် ပထဝီအနေအထားအရ အင်အားကြီးနိုင်ငံကြီး နှစ်ခုအကြားတွင် တည်ရှိနေပြီး ရှုပ်ထွေးသည့် နိုင်ငံရေးသမိုင်းကြောင်း နောက်ခံများလည်းရှိကြောင်း၊ အရှေ့နှင့် အနောက်၏ မတူညီသည့် သဘောသဘာဝများ၊ ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများ၊ နိုင်ငံရေးအရ တည်ငြိမ်မှုရရှိရန် လိုအပ်နေမှုများကို တည်ငြိမ်မှုရှိအောင် ထိန်းသိမ်းဆောင်ရွက်နိုင်မှုမရှိပါက နိုင်ငံပြိုကွဲမည့်အခြေအနေများနှင့် ကြုံတွေ့နိုင်ကြောင်း၊ မိမိတို့အနေဖြင့် **နိုင်ငံတော်တွင် ဖြစ်ပေါ်ခဲ့သည့် သမိုင်းကြောင်းများကို သင်ခန်းစာယူ၍ အနာဂတ်တွင် ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး တည်ငြိမ်အေးချမ်းသည့် နိုင်ငံတော်ကို ပုံဖော်တည်ဆောက်ကြရမည်ဖြစ်**ကြောင်း။

နိုင်ငံ့ဝန်ထမ်းများဖြစ်သဖြင့် နိုင်ငံရေးအရ ဖြစ်ပေါ်ပြောင်းလဲမှုများကို ကျယ်ကျယ်ပြန့်ပြန့် သိရှိနားလည်ကြရန်လိုကြောင်း၊ လွတ်လပ်ရေးမရမီကာလနှင့် လွတ်လပ်ရေးရပြီးကာလတွင် ဆိုရှယ်လစ်စနစ်နှင့် အရင်းရှင်စနစ်တို့၏ အားပြိုင်ခဲ့မှုများရှိကြောင်း၊ ကိုလိုနီအစိုးရ၏ သွေးခွဲအုပ်ချုပ်မှုနှင့် နိုင်ငံရေးအရအယူဝါဒကွဲပြားမှုများကြောင့် တိုင်းရင်းသားလက်နက်ကိုင်ပဋိပက္ခများ ဖြစ်ပေါ်ခဲ့ရမှုများရှိသကဲ့သို့ လွတ်လပ်ရေးရရှိပြီးနောက်ပိုင်းကာလများ၌လည်း လက်နက်ကိုင်ပဋိပက္ခများနှင့် စီးပွားရေးအယူဝါဒ ကွဲပြားခဲ့မှုများရှိကြောင်း၊ ဆိုရှယ်လစ်စနစ်၌ စီမံခန့်ခွဲမှုအားနည်းချက်တို့ကြောင့် စီးပွားရေးကျဆင်းခဲ့ကာ အရေးအခင်းများဖြစ်ပေါ်ခဲ့ပြီး တိုင်းပြည်၏အခြေအနေယိမ်းယိုင်လာခဲ့ကာ အချုပ်အခြာအာဏာပြိုကွဲမည့်အခြေအနေနှင့် ရင်ဆိုင်လာခဲ့ရသဖြင့် ၁၉၈၈ ခုနှစ် စက်တင်ဘာလတွင် တည်ဆဲအစိုးရ၏လုပ်ငန်းများ ရပ်တန့်ခဲ့ရသောကြောင့် တပ်မတော်က ဝင်ရောက်ထိန်းသိမ်း တာဝန်ယူဆောင်ရွက်ခဲ့ရကြောင်း၊ ထိုသို့ တာဝန်ယူဆောင်ရွက်ပြီးချိန်တွင် နိုင်ငံတော်ကို ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းနိုင်ရေးဦးတည်ဆောင်ရွက်ခဲ့ကြောင်း။

၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် မဲမသမာမှုများဖြစ်ပွားခဲ့ချိန်၌ ဥပဒေနှင့်အညီ ဖြေရှင်းမှုများ ဆောင်ရွက်ပေးခဲ့မှုမရှိခြင်းကြောင့် တပ်မတော်အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ နိုင်ငံ့တာဝန်များကို ထမ်းဆောင်ခဲ့ရခြင်းဖြစ်ကြောင်း၊ **၂၀၂၁ ခုနှစ်မှစ၍ ယခုအချိန်ထိ တာဝန်ထမ်းဆောင်စဉ်ကာလအတွင်း နိုင်ငံရေးအရဖြစ်ပေါ်လာသည့် လက်နက်ကိုင်ပဋိပက္ခများ၊ နိုင်ငံရေးအရပိတ်ဆို့မှုများ၊ သဘာဝဘေးအန္တရာယ် ကြုံတွေ့ခဲ့မှုများနှင့် အခက်အခဲ၊ အကျပ်အတည်းများကို မိမိတို့အနေဖြင့် သစ္စာရှိနိုင်ငံ့ဝန်ထမ်းများ၊ တာဝန်သိပြည်သူများ၏ စုစည်းညီညွတ်သည့်အားဖြင့် ကျော်ဖြတ်နိုင်ခဲ့ခြင်းဖြစ်ကြောင်း။**

ဒီမိုကရေစီနိုင်ငံတစ်ခုတွင် ရွေးကောက်ပွဲသည် အလွန်အရေးကြီးသည့်အတွက် မိမိတို့အနေဖြင့် ယခုလ ၂၈ ရက်တွင် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း၊ ထိုသို့ကျင်းပပြုလုပ်ရာတွင်လည်း လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲဖြစ်စေရေး၊ သိက္ခာရှိသည့် **စာမျက်နှာ ၂၀ သို့**

# အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၏ ၆၄ နှစ်မြောက် တိုင်းနှစ်ပတ်လည်နေ့အထိမ်းအမှတ်အခမ်းအနား ပြုလုပ်



အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၏ ၆၄ နှစ်မြောက် တိုင်းနှစ်ပတ်လည်နေ့အထိမ်းအမှတ်အခမ်းအနား ကျင်းပစဉ်။

**နေပြည်တော် ဒီဇင်ဘာ ၁**

အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၏ ၆၄ နှစ်မြောက် တိုင်းနှစ်ပတ်လည်နေ့ စစ်ရေးပြအခမ်းအနားကို ယနေ့တွင် တိုင်းစစ်ဌာနချုပ် စစ်ရေးပြကွင်း၌ ပြုလုပ်ရာ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ တိုင်းမှူး ဗိုလ်မှူးချုပ် ကျော်နိုင်ဦးနှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက တိုင်းနှစ်ပတ်လည်နေ့အထိမ်းအမှတ် မိန့်ခွန်းပြောကြားပြီး အခမ်းအနားကို စစ်ရေးပြအစီအစဉ်အတိုင်း ဆက်လက်ကျင်းပသည်။ ထို့နောက် တိုင်းနှစ်ပတ်လည်နေ့ အထိမ်းအမှတ်အဖြစ် အရာရှိ၊ စစ်သည်၊ မိသားစုများအား ဂုဏ်ပြုဆုများ ပေးအပ်ခြင်းကို တိုင်းစစ်ဌာနချုပ် သံလွင်ခန်းမ၌ ပြုလုပ်ရာ တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများတွင် ထူးချွန်ဆုရရှိကြသည့် အရာရှိ၊ စစ်သည်၊ ရဲမေများ၊ ဝတ်စားဆင်ယင်မှု အကောင်းဆုံးဆုရရှိကြသူများ၊ ထူးချွန်ကျောင်းသား၊ ကျောင်းသူများနှင့် အိမ်ထောင်သည်လိုင်းခန်း သန့်ရှင်းရေးနှင့် စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများတွင် ဆုရရှိကြသူများကို တိုင်းမှူးနှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုများ အသီးသီးပေးအပ်ကြသည်။ ထို့ပြင် တိုင်းနှစ်ပတ်လည်နေ့ အထိမ်းအမှတ်အဖြစ် အရာရှိ၊ စစ်သည်များကို ဗလာမပါကံစမ်းမဲများ ဖောက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (ဗဟို)

---

**စာမျက်နှာ ၁၉ မှအဆက်**

ရွေးကောက်ပွဲဖြစ်စေရေး ကြိုတင်ပြင်ဆင်ခြင်းများကို စီမံဆောင်ရွက်ပြီးဖြစ်ကြောင်း၊ ရွေးကောက်ပွဲကို နိုင်ငံတော်၏လုံခြုံရေး အခြေအနေအရ အပိုင်းသုံးပိုင်းခွဲ၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲတွင် မဲမသမာမှုပြုလုပ်၍မရနိုင်သည့် မြန်မာ အီလက်ထရောနစ်မဲပေးစနစ် (MEVM)များဖြင့် ဆန္ဒမဲများပေးနိုင်ရေးစီမံဆောင်ရွက်ထားကြောင်း၊ **သင်တန်းသား၊ သင်တန်းသူများအနေဖြင့် ဆန္ဒမဲများပေးရာတွင် တိုင်းပြည်နှင့် ဒေသအကျိုးကို ဆောင်ရွက်နိုင်သူ၊ ဒို့တာဝန်အရေးသုံးပါးကို လိုက်နာစောင့်ထိန်းနိုင်သူ၊ တပ်မတော်သည် နိုင်ငံတော်တည်ရှိသရွေ့ တည်ရှိနေမည့် အခိုင်မာဆုံးသောအဖွဲ့အစည်း(Institution) ဖြစ်သဖြင့် တပ်မတော်နှင့် သဟဇာတဖြစ်စွာ လက်တွဲဆောင်ရွက်နိုင်သူများကို ရွေးချယ်၍ ဆန္ဒမဲပေးရန်လိုကြောင်း။**

စီးပွားရေးနှင့်ပတ်သက်၍ ခေတ်အဆက်ဆက်တွင် ကျင့်သုံးခဲ့သည့် စီးပွားရေးစနစ်များကို ပြန်လည်သုံးသပ်ကြည့်မည်ဆိုပါက ကုန်သွယ်မှုလိုငွေများရှိခဲ့ပြီး အဆိုပါလိုငွေများကို Non-Trade များမှရရှိသည့် ငွေများဖြင့် ပြန်လည်ဖြည့်တင်းခဲ့ကြောင်း၊ ဒီမိုကရေစီအစိုးရသက်တမ်းနှစ်ခုတွင်လည်း ကုန်သွယ်မှုလိုငွေများရှိခဲ့ကြောင်း၊ Non-Trade မှရသည့် ငွေများတွင် ပြည်ပမှ ချေးငွေများ၊ ထောက်ပံ့ငွေများ ပါဝင်ကြောင်း၊ ပြည်တွင်းကုန်ထုတ်လုပ်မှုများကို အားပေးဆောင်ရွက်မှသာလျှင် ထုတ်ကုန်ပစ္စည်းများ ရရှိလာမည်ဖြစ်ပြီး ပြည်ပပို့ကုန်များလည်း တိုးမြှင့်လာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် နိုင်ငံတော်တာဝန် ထမ်းဆောင်ချိန်တွင် အခက်အခဲများကြားမှ ကုန်သွယ်မှုလိုငွေများ လျော့နည်းစေရေး ကုန်ထုတ်လုပ်ငန်းများ တိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ခဲ့ကြောင်း၊ ကုန်ပစ္စည်းများ ထုတ်လုပ်နိုင်မှသာ ကုန်သွယ်မှုအတွက် လိုအပ်သည့် ပို့ကုန်များကိုရရှိမည်ဖြစ်ကြောင်း၊ ပို့ကုန်များရရှိမှသာ နိုင်ငံတော်အတွက် လိုအပ်သည့် နိုင်ငံခြားငွေများရရှိမည်ဖြစ်ပြီး ကုန်သွယ်မှုလိုငွေများ လျော့နည်းလာမည်ဖြစ်ကြောင်း။

ဝယ်လိုအားနှင့် ရောင်းလိုအား မမျှတခြင်းကြောင့် နိုင်ငံခြားငွေကြေးဈေးနှုန်းများ မြင့်တက်လာကြောင်း၊ ထို့ကြောင့်ပြည်တွင်း၌ လိုအပ်လျက်ရှိသည့် ထုတ်ကုန်ပစ္စည်းများကို လုံလောက်စွာထုတ်လုပ်ပြီး ပိုလျှံသည့် ထုတ်ကုန်များကို ပြည်ပသို့တင်ပို့နိုင်မည်ဆိုပါက နိုင်ငံအတွက်များစွာ အကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း၊ ထုတ်ကုန်များ ထုတ်လုပ်ရာတွင်လည်း ပြည်တွင်း၌ရှိပြီးဖြစ်သည့် စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်ထုတ်ကုန်များကို ပိုမိုတိုးတက်ထုတ်လုပ်နိုင်ရန်လိုကြောင်း၊ ပြည်တွင်း လိုအပ်ချက်ရှိသည့် အခြေခံစားကုန်၊ သုံးကုန်ပစ္စည်းများကို ပြည်တွင်း၌ ထုတ်လုပ်နိုင်မည်ဆိုပါက သွင်းကုန်အတွက် ကုန်ကျနေရသည့် နိုင်ငံခြားငွေ သုံးစွဲမှုကို လျှော့ချနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် စားကုန်၊ သုံးကုန်၊ သောက်ကုန်များကို ပြည်ပက တင်သွင်းခြင်းထက် ပြည်တွင်း၌ လုံလောက်စွာထုတ်လုပ်သွားမည်ဆိုပါက နိုင်ငံခြားငွေများ သုံးစွဲရမှုများစွာလျော့နည်းသွားမည်ဖြစ်ကြောင်း။

နိုင်ငံတော်တွင်ဖြစ်ပေါ်ခဲ့သည့် နိုင်ငံရေးအရဖြစ်ပေါ်ပြောင်းလဲမှုများ၊ စီးပွားရေးအရ ဖြစ်ပေါ်နေသည့်အခြေအနေများကို သိရှိနားလည်နိုင်ရန် ယခုကဲ့သို့အချိန်ယူ၍ အကျယ်တဝင့် ရှင်းလင်းပြောကြားခဲ့ခြင်းဖြစ်ကြောင်း၊ **သင်တန်းသားများအနေဖြင့်လည်း အချိန်ကုန်၊ ငွေကုန်၊ လူအပင်ပန်းခံ၍ သင်တန်းလာရောက်တက်ကြရသူများဖြစ်သဖြင့် သင်တန်းတက်ရောက်နေရသည့် အချိန်အတွင်း အမှန်တကယ်တတ်မြောက်အောင် သင်ယူသွားကြရန်နှင့် သင်တန်းပြီးဆုံးပါက အနာဂတ်နိုင်ငံတော်တည်ဆောက်ရေးအတွက် ကျရာတာဝန်များကို ထမ်းဆောင်ရချိန်တွင် အတိတ်တွင်ဖြစ်ပေါ်ခဲ့သည်များကို သင်ခန်းစာယူ၍ အကောင်းဆုံးဆောင်ရွက်သွားကြရန်** လိုကြောင်းဖြင့် မှာကြားသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် သင်တန်းသား၊ သင်တန်းသူများကို ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။ (ဗဟို)

**သင်တန်းသားများအနေဖြင့်လည်း အချိန်ကုန်၊ ငွေကုန်၊ လူအပင်ပန်းခံ၍ သင်တန်းလာရောက်တက်ကြရသူများဖြစ်သဖြင့် သင်တန်းတက်ရောက်နေရသည့်အချိန်အတွင်း အမှန်တကယ်တတ်မြောက်အောင် သင်ယူသွားကြရန်နှင့် သင်တန်းပြီးဆုံးပါက အနာဂတ်နိုင်ငံတော်တည်ဆောက်ရေးအတွက် ကျရာတာဝန်များကို ထမ်းဆောင်ရချိန်တွင် အတိတ်တွင်ဖြစ်ပေါ်ခဲ့သည်များကို သင်ခန်းစာယူ၍ အကောင်းဆုံးဆောင်ရွက်သွားကြရန်လို . . .**




## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

---

### ❒ အားကောင်းသောမုန်တိုင်းငယ်မှ

အနောက်-အနောက်တောင်ဘက် ရေမိုင် ၇၅၀ ခန့်၊ အိန္ဒိယနိုင်ငံ ပူဒူချယ်ရီမြို့၏အရှေ့မြောက်ဘက် ရေမိုင် ၇၅ မိုင်ခန့်နှင့် ချင်းနိုင်မြို့၏ အရှေ့တောင်ဘက် ရေမိုင် ၂၀ ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။


အားကောင်းသောမုန်တိုင်းငယ်၏ လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့်အခြေအနေမရှိသဖြင့် အဝါရောင် အဆင့်ဟု သတ်မှတ်သည်။

အဆိုပါ အားကောင်းသောမုန်တိုင်းငယ်သည် အိန္ဒိယနိုင်ငံ တမီးလ်နာဒူးမြောက်ပိုင်း-ပူဒူချယ်ရီကမ်းခြေနှင့် အင်ဒရာပရာဒေ့ရှ်တောင်ပိုင်းကမ်းခြေတို့နှင့် အပြိုင် မြောက်ဘက်သို့ ဖြည်းညင်းစွာ ဆက်လက်ရွေ့လျားနိုင်ပြီး နောက် ၁၂ နာရီအတွင်း မုန်တိုင်းငယ်အဖြစ် အားလျော့သွားနိုင်သည်ဟု ခန့်မှန်းရသည်။

အဆိုပါ အားကောင်းသော မုန်တိုင်းငယ်၏အရှိန်ကြောင့် မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ငါးပေမှ ခုနစ်ပေခန့်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ အားကောင်းသောမုန်တိုင်းငယ်၏ အရှိန်ကြောင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ရန် အသိပေးနှိုးဆော်အပ်ပါသည်။ (မိုး/ဇလ)

**၁-၁၂-၂၀၂၅ ရက်နေ့ မြန်မာစံတော်ချိန် ၁၅:၃၀ နာရီအချိန် တိုင်းထွာချက်အရ အားကောင်းသောမုန်တိုင်းငယ် လမ်းကြောင်းပြမြေပုံ**



# တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)မှ တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့ ငရုတ်ကောင်းမြို့နှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူ ၄၄၈ ဦးကို ဆေးဝါးကုသမှုများဆောင်ရွက်



တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)မှ တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့က ငရုတ်ကောင်းမြို့နှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

**နေပြည်တော် ဒီဇင်ဘာ ၁**

တပ်မတော် ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)ဖြင့် ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့သို့ ရောက်ရှိနေသည့် တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများ ပါဝင်သော တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ငပုတောမြို့နယ် ငရုတ်ကောင်းမြို့ တိုက်နယ်ဆေးရုံ၌ အခြေပြု၍ ငရုတ်ကောင်းမြို့နှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူ ၄၄၈ ဦးကို ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးကြသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသမှုဆိုင်ရာရောဂါ ၉၈ ဦး၊ ခွဲစိတ်ရောဂါ ၄၈ ဦး၊ သားဖွားမီးယပ်ရောဂါ ၁၂ ဦး၊ ကလေးရောဂါ ၃၁ ဦး၊ အရိုးရောဂါ ၇၅ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါဦးရေ ၃၀၊ မျက်စိရောဂါ ၉၇ ဦးနှင့် သွားနှင့်ခံတွင်းရောဂါ ၅၇ ဦး စုစုပေါင်း ၄၄၈ ဦးတို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ ၎င်းတို့အနက် အထွေထွေခွဲစိတ်လူနာ ငါးဦး၊ မျက်စိခွဲစိတ်လူနာ ကိုးဦး၊ သွားနုတ်၊ သွားဖာ ၄၈ ဦး၊ ဓာတ်မှန်ရိုက်လူနာ သုံးဦး၊ Ultrasound စက်ဖြင့် စမ်းသပ်စစ်ဆေးလူနာ ၆၁ ဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၄၉ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၂၉ ဦးတို့ကို ရောဂါရှာဖွေစမ်းသပ်ကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

ထို့ပြင် တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့မှ ပါရဂူများ၊ ဆေးမှူးများသည် ယနေ့နံနက်ပိုင်းတွင် ငရုတ်ကောင်းမြို့ အခြေခံပညာအထက်တန်းကျောင်း၌ "နှလုံးနှင့် သွေးကြောဆိုင်ရာ ကျန်းမာရေး"၊ "ကျန်းမာဖွံ့ဖြိုးဉာဏ်ရည်တိုး" ခေါင်းစဉ်များဖြင့် ကျောင်းကျန်းမာရေးပညာပေး ဟောပြောခြင်းနှင့် ကျောင်းသား၊ ကျောင်းသူများကို ကျန်းမာရေးစစ်ဆေးခြင်းများ ဆောင်ရွက်ပေးပြီး ကျောင်းသား၊ ကျောင်းသူများအတွက် သန်ချဆေးနှင့် အားဆေးများကို ပေးအပ်ခဲ့သည်။

၎င်းပြင် တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့မှ ပါရဂူများသည် နိုဝင်ဘာ ၃၀ ရက် ည ၇ နာရီ ၃၃ မိနစ်တွင် တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ် (သံလွင်)ပေါ်၌ ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ပန်းမော်ရွာနေ ဦးမင်းခန့်ကြူ၏ ဇနီး ဒေါ်ပိုးနှင်းငြိမ်း၏ ပထမဆုံးကိုယ်ဝန်အဖြစ် သမီးမိန်းကလေး ၆ ပေါင် ၁၃ အောင်စကို အောင်မြင်စွာ ခွဲစိတ်မွေးဖွားပေးခဲ့ပြီး မိခင်နှင့်ကလေး နှစ်ဦးလုံး ကျန်းမာရေးကောင်းမွန်လျက်ရှိကြောင်းနှင့် ၎င်းကလေးငယ်ကို တာဝန်ရှိသူများက ချီးမြှင့်ငွေနှင့် ကလေးအသုံးအဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြသည်။ အဆိုပါကလေးငယ်သည် ယခုခရီးစဉ်တွင် ငါးဦးမြောက် မွေးဖွားသည့် ကလေးငယ်ဖြစ်ကြောင်း သိရသည်။

အဆိုပါ တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့သည် ရန်ကုန်တိုင်းဒေသကြီး ကိုကိုးကျွန်းမြို့နယ်နှင့် ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့နယ် အတွင်းရှိ ကျေးရွာများနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများကို ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန်အတွက် တပ်မတော်ပင်လယ်သွားဆေးရုံ ရေယာဉ်(သံလွင်)ဖြင့် ရောက်ရှိနေခြင်းဖြစ်သည်။





ထိုသို့ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများအပေါ် ဒေသခံပြည်သူများ၏ စကားသံများကိုလည်း ယခုကဲ့သို့ ကြားသိရပါသည်-

"မြို့နယ် အုပ်ချုပ်ရေးမှူးတွေက ကျွန်တော့်အစ်ကိုတွေကို ပြောတာပေါ့။ ဒီသင်္ဘောလာဖို့ရှိတယ် မွေးမလားပေါ့။ သွားပြီး စစ်ဆေးကြည့်လဲရတယ်ပေါ့။ အဲ့ဒါနဲ့လာဖြစ်သွားတာ။ ခံစားရတာတော့ ရင်တွေလဲ တအားတုန်တယ်၊ အခုလိုလာပြီးတော့ ကလေးရော မိခင်ရော ကျန်းမာတဲ့အတွက် အဆင်ပြေအောင် လုပ်ပေးတဲ့အတွက် အကုန်လုံးကျေးဇူးတင်ပါတယ်။ ကျွန်တော်တို့သွားရေးလာရေး စားဖို့သောက်ဖို့အကုန်လုံးပေါ့။ အိပ်ဖို့ကအစ အကုန်လုံးလုပ်ပေးတယ်။ ဆေးရုံကနေပြီးတော့ ကမ်းနားလှေမကူးခင် ကားနဲ့ပေါ့ ကားနဲ့ခေါ်ပေးတယ်။ အဲ့ဒီကနေ စက်လှေနဲ့ ဒီသင်္ဘောဆီကို အဆင်ပြေအောင်လို့ ခေါ်ပေးတယ်ပေါ့။ ဆရာဝန်နဲ့တွေ့တော့ ဆရာဝန်က မိခင်ကိုတော့စစ်တာပေါ့၊ သူ့အခြေအနေကြည့်ပြီးတော့ Ultrasound သွားရိုက်ခိုင်းတယ်။ သွေးစစ်ဘာညာလုပ်ပြီးတော့ ခွဲမှာလားမေးတယ်။ ခွဲမယ်ဆိုတော့ ဒီကိုတစ်ခါထဲဆက်လာတာပေါ့။ မိခင်ရော ကလေးရော ကလေးလဲ အပြင်ရောက်လာပြီဆိုတော့ ဆရာဝန်ကြီးတွေရော အကုန်လုံးကိုကျေးဇူးတင်ပါတယ်။ ကိုယ့်ကလေးမြင်ရတော့လဲ ပျော်လဲပျော်တယ်၊ ပီတိလဲဖြစ်တာပေါ့" ဟု ပြောသည်။

"ဒီနေ့ဟောပြောပွဲကတော့ ကျွန်တော်တို့အတွက်အကျိုးကျေးဇူးအများကြီးရပါတယ်။ ကျောင်းသားတစ်ဦးတော်ဖို့ဆိုရင် ကျွန်တော်တို့ကျန်းမာဖို့အရေးကြီးတယ်။ ပြီးတော့ အာဟာရပြည့်အောင်စားရမယ်၊ ကိုယ်လက်လှုပ်ရှားလုပ်ရမယ်၊ အများကြီးရပါတယ်။ အခုလိုမျိုး ကျွန်တော်တို့ ဒီငရုတ်ကောင်းဒေသကိုလာပြီးတော့ အခမဲ့ဆေးကုသပေးတာ ကျွန်တော်တို့တွေ အများကြီး ကျေးဇူးတင်ပါတယ်။ နောက်နောင်ကိုလဲ လာပေးစေချင်ပါတယ်" ဟု ပြောသည်။ (၅၀၁)

# တပ်မတော်မြစ်တွင်းသွား ဆေးရုံရေယာဉ်(ရွှေပုဇွန်)၊ မြစ်ရေယာဉ်(စကု)မှ နယ်လှည့်ဆေးကုသရေးအဖွဲ့ လပွတ္တာမြို့နယ် ဘီတွတ်ကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများရှိ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် ဒီဇင်ဘာ ၁**

ဧရာဝတီ မြစ်ကြောင်းတစ်လျှောက်ရှိ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန်အတွက် တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)၊ မြစ်ရေယာဉ်(စကု)တို့နှင့်အတူ လိုက်ပါလာသည့် တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများပါဝင်သော နယ်လှည့်အထူးကုဆေးအဖွဲ့သည် ယနေ့မွန်းလွဲပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ် ဘီတွတ်ကျေးရွာသို့ ရောက်ရှိရာ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်မိရပ်ဖများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဒေသခံပြည်သူများက သောင်းသောင်းဖြဖြ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့များသည် လပွတ္တာမြို့နယ် ဘီတွတ်ကျေးရွာရှိ သာသနာ့ဗေယျူ ကျောင်းတိုက်၌ အခြေပြု၍ ၎င်းကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူ ၅၁၄ ဦးကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသမှုဆိုင်ရာရောဂါ ၁၈၈ ဦး၊ ခွဲစိတ်ရောဂါ ၃၉ ဦး၊ သားဖွားမီးယပ်ရောဂါ ၃၁ ဦး၊ ကလေးရောဂါ ၃၈ ဦး၊ အရိုးရောဂါ ၉၈ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၃၄ ဦး၊ မျက်စိရောဂါ ၅၄ ဦးနှင့် သွားနှင့်ခံတွင်းရောဂါ ၃၂ ဦး စုစုပေါင်းဒေသခံပြည်သူ ၅၁၄ ဦးတို့ကို လိုအပ်သည့် ဆေးဝါးကုသ မှုများ ဆောင်ရွက်ပေးသည်။ ၎င်းတို့အနက် အထွေထွေခွဲစိတ်လူနာ ငါးဦး၊ သွားနုတ်၊ သွားဖာ ၁၄ ဦး၊ ဓာတ်မှန်ရိုက်လူနာ ၁၈ ဦး၊ Ultrasound စက်ဖြင့် စမ်းသပ်စစ်ဆေးလူနာ ၃၅ ဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၁၃ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၄၉ ဦးတို့ကို ရောဂါရှာဖွေ စမ်းသပ်ကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများအပေါ် ဒေသခံပြည်သူများ၏ စကားသံများကို ယခုကဲ့သို့ ကြားသိရပါသည် -






"အရိုးအကြောမကောင်းလို့ လာပြတာပါ။ ကြာပြီ အနှစ် ၂၀ ကျော်ပြီ အဲ့ဒီလိုပဲ ကောင်းလိုက်မကောင်းလိုက်နဲ့ပေါ့။ အခုမျက်စိလဲပြဖို့လာတာ မျက်စိတော့မပြရသေးဘူး။ အရိုးအကြောတော့ ပြပြီးသွားပြီ။ အရိုးတွေကကိုက်တာပေါ့ ထလို့ထိုင်လို့မကောင်းဘူးပေါ့။ မကောင်းတဲ့ကြားထဲက အဲ့ဒီလိုကိုယ့်အိမ်မှာကိုယ် အလုပ်လုပ်နေတာပဲပေါ့။ ဆေးသောက်လိုက် ဆေးထိုးလိုက် အဲ့ဒီလိုနေရတာပဲ အခုလိုလူတွေအများကြီးပဲ လာလာပြကြပါတယ်။ ရွှေပုဇွန် သင်္ဘောကြီးလာပြီဆို အစောကြီးတည်းက သတင်းကြည့်ထားတာပေါ့။ ဘယ်တော့လာမလဲဆိုတာ သိကြတာပေါ့နော်။ အခြားတစ်ပါးမသွားနိုင်တဲ့သူတွေ ဒီမှာကုရတာလေ။ တချို့တွေဆို လပွတ္တာတောင်သွားမကုနိုင်တဲ့သူတွေအများကြီးရှိသေးတယ်။ ဝမ်းသာတာပေါ့ ကိုယ့်ရွာမှာ ဒီလိုလာပြီးတော့ ဆေးကုသပေးတာ အခမဲ့လာကုသပေးတော့ ဝမ်းသာတာပေါ့" ဟု ပြောသည်။

"ဒူးနာလို့လာပြတာပါ ဒူးနာတာတော့ လေးငါးခြောက်လလောက်ရှိပါပြီ။ ဒီဒူးနာတဲ့ ဝေဒနာက ထော့နဲ့ထော့နဲ့ သွားနေရတာ ဘယ်လိုမှ အဆင်မပြေဘူးလေ။ အခုလိုမျိုးဆေးထိုးပေးတယ်ဆို ကောင်းသွားတယ်ဆိုရင် ကျွန်မတို့လောက်ပျော်တဲ့သူ ရှိတောင်မရှိဘူး။ ကိုယ့်ရွာကိုယ့်နယ်ကလူတွေ ဒီလိုမျိုးကုသနိုင်ဖို့ဆိုတာ မလွယ်ဘူးလေ။ အကုန်လုံးအတွက်လဲ ကျေးဇူးတင်ပါတယ်။ ဝမ်းလဲဝမ်းသာပါတယ်။ ဒီအဖွဲ့ကိုလဲ ကြိုဆိုပါတယ်။ ပျော်လဲပျော်ပါတယ်။ ကျေးဇူးလဲအများကြီးတင်ပါတယ်။ ဘယ်တော့မှလဲ မမေ့ပါဘူး စိတ်ထဲမှာလဲ အမြဲတမ်းမှတ်ထားပါတယ်" ဟု ပြောသည်။



တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)၊ မြစ်ရေယာဉ်(စကု)မှ နယ်လှည့်ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

(၅၀၁)

## နိုဝင်ဘာ ၂၃ ရက်မှ ၃၀ ရက်ထိ ထုတ်ပြန်ချက်တွင် ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိ

နေပြည်တော် ဒီဇင်ဘာ ၁

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၂၃ ရက် ည ၈ နာရီမှ နိုဝင်ဘာ ၃၀ ရက် ည ၈ နာရီထိ ရက်သတ္တပတ်အတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း ၄၃ ခုကို စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိရပါ။

လတ်တလောတွင် မိမိတို့နိုင်ငံအတွင်း၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွား၊ သေဆုံးမှုနှင့် စပ်လျဉ်း၍ စိုးရိမ်ဖွယ်ရာအခြေအနေမရှိသော်လည်း ရောဂါဖြစ်ပွားမှုမှ ကြိုတင်ကာကွယ်နိုင်ရန်အတွက် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို လိုက်နာဆောင်ရွက်ရန်လိုအပ်ပြီး ရောဂါကူးစက်ခံရပါက ရောဂါပြင်းထန်နိုင်ခြေနှင့် အသက်ဆုံးရှုံးနိုင်ခြေ မြင့်မားသည့် အသက်အရွယ်ကြီးသူများ (အသက် ၆၀ နှစ်နှင့်အထက်)၊ ဆီးချိုရောဂါ၊ နာတာရှည်အဆုတ်ရောဂါ၊ ကင်ဆာရောဂါရှိသူများ၊ ကိုယ်ဝန်ဆောင်မိခင်များ (ကိုယ်ဝန်ဆောင်ကာလ သုံးလနှင့်အထက်)ကို ဦးစားပေးအစီအစဉ်ဖြင့် ကိုဗစ်-၁၉ ရောဂါ ထပ်ဆောင်းကာကွယ်ဆေးထိုးနှံပေးနေပြီဖြစ်ပါ၍ ကာကွယ်ဆေးထိုးနှံမှုခံယူကြရန် လိုအပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ အသေးစိတ်သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

မြန်မာနိုင်ငံရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာန (Myanmar CDC)
ပြည်သူ့ကျန်းမာရေးဦးစီးဌာန ကျန်းမာရေးဝန်ကြီးဌာန

## "ပြည်သူ့ကြားက ပြည်သူ့စကား"အစီအစဉ်

မျက်မှောက်ကာလတွင်ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများကို သဇင် FM ၏ **"ပြည်သူ့ကြားက ပြည်သူ့စကား"** အစီအစဉ်မှ **"တိုင်းပြည်၏ အနာဂတ်ကောင်းကျိုးအတွက် ကြိုးပမ်းထမ်းဆောင်နေကြသော နိုင်ငံ့ဝန်ထမ်းတွေကို ခြိမ်းခြောက်ဖမ်းဆီးသတ်ဖြတ်နေတဲ့ အကြမ်းဖက် PDF"** ခေါင်းစဉ်ဖြင့် ၃-၁၂-၂၀၂၅ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ၁၀-၁၂-၂၀၂၅ ရက် မွန်းလွဲ ၁ နာရီတွင် **"ကြိုတင်မြော်တွေးချက်နဲ့ ပြည်သူ့အကျိုးအတွက် နွေးထွေးတဲ့ကမ်းလင့်ချက်"** ခေါင်းစဉ်ဖြင့် ဆက်လက်ဆွေးနွေးတင်ဆက်မည်ဖြစ်ပါသည်။ အထက်ပါအစီအစဉ်ကို အပတ်စဉ်ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ်ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

## ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၁ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၅၉၈၀၀၀၀ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

၁။ ကာကွယ်ရေးဝန်ကြီးဌာန(https://www.mod.gov.mm)

၂။ ဥပဒေရေးရာဝန်ကြီးဌာန(https://www.mlis.gov.mm)

၃။ ပြန်ကြားရေးဝန်ကြီးဌာန(https://www.moi.gov.mm)

၄။ Myawady Webportal(https://myawady.net.mm)

၅။ Myanmar National Portal(https://myanmar.gov.mm)

## ထူးခြားသည့် ညအပူချိန်များ

(၁ - ၁၂ -၂၀၂၅)

| | | | | |
|---|---|---|---|---|
| ဟားခါး | ၁ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယပ် |
| လွိုင်လင် | ၂ | ဒသမ | ၉ | ဒီဂရီဆဲလ်စီးယပ် |
| ပင်လောင်း | ၃ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| နမ့်စန် | ၄ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| ဟဲဟိုး | ၄ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |
| တီးတိန် | ၅ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |
| ပြင်ဦးလွင် | ၆ | ဒသမ | ၄ | ဒီဂရီဆဲလ်စီးယပ် |
| မိုင်းယန်း | ၆ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |
| လားရှိုး | ၇ | ဒသမ | ၁ | ဒီဂရီဆဲလ်စီးယပ် |
| ကျိုင်းတုံ | ၇ | ဒသမ | ၃ | ဒီဂရီဆဲလ်စီးယပ် |

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

**(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဌာနချုပ်ရုံး (နေပြည်တော်)**
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

**(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)**
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

**(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)**
- (၁) ၀၉-၃၄၉၀၃၅၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

**(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)**
- (၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

**(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)**
- (၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၁၉၁၀

**(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)**
- (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၈၉၀၉၃၇၅၇၄

**(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)**
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

**(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)**
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

**(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(ပဲခူးတိုင်းဒေသကြီး)**
- (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

**(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသ ကြီး)**
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

**(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)**
- (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

**(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)**
- (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

**(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)**
- (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

**(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)**
- (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

**(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)**
- (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

**(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)**
- (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများကို တိကျစွာဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန်သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများပြုလုပ်ပါကဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်းအသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

# KK Park နယ်မြေအတွင်းရှိ အွန်လိုင်းလိမ်လည်မှုနှင့် လောင်းကစားမှုများကျူးလွန်ရာတွင် အသုံးပြုသည့် အဆောက်အအုံ ခုနစ်လုံး ဖြိုချဖျက်ဆီးပြီးစီး၊ ရွှေကုက္ကိုလ်နယ်မြေအတွင်းရှိ တရားမဝင်အဆောက်အအုံ ၁၃ လုံး ချိပ်ပိတ်သိမ်းဆည်းပြီးဖြစ်




**နေပြည်တော် ဒီဇင်ဘာ ၁**

မြန်မာနိုင်ငံအစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်မှုများနှင့် အွန်လိုင်းလောင်းကစားမှုများ အများဆုံးအခြေချလုပ်ကိုင်လျက်ရှိကြသည့် ရွှေကုက္ကိုလ်နယ်မြေနှင့် KK Park နယ်မြေများ၌ လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် ဒေသတွင်း တာဝန်ရှိသူများအပါအဝင် အဖွဲ့စုံပါဝင်သည့် ပူးပေါင်းအဖွဲ့ဖြင့် တရားမဝင် အဆောက်အအုံများအတွင်း ဝင်ရောက်ရှင်းလင်းခြင်း၊ အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ငန်းစဉ်များတွင်အသုံးပြုခဲ့သည့် သိမ်းဆည်းရမိပစ္စည်းများနှင့် တရားမဝင်အဆောက်အအုံများကို စနစ်တကျဖြိုချဖျက်ဆီးခြင်းများ ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် မြဝတီ-မယ်ထော်သလေး (KK Park) အပိုင်း(၃)နယ်မြေအတွင်းရှိ တရားမဝင်အဆောက်အအုံများဖြစ်သော တစ်ထပ်အဆောက်အုံ တစ်လုံး၊ နှစ်ထပ်အဆောက်အအုံ လေးလုံး၊ လေးထပ်အဆောက်အအုံ နှစ်လုံး စုစုပေါင်း တရားမဝင်အဆောက်အအုံ ခုနစ်လုံးကို ထပ်မံဖြိုချဖျက်ဆီးခဲ့သဖြင့် အပိုင်း(၃)နယ်မြေအတွင်းရှိ အဆောက်အအုံ ၄၂၅ လုံးအနက် ယနေ့ထိ ၁၃၅ လုံး ဖြိုချဖျက်ဆီးခဲ့ကြောင်းနှင့် KK Park နယ်မြေအတွင်းရှိ တရားမဝင်အဆောက်အအုံ စုစုပေါင်း၆၃၅ လုံးအနက် ၂၈၃ လုံးကို ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်း သိရသည်။

အလားတူ ရွှေကုက္ကိုလ်နယ်မြေအတွင်း၌လည်း ရှင်းလင်းဖော်ထုတ်မှုများကို နိုဝင်ဘာ ၁၈ ရက်မှ စတင်ဆောင်ရွက်ခဲ့ရာ ယနေ့တွင်လည်း ရွှေကုက္ကိုလ်နယ်မြေအတွင်းရှိ အွန်လိုင်းလိမ်လည်မှုနှင့် ဆက်နွယ်သော အဆောက်အအုံ ၆၁ လုံးတို့ကို ထပ်မံစစ်ဆေးခဲ့ရာ အွန်လိုင်းလိမ်လည်မှုနှင့် လောင်းကစားမှုလုပ်ငန်းများ လုပ်ကိုင်နေသူများကို တွေ့ရှိရခြင်းမရှိဘဲ လုပ်ငန်းလုပ်ဆောင်ရာတွင် အသုံးပြုသည့် ပစ္စည်းများကိုလည်း တစ်ပါတည်း ဖြုတ်သိမ်း ယူဆောင်သွားခဲ့ကြောင်း စစ်ဆေးတွေ့ရှိရသည်။

ထို့ပြင် ရွှေကုက္ကိုလ်နယ်မြေအတွင်း အွန်လိုင်းလိမ်လည်မှုများလုပ်ဆောင်ရာတွင် အသုံးပြုခဲ့သည့်အဆောက်အအုံများကို နိုဝင်ဘာ ၁၈ ရက်မှ စတင်စစ်ဆေးခဲ့ရာ ယနေ့ထိ တရားမဝင်အဆောက်အအုံ အလုံး ၁၄၀ ကို စစ်ဆေးတွေ့ရှိရပြီး အဆိုပါ အဆောက်အအုံများကို ပြန်လည်အသုံးပြုမှုမရှိစေရေးအတွက် သိမ်းဆည်းချိပ်ပိတ်ခြင်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် တရားမဝင်အဆောက်အအုံ ၁၃ လုံးကို ထပ်မံချိပ်ပိတ်သိမ်းဆည်းနိုင်ခဲ့ပြီး တရားမဝင်အဆောက်အအုံ စုစုပေါင်း ၁၃၂ လုံးကို ချိပ်ပိတ်သိမ်းဆည်းပြီးဖြစ် ကြောင်း သိရသည်။

ရွှေကုက္ကိုလ်နယ်မြေအတွင်း စုစုပေါင်း ဖော်ထုတ်ရှင်းလင်းမှုများအရ ယနေ့ထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်နေထိုင်သည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၁၉၅၄ ဦးနှင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် ကွန်ပျူတာအလုံး ၃၃၁၀၊ မိုဘိုင်းဖုန်း အလုံး ၂၁၈၇၀ ၊ Star Link ဗန်း ၁၀၂ လုံး၊ Router ၂၂ လုံးနှင့် လုပ်ငန်းသုံးပစ္စည်းအများအပြားကို စိစစ်တွေ့ရှိ ဖမ်းဆီးရမိခဲ့ပြီး သိမ်းဆည်းရမိပစ္စည်းများကို စနစ်တကျ ဖျက်ဆီးရှင်းလင်းခဲ့ကြောင်းနှင့် ဖော်ထုတ်ရှင်းလင်းခြင်းများကို ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ကရင်ပြည်နယ် မြဝတီမြို့-ရွှေကုက္ကိုလ်နယ်မြေတွင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများအပါအဝင် ဒုစရိုက်မှုများကျူးလွန်ခဲ့ကြသည့် တရုတ်နိုင်ငံသား ၁၃၁ ဦးနှင့် ပါကစ္စတန်နိုင်ငံသား ဦးရေ ၃၀ စုစုပေါင်း ပြည်ပနိုင်ငံသား ၁၆၁ ဦးတို့ကို ယနေ့တွင် မြန်မာ-ထိုင်း အမှတ်(၂)ချစ်ကြည်ရေးတံတားမှ တစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကို ရှေးရှု၍ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ထပ်မံလွှဲပြောင်းပေးသည်။

ယခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ ဒီဇင်ဘာ ၁ ရက်ထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၁၂၉၄၅ ဦး ထိန်းသိမ်းနိုင်ခဲ့ကြောင်းနှင့် ယင်းနိုင်ငံသားအားလုံးကို စစ်ဆေးပြီးစီးခဲ့ကြောင်း၊ ၎င်းတို့အနက်မှ ဦးရေ ၁၀၁၉၀ ကို **စာမျက်နှာ ၂၄ သို့**



KK Park နယ်မြေ အပိုင်း(၃)တွင် တရားမဝင်ဆောက်လုပ်ထားသည့် တစ်ထပ်လူနေအဆောက်အအုံ မဖြိုဖျက်မီ တွေ့ရစဉ်။



KK Park နယ်မြေ အပိုင်း(၃)တွင် တရားမဝင် ဆောက်လုပ်ထားသည့် တစ်ထပ်လူနေအဆောက်အအုံ ဖြိုဖျက်ပြီးစီးမှုကို တွေ့ရစဉ်။



အွန်လိုင်းလိမ်လည်မှုများဆောင်ရွက်ရာတွင် အသုံးပြုခဲ့သည့်အဆောက်အအုံများကို ချိပ်ပိတ်သိမ်းဆည်းမှု မှတ်တမ်းဓာတ်ပုံ။



အွန်လိုင်းလိမ်လည်မှုများနှင့် အွန်လိုင်းလောင်းကစားမှုတွင် အသုံးပြုခဲ့သည့် အသုံးဆောင်ပစ္စည်းများ မီးရှို့ဖျက်ဆီးနေမှုကို တွေ့ရစဉ်။



တရားမဝင်နိုင်ငံခြားသားများထားရှိနိုင်သည့် ရှစ်ထပ်တိုက်အဆောက်အအုံအား ဝင်ရောက်ရှင်းလင်းနေမှုကို တွေ့ရစဉ်။



တရားမဝင်နိုင်ငံခြားသားများထားရှိနိုင်သည့် ငါးထပ်တိုက်အဆောက်အအုံအား ဝင်ရောက်ရှင်းလင်းနေမှုကို တွေ့ရစဉ်။

# ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲမြို့နယ် တောင်ထိပ်ကျေးရွာ ဒုဋ္ဌဝတီမြစ်အနီး၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ငန်းများ လုပ်ကိုင်နေသူများကို အဆောက်အအုံများ၊ လုပ်ငန်းသုံးပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိ

ကျောက်မဲမြို့အနီး အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ကိုင်နေသူများအား လူနေအဆောက်အအုံများ လုပ်ငန်းသုံးပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိနေရာပြပုံ




**နေပြည်တော် ဒီဇင်ဘာ ၁**

နိုင်ငံတကာနှင့် တစ်ကမ္ဘာလုံးကို အန္တရာယ်ပေးနေသည့် အွန်လိုင်းလိမ်လည်မှုများ၊ အွန်လိုင်းလောင်းကစားမှုများ တိုက်ဖျက်ရေးလုပ်ငန်းများကို နိုင်ငံတော်အစိုးရအနေဖြင့် အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူကာ အလေးထားတိုက်ဖျက်ဆောင်ရွက်လျက်ရှိပြီး မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေးအတွက် ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံ အစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ အဆိုပါဒုစရိုက်မှုနှိမ်နင်းရေးလုပ်ငန်းများကို တက်ကြွစွာဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၃၀ ရက်နှင့် ယနေ့တို့တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲမြို့နယ် တောင်ထိပ်ကျေးရွာအနီး၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ငန်းများလုပ်ကိုင်နေသည့် ပြည်ပနိုင်ငံသား ၂၈ ဦးကို အွန်လိုင်းလိမ်လည်လောင်းကစားမှုများပြုလုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ၊ လူနေအဆောက်အအုံများနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ကျောက်မဲမြို့နယ်အတွင်း နယ်မြေလုံခြုံရေးဆောင်ရွက်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များသည် နိုဝင်ဘာ ၃၀ ရက်တွင် ကျောက်မဲမြို့နယ် တောင်ထိပ်ကျေးရွာ၏ တောင်ဘက် ဒုဋ္ဌဝတီမြစ်အနီးသို့ရောက်ရှိစဉ် မသင်္ကာဖွယ်ရာ အဆောက်အအုံများကို တွေ့ရှိရသဖြင့် ဝင်ရောက်ရှာဖွေစစ်ဆေးခဲ့ရာ အွန်လိုင်းငွေကြေးလိမ်လည်မှုနှင့် လောင်းကစားမှုများ လုပ်ဆောင်နေသည့်နေရာဖြစ်ကြောင်း တွေ့ရှိရပြီး လုပ်ငန်းလုပ်ကိုင်နေကြသူများကို မတွေ့ရှိရဘဲ အလျား ပေ ၆၀၊ အနံ ပေ ၃၀ ရှိ သွပ်မိုး သုံးထပ်သားကာ အိပ်ဆောင် ခြောက်လုံး၊ အလျား ပေ ၆၀၊ အနံ ပေ ၃၀ ရှိသွပ်မိုးသုံးထပ်သားကာ လုပ်ငန်းဆောင် ငါးလုံး၊ အလျား ပေ ၆၀၊ အနံ ပေ ၃၀ ရှိ သွပ်မိုး သုံးထပ်သားကာ အစားအစာသိုလှောင်ရုံ ခြောက်လုံး၊ အလျား ပေ ၆၀၊ အနံ ပေ ၃၀ ရှိ ဆောက်လုပ်ဆဲလုပ်ငန်းဆောင် တစ်လုံး၊ အလျား ပေ ၆၀၊ အနံ ပေ ၃၀ ရှိဆောက်လုပ်ဆဲ အိပ်ဆောင်တစ်လုံး၊ အလျား ပေ ၈၀၊ အနံ ၁၅ ပေရှိ အထွေထွေသုံးအဆောင် တစ်လုံး၊ အလျား ပေ ၈၀၊ အနံ ၁၀ ပေရှိ သုံးထပ်သားကာ တန်းလျားရှည်အိမ်သာ တစ်လုံး၊ အလျား ပေ ၃၀၊ အနံ ၁၀ ပေရှိ အိပ်ခန်းတွဲ လေးခန်းတွဲ အိပ်ဆောင် တစ်လုံး၊ အိပ်ခန်းလေးခန်းတွဲ (ရိက္ခာစတိုပါ) နှစ်ထပ်ဆောင်တစ်လုံး၊ မီးစက်အကြီး တစ်လုံး၊ ၁၅ ပေ အမြင့် ကင်းစောင့်သစ်သားမျှော်စင် ငါးလုံး၊ အလျား ပေ ၂၀၊ အနံ ၁၀ ပေ အိပ်ဆောင် တန်းလျား တစ်လုံး၊ အလျား ပေ ၇၀၀၊ အနံ ပေ ၄၀၀ သွပ်ကာခြံဝင်း တစ်ခု၊ All In One Desktop ကွန်ပျူတာအလုံး ၃၀၊ Star Link ဗန်း ၁၀ ခု၊ Air Cooler တစ်လုံး၊ Xiaomi ဝိုင်ဖိုင်စက် နှစ်လုံး၊ Sound Box တစ်လုံး၊ Power Station သုံးလုံး၊ ငွေရေတွက်စက် တစ်လုံး၊ ငွေကတ်ဖြတ်စက် သုံးလုံး၊ ကွန်ပျူတာဆက်စပ်ပစ္စည်းများနှင့် အခြားလျှပ်စစ်သုံးပစ္စည်းများကို တွေ့ရှိသိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ဆက်လက်၍ လုံခြုံရေးတပ်ဖွဲ့ဝင်များသည် နယ်မြေလုံခြုံရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်စဉ် တောင်ထိပ်ကျေးရွာအနီးထပ်မံ၍ရှင်းလင်းရာ အဆိုပါနေရာ၏ မြောက်ဘက်တွင် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ လုပ်ကိုင်နေသူများဖြစ်သည့် တရုတ်နိုင်ငံသား ၁၀ ဦးကိုလည်းကောင်း၊ ယနေ့တွင် အဆိုပါနေရာ၏မြောက်ဘက်တောင်ထိပ်ကျေးရွာ၏ တောင်ဘက်တွင် တရုတ်နိုင်ငံသား ၁၀ ဦးကိုလည်းကောင်း၊ တောင်ထိပ်ကျေးရွာ၏ မြောက်ဘက်ရှိ ပုံဝိုးကျေးရွာအနီးတွင်လည်း တရုတ်နိုင်ငံသား ရှစ်ဦးကိုလည်းကောင်း အသီးသီးဖမ်းဆီးရမိခဲ့သည်။

နိုင်ငံတော်အနေဖြင့် အွန်လိုင်းလိမ်လည် လောင်းကစားမှုကျူးလွန်ခြင်းများ ပပျောက်စေရေးကို မြန်မာနိုင်ငံအတွင်း ကျယ်ကျယ်ပြန့်ပြန့် ဆက်လက်နှိမ်နင်းသွားမည်ဖြစ်ပြီး ၎င်းလုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှ ကြိုးကိုင်နေသူများကို ဖော်ထုတ်ဖမ်းဆီး၍ ထိထိရောက်ရောက် ပြင်းပြင်းထန်ထန် အရေးယူနိုင်ရေး အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတာကာ အဖွဲ့အစည်းများနှင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ ထို့ကြောင့် အဆိုပါ သိမ်းဆည်းရမိ အွန်လိုင်းလိမ်လည် လောင်းကစားမှုများ ပြုလုပ်ရာတွင် အသုံးပြုသည့်ဆက်စပ်ပစ္စည်းများ၊ လူနေအဆောက်အအုံများ၊ နေရာထိုင်ခင်းများကို မီးရှို့ဖျက်ဆီးခဲ့ပြီး ဖမ်းဆီးရမိသူများနှင့် ပါဝင်ပတ်သက်သူများကို စနစ်တကျစိစစ်ဖော်ထုတ်ကာ တရားဥပဒေနှင့်အညီ တရားစွဲဆိုအရေးယူဆောင်ရွက်နိုင်ရေးနှင့် ပြည်ပနိုင်ငံသားများကို လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကို ရှေးရှု၍ သက်ဆိုင်ရာနိုင်ငံများသို့ ပြန်လည်လွှဲပြောင်းပေးအပ်နိုင်ရေး ဆောက်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(၅၀၁)



ကျောက်မဲမြို့နယ် တောင်ထိပ်ကျေးရွာအနီး အွန်လိုင်းလိမ်လည်မှုနှင့် လောင်းကစားမှုများ လုပ်ဆောင်ခဲ့သည့်နေရာအား တွေ့ရစဉ်။





ဖမ်းဆီးရမိခဲ့သည့် တရုတ်နိုင်ငံသားများကို တွေ့ရစဉ်။



ကျောက်မဲမြို့နယ် တောင်ထိပ်ကျေးရွာအနီး အွန်လိုင်းငွေကြေးလိမ်လည်မှုနှင့် လောင်းကစားမှုများ လုပ်ဆောင်ရာတွင် အသုံးပြုခဲ့သည့် ဆက်စပ်ပစ္စည်းများကို တွေ့ရစဉ်။



ကျောက်မဲမြို့နယ် တောင်ထိပ်ကျေးရွာအနီး အွန်လိုင်းငွေကြေးလိမ်လည်မှုနှင့် လောင်းကစားမှုများ လုပ်ဆောင်ခဲ့သည့်နေရာရှိ အဆောက်အအုံများ မီးရှို့ဖျက်ဆီးမှုကို တွေ့ရစဉ်။

**စာမျက်နှာ ၂၃ မှအဆက်**

ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းနှင့်အညီ စနစ်တကျပြည်နှင်လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၂၇၅၅ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကိုကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက် ထားရှိကြောင်း သိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် Online လိမ်လည်လောင်းကစားမှု ကျူးလွန်မှုများကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူကာ မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေး ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံအစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(၅၀၁)

ဝတ္ထုတိုကလျာ

# လရောင်ရိပ်ဝယ်

မောင်ခြိမ့်



**ယမန်နေ့မှအဆက်**

( ၄ )

ရွာသို့ ဆရာလေးရောက်ရှိ တာဝန်ထမ်းဆောင်နေသည့် ငါးနှစ်တာကာလအတွင်း၌ ဘိုးသံခဲနှင့် ဆရာလေးတို့၏ သံယောဇဉ်များက တဖြည်းဖြည်း တိုး၍တိုး၍ လာနေတော့သည်။ ဆရာလေးက ဘိုးသံခဲကိုအဖေလို၊ဦးရီးလို၊ဘိုးသံခဲက ဆရာလေးအပေါ်တွင် တူလို၊ သားလို ခင်တွယ်လျက်ရှိနေကြပြီ။

ဆယ်မိုင်ခန့်ဝေးသည့် မြို့ကလေးဆီ တစ်လတစ်ခါ လစာသွားထုတ်ရင်းဖြစ်ဖြစ်၊ ကျောင်းကိစ္စ၊ အစည်းအဝေးကိစ္စနှင့် သွားရရင်ဖြစ်ဖြစ် ရွာကို ပြန်လာသည့်အခါတိုင်း ဘိုးသံခဲအတွက် လက်ဖက်စို၊ လက်ဖက်ခြောက်ကလေးကအစ ထန်းလျက်၊ ကြံသကာအဆုံး ရောက်တတ်ရာရာ ကလေးများ ဝယ်လာတတ်သည်မှာ ဆရာလေး ခန့်မင်းလွင်၏ အကျင့်ဖြစ်နေသလို ဆရာလေးအတွက် ငါးရှဉ့်ဟင်းကလေး၊ လိပ်သားဟင်းကလေး၊ လယ်ကြွက်ကင်ကလေး စသည့်ကောင်းနိုးရာရာ ဟင်းကလေးများ စီစဉ်ထားပြီး ဆရာလေး သူ့ဆီရောက်မလာသည်နှင့် ဆရာလေးရှိရာ စာသင်ကျောင်းကလေးဆီ စိုက်စိုက်စိုက်စိုက်နှင့် ရောက်ချလာတတ်သည်မှာ ဘိုးသံခဲပင် ဖြစ်တော့၏။ အဖော်မဲ့အထီးကျန် သူတို့နှစ်ယောက်သည် ရေထဲတွင် အမြဲတမ်းနှစ်ကောင်ပူးပြီး ကူးခပ်သွားနေသည့် ငါးထန်းရွက်(ငါးခွေးရှာ) နှစ်ကောင်နှင့်ပင် တူနေတော့သည်။

တကယ်တမ်း ဘိုးသံခဲသည် အသက် ၇၀ ထဲဝင်နေပြီ။ လူ့ဘဝသက်တမ်းနှင့်တွက်လျှင် ဘဝ၏ နေဝင်ချိန်ကိုပင် ရောက်နေပြီ။ သည်လို အချိန်မျိုးတွင် သားနှင့်သမီးနှင့် မြေးနှင့်မြစ်နှင့် သိုက်သိုက်ဝန်းဝန်း ဖေးဖေးမမ နေရမည့်အရွယ်လည်းဖြစ်၏။ ယခုတော့ ရွာတောင်ဖျားက တဲကလေးထဲတွင် အဖော်မပါ တစ်ယောက်တည်း။

ဘိုးသံခဲ၏ အိမ်ဝိုင်းနားကို ဆရာလေးရောက်တော့ ဘိုးသံခဲ၏လက်စွဲတော် ခွေးကလေးတိုးလုံ့သည် အမြီးကလေးနန့်ပြီး လာကြိုသည်။ ရွာအနောက်ဘက် ကွင်းပြင်ကြီးကို နေပူထဲမှာဖြတ်လျှောက်လာခဲ့ရ၍ ပူလောင်အိုက်စပ်နေသည့် ဆရာလေးသည် ဘိုးသံခဲ ခြံထဲအရောက်တွင် အေးစိမ့်သွားတော့သည်။ ခြံပတ်လည်တွင် အုပ်ဆိုင်းမှိုင်းညို့နေသော သရက်ပင်ကြီးများ၊ မြောင်းပေါင်များပေါ်တွင် စီတန်းပြီး အရွက်ဖားဖားကြီးများ တယမ်းယမ်းနှင့် လေယူရာယိမ်းနွဲ့နေသည့် ငှက်ပျောပင်များနှင့် တဲကလေးရှေ့တွင် သီးလုံးလှလှကြီးများတွဲလဲခိုနေသော ဘူးစင်ကလေးများသည် အအေးဓာတ်များ ထုတ်လွှတ်ပေးနေသည့် သဘာဝကဖန်တီးထားသည့် လေအေးစက်များပင် ဖြစ်တော့၏။

( ၅ )

"အဘရေ" ဘူးစင်အောက်မှနေ၍ လှမ်းအသံပေးလိုက်သော်လည်း ထူးသံမကြားရ။ ခါတိုင်းရက်များတွင်တော့ ဘူးစင်ကလေးအောက်တွင် ဝါးနီးကလေးများဖြာ၍ ဆန်ခါကလေးများ၊ ဆန်ကောကလေးများ၊တောင်းကလေးများ ရက်နေတတ်သည်။ ယခုတော့ ဘယ်ဆီများသွားနေပါလိမ့်။

ဟိုး... တစ်မျှော်တစ်ခေါ် အဝေးတွင်ရှိသော ဗျိုက်တောဂယက်ကွင်းကြီးဆီမှာများ ဟင်းစားသွားရှာနေတာလား။ ဒါမှမဟုတ် ချောင်းကလေးအဖျားတွင် ငါးသလဲထိုးကလေးများ သွားစမ်းနေတာလားဟု တွေးသည်။ ဒါလည်း မဖြစ်နိုင်၊ ဘိုးသံခဲ ဘယ်ဆီသွားသွား နောက်တော်ပါးက လိုက်ပါနေကျ ခွေးကလေး တိုးလုံ့ရှိနေသည်။ စဉ်းစားနေစဉ်မှာပင် တဲကလေးအတွင်းမှ ညည်းသံလိုလို ကြားလိုက်ရသဖြင့် ပူပန်စိတ်နှင့်တဲကလေးထဲသို့ အပြေးကလေး ဝင်သွားမိတော့သည်။

ဘုရား...ဘုရား တဲကလေးအတွင်း သပေ့ါဖျာအဟောင်းကလေးအပေါ်တွင် ဘာဘူစောင်နွမ်းနွမ်းကလေးကိုခြုံ၍ ကွေးကွေးကလေးအိပ်ပြီး ညည်းညူနေသည်မှာ ဘိုးသံခဲမဟုတ်လား။ အပြေးအလွှားစမ်းကြည့်တော့ ကိုယ်က ချစ်ချစ်တောက်ပူလျက်ရှိ၏။

"ဖြစ်မှဖြစ်ရလေ အဘရယ်" ဆရာလေးသည် ကရုဏာသက်စွာရေရွတ်ရင်း ဆေးခန်းပို့ရန် အမြန်စီစဉ်ရတော့သည်။ ကျေးလက်ဆေးပေးခန်းကလေးကနေ ပြန်လာချိန်တွင်တော့ ဘိုးသံခဲတစ်ယောက် အဖျားကျပြီး သက်သာနေပြီ။ ဖျားနေသည်မှာ သုံးလေးရက်ရှိပြီ။ ဘယ်သူ့ကိုမှမပြောဘဲ တဲမှာရှိသည့် ငန်းနီကျော်ဆေးမှုန့်ကို ကွမ်းရွက်ပြုတ်ရည်နှင့်သောက်ပြီး သက်သာလိုသက်သာငြား ကုနေရင်း သတိလစ်သွားပြီး ကံကောင်းထောက်မစွာ ဆရာလေးရောက်သွား၍ အသက်ကယ်နိုင်ခြင်းဖြစ်၏။

ဆေးခန်းကလေးကအပြန် တဲဆီရောက်တော့ ဆရာလေးစဉ်းစားရပြီ။ ဆေးတိုက်ချိန်မှာ ဆေးမှန်မှန်တိုက်ရန် စွပ်ပြုတ်တန်စွပ်ပြုတ်၊ ဆန်ပြုတ်တန်ဆန်ပြုတ်တိုက်ရန် ရေနွေးကြမ်းကလေးအစ တည်ပေးရန် အဖော်တစ်ယောက်တော့ လိုနေပြီ။

"အဘ သားသမီးတွေနေတဲ့နေရာပြော။ ကျွန်တော်အကြောင်းကြားပေးမယ်။ ဒါမှမဟုတ်လဲ လူလွှတ်ခေါ်ပေးမယ်။ အဘတစ်ယောက်တည်းတော့ မဖြစ်ပါဘူးဗျာ"

အိပ်ရာထက်တွင် ပက်လက်လှန်ကာ မှိန်းနေသည့် ဘိုးသံခဲက စကားမပြန်ဘဲ လက်ကလေးအသာကာပြသည်။ သူ့သားသမီးများကို သူမခေါ်ချင်တာလား။ ဒါမှမဟုတ် အကြောင်းကြားပေမဲ့ လာမှာမဟုတ်ပါဘူးဟု ပြောချင်တာလား သူကိုယ်တိုင်သာ သိပေရော့မည်။

မည်သို့ဖြစ်စေ အဖော်မဲ့အထီးကျန် ဖျားနာနေသည့်ဘိုးသံခဲ အနားမှ ထပြန်လာနိုင်သည့် တင်းမာသော နှလုံးသားမရှိရှာသည့် ဆရာလေးတစ်ယောက် ဘိုးသံခဲ၏ တဲကလေး၌ပင် လူနာစောင့်ဖြစ်ခဲ့ရလေတော့သည်။

အစွမ်းထက်ဆေးဝါးများ နားလည်တတ်ကျွမ်းသည့် ကျေးလက်ဆေးပေးခန်းကလေးမှ ကျန်းမာရေးဝန်ထမ်းများနှင့် သားတစ်ယောက်ပမာ ကရုဏာတရား အကြင်နာတရားများထားပြီး ပြုစုစောင့်ရှောက်ခဲ့သော ဆရာလေး၏ကူညီဖေးမမှုများကြောင့် ဘိုးသံခဲတစ်ယောက် ပြန်၍နာလန်ထူခဲ့ပါလေပြီ။

သည်ကနေ့ ဘိုးသံခဲထမင်းစစားတော့မည်ဆို၍ ရပ်ထဲရွာထဲမှ စာနာတတ်၊ ညှာတာတတ်သူများက စားသောက်ရေးအားလုံး စီစဉ်ပေးကြသည်ကိုဖြင့် ဆရာလေးတစ်သက် မေ့ရက်စရာမရှိပါပေ။

ခံတွင်းပျက်လူနာ ခံတွင်းလိုက်စေရန် တစ်တောင်လောက် ကြက်ဟင်းခါးသီးကြီးကို ပုစွန်တုပ်နှင့်ကြော်၊ ပတဲကောအုနုနုကိုထွင်း၍ ငါးကျည်းခြောက်နှင့် ဟင်းခါးချက်၊ သုံးဦးစပ် ငါးပိရည်ဖျော်ထဲမှာ ကုလားအော်ရုတ်နှင့် ငါးရံ့လုံးမီးဖုတ်ထောင်းထည့်၊ မွှေးမွှေးကြွပ်ကြွပ် စိုင်သရက်ကင်းကလေးရယ်၊ ကင်းပုံ့ညွှန့်ကလေးတွေရယ်က တို့စရာ။

နှာရည်တရွဲရွဲနှင့် ရှူးရှဲသံညံလျက်ရှိသော ထမင်းဝိုင်းတွင် ဘိုးသံခဲ တစ်ပန်းကန်လောက်သာ တို့နိုင်ထိနိုင်သော်လည်း ဆရာလေးတစ်ယောက်ကတော့ဖြင့် ဘေးနားကရွာသားများ ထမင်းထည့်၍ပင် မနိုင်အောင် စားကောင်းတော့၏။

ရွာလူကြီး ဦးသာကျော်နှင့် ရွာသားများကတော့ မြို့ကပညာတတ် ဆရာလေးက ယခုလို သူတို့ရွာခံ ဘိုးသံခဲအပေါ် ဂရုတစိုက်ရှိမှုကိုကြည့်ပြီး ကျေနပ်အားရနေကြလေသည်။

"ဘယ်နှယ့် ဆရာလေး ထမင်းစားကောင်းရဲ့မဟုတ်လား သုံးဦးစပ် ငါးပိရည်ကျိုကလေးနဲ့ စိုင်သီးချဉ်မွှေးမွှေးကလေးနဲ့က အလွန်လိုက်ဖက်တာနော"

ထမင်းဝိုင်းအပြီး လက်ဖက်စား စကားဝိုင်းတွင် ဦးသာကျော်က စကားစ၏။

"မကောင်းနေပဲ့မလား အဘရဲ့၊ ကျုပ်တို့ဒေသထွက်ငါးရံ့ငါးဖယ် ငါးပြေမ ပေါင်းပြီးနှပ်ထားတဲ့ သုံးဦးစပ် ငါးပိရည်ကျိုကလေးလဲပါရဲ့ မဟုတ်လား" ရွာသားတစ်ယောက်ကဝင်၍ ထောက်ခံသည်။

ထိုအခါ သူတို့ဒေသထွက်သုံးဦးစပ် ငါးပိရည်ကျိုကလေး၏ကောင်းကြောင်း ရာဇဝင်ဇာတ်လမ်းကို ဤရွာကလေးသို့ ဆရာလေးစ၍ရောက်ပြီး မကြာခင်မှာပင် ကြားဖူးထားသည့် ဆရာလေးက ပြုံးမိသွားသည်။

ဟိုးနှစ်ပေါင်း ခြောက်ဆယ်ကျော်လောက်တုန်းက အဖြစ်ကလေးတစ်ခုပင်။ ထိုခေတ်ထိုအခါက အထက်ဘက်ဆီက အညာသားများသည် အညာလှေကြီးများနှင့် အညာကုန်များသယ်ဆောင်လာကာ အောက်ပြည်၊ အောက်ရွာ မြစ်ဝကျွန်းပေါ်ဒေသများသို့ လာရောက်ကုန်သွယ်လေ့ရှိကြ၏။

အညာကုန်များရောင်းချပြီး၍ အညာသို့ပြန်အဆန်တွင် မြစ်ဝကျွန်းပေါ်ဒေသထွက် ဆန်၊ ငါးပိ၊ ငါးခြောက်၊ ပုစွန်ခြောက်၊ ဆား၊ ငံပြာရည်ကအစ ပြန်လည်တင်ဆောင်သွားလေ့ရှိကြ၏။ ထိုအခါ အချို့သော အညာသားများသည် အောက်ပြည်သူ ဖြူဖြူဖွေးဖွေး ရေဆေးငါးကြီးများနှင့် ဖူးစာဆုံရသောအခါ မောင်ကြီးအညာမပြန်နိုင်တယ် ဇာတ်လမ်းမျိုး ဖြစ်ကြ၏။

သို့သော် အောက်ပြည်သူ ရေဆေးငါးကလေးက သူ့ယောကျ်ား အညာသားကို စိတ်မချနိုင်ဖြစ်ရသတဲ့။ တစ်နေ့မဟုတ် တစ်နေ့ အညာမြေပြန်ကာပြေးမှာကိုလည်း စိုးရိမ်သတဲ့။

သူ့ယောကျ်ားကလည်း စိုးရိမ်စရာ ဖြစ်နေပေတာကိုး။ အညာဆန် လှေကြီးများက အထက်အညာကိုဆန်ဖို့အတွက် ယခုခေတ်မှာလို စက်အားကို အသုံးပြုနိုင်သေးတာ မဟုတ်တော့ ရွက်ကိုပဲအားပြုဆန်တက်နေရသည့်ခေတ်ဆိုတော့။

တောင်လေတိုက်သည့်အချိန်သည် အညာကိုပြန်ဖို့ အကောင်းဆုံးဖြစ်သည်။

ထို့ကြောင့် "စည်းသာတဲ့သောင်ခြေမှာ တောင်လေကို မိတ်ဆွေဖွဲ့ပါလို့ ကုက္ကာလံမြောက်ကို လှည့်ကာမှ ပြန်ခဲ့မယ် ရွှေညာသူရဲ့။ ငွေရှာသူမအေး"ဆိုတဲ့ အညာလှေကြီးတွေက အထက်အညာကို ပြန်ဆန်တက်ခါနီး လှေထိုးသားတွေဆိုလေ့ရှိသည့် သီချင်းကလေးကိုကြားရင် မှိုင်လေ့ရှိသတဲ့။ ဒါနဲ့ သမီးက ဖအေဖြစ်သူကို ပြောသတဲ့။

"အဖေရေ သမီးယောကျ်ားတော့ တမှိုင်မှိုင်တတွေတွေနဲ့ အညာကိုသတိရလို့ ပြန်ပြေးရင် သမီးတော့ အခက်ပဲအဖေရဲ့" ဆိုတော့–

ဖအေဖြစ်သူက "ဟဲ့ သမီး နင့်အကောင် သုံးဦးစပ် ငါးပိရည်များ ကြိုက်မလားဟဲ့" လို့မေးတယ်။

"အမယ်လေး ပြောမပြောချင်ပါဘူး အဖေရယ် အညာသားများ ငါးပိရည်ကြိုက်လိုက်ပုံက ငါးပိရည် မပါရင် ထမင်းတောင်မစားတော့ဘူး အဖေရဲ့" ဆိုတော့–

"ဒီလိုဆို မပူနဲ့တော့ သမီးရေ၊ နင့်အကောင် ကန်ချတောင် အိမ်ပေါ်က ဆင်းမှာမဟုတ်ဘူး" လို့ ဆိုသတဲ့။

ယခုလည်း ဆရာလေးခန့်မင်းလွင် တစ်ယောက် ထမင်းဝိုင်းတွင် ခေါင်းမပေါ်စတမ်း သုံးဦးစပ် ငါးပိရည်ကလေး ဆမ်းဆမ်းပြီး စားတတ်နေပြီ။

( ၆ )

ညအရေးမှာ လကလေးကလည်း သာ၍ လယ်ကွင်းပြင်ကျယ်ကြီးကို ဖြတ်သန်းတိုက်ခတ်လာသည့် လေညင်းသုန်သုန်အဝေ့တွင် ကောက်သစ်နံ့ကလေးများကလည်း လှိုင်လို့၊ ကြိုင်လို့၊ တစ်ချီတစ်ချီ ခြံထောင့် အိုးပုတ်စံပယ်ချုံကလေးဆီကလည်း မွှေးရနံ့ကလေးများက ဝေ့လို့ဝဲလို့ ဘူးစင်အောက် ကွပ်ပျစ်ကလေးပေါ်တွင် နှစ်ယောက်သားထိုင်၍ ခါးခါးတူးတူး ရွှေဖီမိုးလွတ်လက်ဖက်ခြောက်တစ်ဆုပ်ကြီးခတ်ထားသည့် မြေရေနွေးအိုးကြီး အလယ်တွင်ချ၍ ဆရာလေးနှင့်ဘိုးသံခဲတို့ နှစ်ယောက်စလုံး လရောင်ဆမ်းသည့် ကျေးလက်ညထဲတွင် အတွေးကိုယ်စီနှင့် ငြိမ်သက်စွာ ပျော်ဝင်နေကြသည်။

**ဆက်လက်ဖော်ပြပါမည်။**

# လောကနဲ့ မိမိ

ဇော်လေး

"ဗုဒ္ဓေါလောကေ သမုပ္ပန္နော၊ ဟိတာယ သဗ္ဗပါဏိနံ။ ဓေတနသစ္စဝဇ္ဇေန နိရောဂါဟွန္တု သာဓဝေါ။ ဓမ္မောလောကေ သမုပ္ပန္နော၊ ပညာယ သဗ္ဗပါဏိနံ။ ဓေတနသစ္စဝဇ္ဇေန နိရောဂါဟွန္တု သာဓဝေါ။ သံဃော လောကေ သမုပ္ပန္နော၊ ပုညာယ သဗ္ဗပါဏိနံ။ ဓေတနသစ္စဝဇ္ဇေန နိရောဂါဟွန္တုသာဓဝေါ။

ဤလောကဝယ် မြတ်စွာဘုရားသည် အလုံးစုံများစွာသတ္တဝါတို့၏ကောင်းကျိုးကို ဆောင်ခြင်းအလို့ငှာ ပွင့်ထွန်းပေါ်သည်။

ဘုရားဟောကြားတရားတော်များသည်လည်း ဝေဖန်ပိုင်းခြားအသိအမြင်ပညာတိုးပွားကြစေခြင်းငှာ ပေါ်လာသည်။

သံဃာတော် အရှင်သူမြတ်များသည်လည်း လူနတ်ဖြဟ္မာသတ္တဝါတို့ ကုသိုလ်ကောင်းမှုတရားတိုးပွားကြစေရန်အကျိုးငှာ ပေါ်ပေါက်တော်မူပါသည်။

ဤမှန်သောသစ္စာစကားတို့ကြောင့် ဝေနေယျသတ္တဝါအပေါင်းသည် အနာရောဂါကင်းဝေးကာ ကောင်းစွာချမ်းသာရှင်သန်ကြပါစေသော်။"

အထက်ပါသဘောရှိသော ပါဠိမြန်မာဂါထာသုံးပိုဒ်ကို **စာရေးဆရာကြီးသုခ**(ဦးသိန်းမောင်)က ဟောပြောပွဲ သူစတင်မဟောပြောမီ သစ္စာတိုင်မေတ္တာပို့စကားအဖြစ် ရွတ်ဆိုလေ့ရှိတာကို ကြားရမှတ်ရဖူးပါတယ်။ စာရေးသူနဲ့ စာဖတ်သူတို့ဟာ ဘုရား၊ တရား၊ သံဃာ ရတနာမြတ်သုံးပါးကို ကိုးကွယ်ကြတာမှန်ပေမယ့် ဘာ့ကြောင့်ကိုးကွယ်ဆည်းကပ်ကြတာလဲဆိုတဲ့အကြောင်းရင်းတရားကိုတော့ တိတိကျကျဂဃနဏသိသူလဲရှိတယ်။ မသိသူလဲ ရှိနိုင်ပေတယ်။

ရတနာသုံးပါးကို ကိုးကွယ်ကြခြင်းအကြောင်းရင်းက သူတို့ပြုပေးတဲ့ ကျေးဇူးတရားသုံးမျိုး၊ သုံးချက်ကြောင့်ပဲ ဖြစ်ပါတယ်။ အရင်းမူလကတော့ ဂေါတမဗုဒ္ဓ(ဘီစီ ၆၈၃-၅၄၃)မြတ်စွာဘုရားပေါ့။ သို့သော် တစ်ခုချင်းစီဆီကရရှိတဲ့ အကျိုးတရားကောင်းမြတ်ပုံတွေကတော့ ကွဲပြားခြားနားတယ်။ ပွင့်ထွန်းပေါ်ပေါက်လာရတဲ့ရည်ရွယ်ချက်ချင်း မတူကြသလို အကျိုးဖြစ်ပေါ်စေတာလဲ မတူပါဘူး။

**မြတ်စွာဘုရားက သဗ္ဗလောက ဟိတတ္တာယ၊ လောကကောင်းကျိုးရရှိစေခြင်းငှာ ပွင့်ထွန်းလာခြင်းပါ။ ဘယ်လိုအကျိုးဆောင်သလဲ။ တရား(ဓမ္မ)များဟောကြားခြင်းနဲ့ အဲဒီတရားဓမ္မတွေကို ကာလရှည်လျား၊ ဒေသအများ ကျယ်ဝန်းပျံ့နှံ့အောင်သယ်ဆောင်ဖြန့်ဝေဟောကြားကာ နာကြားသိရှိရသူတွေ ပုညကုသိုလ်ကောင်းမှုတွေ တိုးပွားကာ ကောင်းကျိုးဖြာဝေအောင် ပျိုးထောင်ပေးခဲ့ခြင်းဖြစ်ပါတယ်။ ပိဋကသုံးပုံ၊ ဓမ္မခန္ဓာပေါင်းရှစ်သောင်းလေးထောင်ရဲ့ အကျဉ်းဆုံးအနှစ်ချုပ်ကတော့ ဒီသုံးချက်လို့ မှတ်သားမိဖူးတယ်။**

**မကောင်းမှုရှောင်**
**ကောင်းမှုဆောင်**
**ဖြူအောင်စိတ်ကိုထား။**
**အရာရာတွင် အသုံးဝင်**
**အောင်မြင်ကြောင်းတရား။**

**အရှင်ဇနကာဘိဝံသ**
**(ချမ်းမြေ့ဆရာတော်)**

မကောင်းမှုဆိုတာကတော့ လောဘ၊ ဒေါသ၊ မောဟ၊ မာန၊ ဒိဋ္ဌိ စတဲ့ စိတ်နေစိတ်ထားမျိုးတွေပေါ့။

ကောင်းမှုဆိုတာကတော့ ဒါန၊ သီလ၊ ဘာဝနာ၊ သမထ စတဲ့ကောင်းမြတ်တဲ့ စိတ်နေသဘောထားတွေပေါ့လေ။

လူဆိုတာ တစ်ဦးတစ်ယောက်တည်းနေထိုင်အသက်ရှင်ခြင်းထက် သူတစ်ပါး၊ လူအများနဲ့ မိဘ၊ ဆွေမျိုး၊ မိတ်ဆွေလုပ်ဖော်ကိုင်ဖက်များနဲ့ အပြန်အလှန်ဆက်ဆံကူညီကြပြီး ဘဝကိုကျင်လည်ကြရတယ်မဟုတ်လား။ လူလူချင်းထိတွေ့ဆက်ဆံခြင်းဟာ မရှိမဖြစ်လိုအပ်တယ်။ ပတ်ဝန်းကျင်ကလူတွေနဲ့ မလွဲမသွေဆက်ဆံနေရတာပဲလေ။

လူတွေက အမျိုးမျိုးအစားစားရှိတတ်တယ်။ အချို့က ဘီလူးစိတ်ရှိတယ်။ အချို့က လူစိတ်ရှိတတ်ကြတယ်။ အချို့က နတ်စိတ်ရှိပါတယ်။

**ဘီလူးစိတ်**ရှိသူက ခက်ထန်တယ်၊ အနိုင်ကျင့်တယ်၊ သူတစ်ပါးကို ဒုက္ခပေးတတ်တယ်၊ ရက်စက်တယ်၊ ယုတ်မာတယ်။ ကိုယ်ချင်းမစာဘူး၊ တစ်ကိုယ်ကောင်းစိတ်ပဲရှိတတ်တယ်။ သူတစ်ပါးကို မညှာတာတတ်ဘူး။

**❖ မကောင်းမှုဆိုတာကတော့ လောဘ၊ ဒေါသ၊ မောဟ၊ မာန၊ ဒိဋ္ဌိ စတဲ့ စိတ်နေစိတ်ထားမျိုးတွေပေါ့။ ကောင်းမှုဆိုတာကတော့ ဒါန၊ သီလ၊ ဘာဝနာ၊ သမထ စတဲ့ကောင်းမြတ်တဲ့ စိတ်နေသဘောထားတွေပေါ့လေ။ လူဆိုတာတစ်ဦးတစ်ယောက်တည်း နေထိုင်အသက်ရှင်ခြင်းထက် သူတစ်ပါး၊ လူအများနဲ့ မိဘ၊ ဆွေမျိုး၊ မိတ်ဆွေလုပ်ဖော်ကိုင်ဖက်များနဲ့ အပြန်အလှန်ဆက်ဆံကူညီကြပြီး ဘဝကို ကျင်လည်ကြရတယ်မဟုတ်လား။ လူလူချင်းထိတွေ့ဆက်ဆံခြင်းဟာ မရှိမဖြစ်လိုအပ်တယ်။ ပတ်ဝန်းကျင်ကလူတွေနဲ့ မလွဲမသွေဆက်ဆံနေရတာပဲလေ။ လူတွေက အမျိုးမျိုးအစားစားရှိတတ်တယ်။ ❖**

**လူစိတ်**ရှိသူကတော့ စိတ်ကောင်းရှိတယ်၊ စာနာတတ်တယ်။ ချစ်ရင်ကူညီတယ်။ မုန်းရင်ရှောင်သွားတယ်။

**နတ်စိတ်**ရှိသူအချို့ကတော့ သူတစ်ပါးကို ကူညီတယ်။ စောင့်ရှောက်တယ်။ ဖေးမစောင်မကြည့်ရှုပေးတယ်။ အနစ်နာခံကယ်တင်ပေးတယ်။

လောကမှာ ဘီလူးစိတ်ရှိသူတွေများနေရင် မကောင်းနိုင်ဘူး။ အစွယ်ပြူးပြူးမမြင်ရပေမယ့် ခက်ထန်ရိုင်းစိုင်းတဲ့စိတ်၊ ငါနဲ့မတူ ငါ့ရန်သူပဲဆိုပြီး ခွေးရူးလို လိုက်ကိုက်တတ်တဲ့ လူစားမျိုးကို ဝေးဝေးရှောင်သင့်တယ်။ လူမိုက်နဲ့ပေါင်းမိရင် ကိုယ်ပါမိုက်မှားတဲ့ဘက်ရောက်သွားတတ်တယ်။ ငါးပုပ်ထုပ်တဲ့ဖက်ဟာ ငါးပုပ်စော်နံတာ ကူးစက်သလိုပေါ့ကွယ်။

ပညာရှိသူ၊ သူတော်ကောင်းစိတ်ရှိသူမျိုးကို ရွေးချယ်ပေါင်းသင်းသင့်တယ်။ ကိုယ့်မှာ ရွေးချယ်ပိုင်ခွင့်ရှိတာပဲ။ လူမှာထားရှိအပ်တဲ့သဘောထားနဲ့ပတ်သက်လို့အဖြစ်အပျက်တစ်ခု ပြောပြချင်တယ်။

ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ် ဝန်းသိုရွာဆိုတဲ့ လယ်သမားအများစုနေတဲ့ ကျေးရွာလေးတစ်ရွာရဲ့ မူလတန်းကျောင်းအုပ်ဆရာကြီးရဲ့ အိမ်နောက်ဘက်မှာ ကွင်းပြင်တစ်ခုရှိတယ်။ အရိပ်ကောင်းတဲ့ ညောင်ပင်ကြီးတစ်ပင်လဲရှိတယ်။

တင်လှိုင်နဲ့ မြအေးဆိုတဲ့ ကိုးနှစ်၊ ဆယ်နှစ်သားကလေးနှစ်ယောက်ဟာ နွေရာသီပူပြင်းလှတဲ့နေ့ခင်းအချိန်မှာ ညောင်ပင်အောက် အတူကစားနေကြတယ်။ သူတို့က ကျောင်းနေဖက်၊ အိမ်နီးချင်း၊ သူငယ်ချင်းတွေပါ။ မောင်တင်လှိုင်ရဲ့စက်ဘီးကို မောင်မြအေးက စီးဖူးချင်တယ်ဆိုလို့ စီးတတ်အောင်သင်ပေးနေတာ။ မြအေးက စက်ဘီးစီး။ တင်လှိုင်က နောက်က စက်ဘီးကိုတွန်းပေး။ ပူပြင်းလှတဲ့နွေရာသီရဲ့ နေ့လယ်ခင်းဆိုတော့ ကလေးနှစ်ယောက်စလုံး ချွေးတွေရွှဲလို့။ နေ့လယ် ၂ နာရီဝန်းကျင်ပေါ့။

"သားရေ၊ အိမ်ပြန်လာခဲ့"

အိမ်နောက်မီးဖိုချောင်ကနေ အမေဖြစ်သူက လှမ်းခေါ်တော့ မောင်မြအေးဟာ စက်ဘီးပေါ်ကနေ ကသုတ်ကရက်ဆင်းပြီး သူ့အိမ်ဘက်ပြေးသွားလေရော။ လဲနေတဲ့စက်ဘီးကိုထူ၊ တွန်းယူလာခဲ့ပြီး သူ့မိခင်ကို မောင်တင်လှိုင်မေးတယ်။

"ဘာလဲ မေမေ"

"ငါမပြောချင်လို့ကြည့်နေတာ တော်တော်ကြာပြီ။ မင်းက လွန်လွန်းနေပြီ"

ဒေါသသံနဲ့အမေက မောင်တင်လှိုင်ကို ဆူတာပေါ့။ "ငါမေးပါအုံးမယ်။ တစ်နာရီ၊ နှစ်နာရီ၊ မင်းက ချည်းတွန်းပေး။ မြအေးက စီး။ မြအေးက တစ်ခါမှ တွန်းမပေးဘူး"

"ဒါက ဒီလိုပါမေမေ။ မြအေးက မင်းတစ်လှည့်စီးပါ၊ သူတွန်းပေးမယ်လို့ ပြောပါတယ်။ ငါက စီးတတ်တယ်။ မင်းတွန်းပေးစရာမလိုဘူးလို့ ပြောတာကြောင့်ပါ"

"ကဲ ဒါဆိုထားတော့။ မေမေက ငှက်ပျောသီးနှစ်လုံး မင်းစားဖို့ပေးလိုက်တော့လဲ မြအေးကိုချည်း တစ်လုံးပြီးတစ်လုံး မင်းမစားဘဲ ကျွေးလိုက်သေးတယ်။ မေမေကြည့်နေတာ မြင်တယ်။ မင်းစားဖို့ပေးတာလေ။ တစ်လုံးတလေမျှပေးရင် တော်ရောပေါ့။ နှစ်လုံးစလုံးကျွေးတာတော့ မင်းက လွန်လွန်းတယ် သားရယ်"

"ဒီလိုပါ မေမေ။ သားက မနက်စာလဲ စားပြီးပြီ။ နေ့လယ်စာလဲ စားပြီးပြီ။ မြအေးက ဘာမှမစားရသေးဘူး။ မနက်စောစောထဲက သူ့အမေ ထန်းပင်ကုန်းရွာဘက် ဈေးရောင်းသွားတာ။ ညနေမှပြန်လာမှာ၊ ပြန်လာမှထမင်းချက်ရမှာ၊ အဲဒီကျမှစားရမှာ။ သူ့သိပ်ဆာနေမှန်းသိလို့ သားက ပေးမိပါတယ် မေမေရယ်"

"သားရယ် မင်းဟာ လူလူချင်း အဲဒီလောက်အညှံ့ခံ၊ အရှုံးပေး။ လိုက်လျောနေမှတော့ လူမွေးလူတောင် ဘယ်ပြောင်တော့မှာလဲ။ ငါ့သားအတွက် မေမေ စိတ်ပူတယ်။ ရင်လေးတယ်ဟယ်"

အိမ်ပေါ်ခေါင်းရင်းပိုင်းမှာ စာဖတ်နေတဲ့ အဘိုးကျောင်းအုပ်ဆရာကြီး အငြိမ်းစားက သူ့သမီး မူလတန်းပြဆရာမကို လှမ်းပြောလိုက်တယ်။ သူ့ရဲ့ တစ်ဦးတည်းသောသမီး။

"စိတ်မပူပါနဲ့ သမီးရယ်။ **ငါ့မြေးရဲ့စိတ်သဘောထားက လူကြီးလူကောင်းစိတ်မျိုးပါကွယ်၊ သမီးဘာမှရင်မလေးနဲ့။ ငါ့မြေးဟာကြီးလာရင် လူတစ်လုံးသူတစ်လုံးဖြစ်မဲ့လူစားဗျ။ စိတ်ချလိုက်၊ သိပြီလား"**

အဲသလိုပြောဆိုခြင်းခံရတဲ့ မောင်တင်လှိုင်ဆိုသူက နောင်အခါ နိုင်ငံကျော်စာရေးဆရာကြီး လယ်တွင်းသားစောချစ်(ဦးတင်လှိုင်) ဖြစ်လာခဲ့ပါတယ်။ အမျိုးသားစာပေဆုတွေ အကြိမ်ကြိမ်ရတဲ့အပြင် "အမျိုးသားစာပေတစ်သက်တာစာပေဆု" လဲ ချီးမြှင့်ဂုဏ်ပြုခံခဲ့ရပါတယ်။ ပန်းမြိုင်လယ်မှ ဥယျာဉ်မှူး၊ ပန်းလိုချင် အပင်ကိုပျိုးတတ်မှ စတဲ့ စာအုပ်တွေနဲ့လဲ ထင်ရှားကျော်ကြားခဲ့ပါတယ်။

စာရေးဆရာကြီးကြီးငယ်ငယ် အရွယ်အစားစားဟာ အနယ်နယ်အရပ်ရပ်ကို နတ်တော်လစာဆိုတော်နေ့ရာသီ ဆောင်းဥတုပွင့်လင်းကာလမျိုးမှာ မြို့ကောတောကော စာပေဟောပြောပွဲတွေ ကျင်းပခဲ့ကြပါတယ်။ ဆရာကြီးလယ်တွင်းသားစောချစ် ဟောပြောတဲ့ အောင်စိတ်၊ လှတောသားစကားအလင်္ကာနဲ့ ပန်းမြိုင်လယ်မှ ဥယျာဉ်မှူး ဟောပြောချက်များဟာ နားထောင်ရသူပရိသတ်ကို ရသအနုပညာနဲ့ ဖမ်းစားနိုင်ခဲ့ပါတယ်။

နောက်ခံကားသရုပ်ဖော် ဘာမှအထောက်အကူမပါ။ အဆိုမပါ။ အတီးမပါ။ အကအခုန်ဆိုတာဝေး။ အသံချဲ့စက်နဲ့ မိုက်ကရိုဖုန်းကလေးအသုံးပြုကာ ရပ်လျက် ပရိသတ်စိတ်ဝင်စားအောင် စာပေဟောပြောခြင်းအနုပညာ၊ အတတ်ပညာကို စာရေးဆရာတိုင်းတော့ မတတ်မြောက်မကျွမ်းကျင်ပါ။

နိုင်ငံရေးမဲဆွယ်တရားဟောတာနဲ့မတူ။

ဘာသာရေးတရားဓမ္မဟောပြောတာနဲ့ကွဲပြား။

ကွက်စိပ်ဟော၊ ဘိသိက်ပြော၊ လူ့ရွှင်တော်အပြော ၊ဆိုင်းနောက်ထအပြော၊ အငြိမ့်လူပြက်အပြော ဘာနဲ့မှမတူကွဲပြားခြားနားပါတယ်။

စာဆိုတော်ရာသီ။ စာအကြောင်းပေအကြောင်းလူထုပရိသတ် လေးနာရီ၊ ငါးနာရီ နားထောင်ချင်အောင် စာရေးဆရာ၊ စာရေးဆရာမ သုံး၊ လေးယောက်က တစ်ယောက်ပြီးတစ်ယောက် စင်ပေါ်တက်လာပြီး ပြောကြရတယ်။

ရယ်စရာတွေလဲပါရဲ့။ လွမ်းစရာလဲပါရဲ့။ စာပေရသ၊ စာပေဟောပြောပွဲများရဲ့ အနှစ်သာရက လူထုကို ပညာပေးခြင်းနဲ့ စာဖတ်ချင်အောင်လှုံ့ဆော်အားပေးဆွဲဆောင်ခြင်း၊ စိတ်ဓာတ်မြှင့်တင်ပေးခြင်းရည်ရွယ်ချက်ပါရတယ်။ ပရိသတ်က အဓိကမို့ သူတို့နှစ်သက်လက်ခံအောင် ရသအနုပညာမွမ်းမံဖန်တီးရပါတယ်။ သုတ၊ ရသ မျှတရတယ်။

ဆရာကြီးလယ်တွင်းသားစောချစ်ရယ်။ ဇာတ်မင်းသားတစ်ဦးရဲ့သား နိုင်ငံကျော်စာရေးဆရာရယ်။ မန္တလေးက နိုင်ငံကျော်အငြိမ့်လူရွှင်တော်စာရေးဆရာရယ်။ သုံးယောက် မန္တလေးတိုင်းမြောက်ပိုင်းကျေးရွာ၊မြို့တွေကို သွားရောက်ဟောပြောကြတယ်။ သုံးယောက်သားတိုင်ပင်ပြီး နေရာရွေးကြတယ်။ ရှေ့နောက်စဉ်တာလေ။

ဆရာကြီးလယ်တွင်းသားစောချစ် ရှေ့ဆုံးကထွက်ပေးပါတဲ့။ နေတယ်။ ဇာတ်ဆန်သူ စာရေးဆရာက အလယ်မှာ သူနေမယ်။ နေစေ။ လူရွှင်တော်စာရေးဆရာက နောက်ဆုံးနေပြီး ဟောပြောကြတယ်။ သဘောကျကြတယ်။

ဆရာကြီးလယ်တွင်းသားက ပရိသတ်တဟားဟားရယ်အောင်လဲ ပြော။ အလွမ်းနဲ့မျက်ရည်သွယ်သွယ်ကျရအောင်လဲပြော။ ပရိသတ် ဟတ်ထိတာပေါ့။ ကြွေတယ်။

အလယ်လူပြောသမျှ လမိုင်းမကပ်လှ။

နောက်ဆုံးလူတက်တဲ့အခါ လမိုင်းမစီးဘဲနဲ့ ပရိသတ်အာရုံ တာစူလို့မရ။ ပြန့်ကျဲပြီးပွဲသိမ်းရသတဲ့။ ဆရာကြီးလယ်တွင်းသားက ပရိသတ်အကျိုးရှိရေးကိုသာ အဓိကထားပြောသွားတာ။ နောက်လူနှစ်ယောက်ကတော့ သူတို့တော်တာ၊ တတ်တာတွေဖော်ပြအသားယူချင်တာ။ ကွာခြားချက်က ပေးသူနဲ့ယူသူ။ ဘယ်တူမလဲ။ ဒါပါပဲ။

# မုံရွာမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၁၂၅၇၃ ဧက စိုက်ပျိုးပြီးစီး



**မုံရွာ ဒီဇင်ဘာ ၁**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် မုံရွာမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၁၂၅၇၃ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မုံရွာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မုံရွာမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ နှမ်းဧက ၁၂၅၆၀ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၂၅၇၃ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ မုံရွာမြို့နယ်မှာ နှမ်းဧက ၁၂၅၆၀ စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့ထိ ၁၂၅၇၃ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ နှမ်းစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်။ ဆီထွက်သီးနှံ အနေနဲ့ကတော့ အောင်မြင်တဲ့ အနေအထားမှာရှိပါတယ်"ဟု မုံရွာမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးသက်အောင်က ပြောပြသည်။

ယခုနှစ် မုံရွာမြို့နယ်တွင် နှမ်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက နှမ်းတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ GAP နည်းစနစ်များဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်သည့် မျိုးများ စိုက်ပျိုးနိုင်ရေးအတွက် အသိပညာ ပေးလျက်ရှိကြောင်း သိရသည်။

နှမ်းကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှုဖူလုံစေရုံမျှမက ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့်နှမ်းကိုတိုးချဲ့စိုက်ပျိုးနိုင်ရန် ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဦးစိုးသက်အောင်က ပြောပြ၍ သိရသည်။

(၂၀၆)

# ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ နိုဝင်ဘာလအတွင်း ပန်းခရု ပိဿာချိန် ၆၆၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**ဘိုကလေး ဒီဇင်ဘာ ၁**

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ နိုဝင်ဘာလအတွင်း ပန်းခရုပိဿာချိန် ၆၆၀၀၀ ထိ တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း ဘိုကလေးမြို့နယ် ရေထွက်ကုန်ပစ္စည်းများရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ချိုချိုလင်းက ပြောပြသည်။

ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလအတွင်းက ပန်းခရုပိဿာချိန် ၄၅၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး နိုဝင်ဘာလအတွင်း ပန်းခရုပိဿာချိန် ၆၆၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ဒီဘက်က ရေထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချနေတာ ဖြစ်ပါတယ်။ တင်ပို့ရောင်းချခဲ့တဲ့ ရေထွက်ကုန်တွေထဲမှာ ပန်းခရုပိဿာချိန် ၆၆၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ လက်ရှိလဲ ရန်ကုန်ဈေးကွက်က ဒီဘက်က ရေထွက်ကုန်တွေကို အဝယ်လိုက်နေပါတယ်။ တင်ပို့ရောင်းချခဲ့တဲ့ ပန်းခရုတွေရဲ့ လတ်ဆတ်မှုနဲ့ သန့်ရှင်းမှုအပေါ်မူတည်ပြီး ဈေးအပြောင်းအလဲရှိပါတယ်။ ပန်းခရုတွေကို လတ်တလော ပင်လယ်စာအရောင်းဆိုင်တွေက အဝယ်လိုက်နေတာကြောင့် အခုလို တင်ပို့အားကောင်းလာတာပါ"ဟု ဘိုကလေးမြို့နယ် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ချိုချိုလင်းက ပြောပြသည်။



ဘိုကလေးမြို့နယ်မှ တင်ပို့ရောင်းချသည့် ပန်းခရုတစ်ပိဿာလျှင် ငွေကျပ် ၂၂၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါဒေသမှ ပန်းခရုများ အရောင်းအဝယ်ကောင်းလာသည့်အတွက် ရေလုပ်သားများ၊ ပွဲရုံပိုင်ရှင်များ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ၊ အလုပ်အကိုင် အခွင့်အလမ်းကောင်းနေကြောင်း ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ချိုချိုလင်းက ပြောပြ၍ သိရသည်။ **ကျော်ကျော်လင်း**

# နောင်မွန်မြို့နယ် ကွမ်လင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**နောင်မွန် ဒီဇင်ဘာ ၁**

ကချင်ပြည်နယ် ပူတာအိုခရိုင် နောင်မွန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးလက်နေပြည်သူများ တစ်နိုင်တစ်ပိုင် အသေးစားစီးပွားရေး လုပ်ငန်းများ လုပ်ကိုင်နိုင်စေရန်နှင့် အတိုးနှုန်းသက်သာသည့် ငွေကြေးအရင်းအနှီးများ ရရှိစေရန် ရည်ရွယ်၍ ကွမ်လင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို နိုဝင်ဘာ ၃၀ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် နောင်မွန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ကျော်လွင်နှင့် မြို့နယ်စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေကျပ် ၂၈ ဒသမ ၃ သန်းဖြင့် ဆောင်ရွက်ထားရှိသော စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများနှင့် လအလိုက် ဖြည့်သွင်းရမည့် ငွေစာရင်းဇယားပုံစံများ ပြည့်စုံမှု ရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဦးကျော်ကျော်လွင်က လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ ကွမ်လင်းကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၂၃ ဦးကို ငွေကျပ် ၁၂ ဒသမ ၆ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၃ ဦးကို ငွေကျပ် ၇ ဒသမ ၄ သန်း၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ငါးဦးကို ငွေကျပ် ငါးသန်း၊ အခြားလုပ်ငန်းလုပ်ကိုင်သူ လေးဦးကို ငွေကျပ် ၃ ဒသမ ၃ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၄၅ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၂၈ ဒသမ ၃ သန်း ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ လည်ပတ်ဆောင်ရွက် လျက်ရှိကြောင်း သိရသည်။ **အောင်ရဲကျော်**

## မေတ္တာကူဖေး ချစ်ပါလေး

- လူသားဘဝ ဖြစ်တည်ရချိန်
  မိဘပေးလာ ရုပ်ခန္ဓာဝယ်
  အင်္ဂါချို့တဲ့ ပြည့်စုံမဲ့လည်း
  တင်းခဲ့အားမာန် ကြံ့ကြံ့ခံ၍
  မသန်သော်ငြား စွမ်းသူများ။

- လူသားဘဝ ဖြစ်တည်ရချိန်
  မိဘပေးလာ ရုပ်ခန္ဓာသည်
  အင်္ဂါပြည့်စုံ ကောင်းခဲ့တုံလည်း
  တစ်ဖုံကြမ္မာ ကြုံခဲ့ပါ၍
  အင်္ဂါချို့ပြန် လောကခံကို
  ကြံ့ခံကျော်လွှား စွမ်းသူများ။

- လူသားဘဝ ဖြစ်တည်ရချိန်
  ကြုံရကြမ္မာ ဆိုးကောင်းရာကို
  စိတ်မှာသတ္တိ အားမာန်ဖြည့်၍
  ကျော်ဘိဒုက္ခ ရင်ဆိုင်ကြကာ
  ကျလာဝန်တာ ကျေပွန်ပါသည်
  ပြည်ရွာအတွက် အားတစ်လက်။

- ယခုအခါ ဤကမ္ဘာဝယ်
  အင်္ဂါချို့ပျက် လူမှုခက်သည့်
  မိတ်ဖက်လူသား အပေါင်းအားလျှင်
  သနားညှာတာ ဖေးကူကာဖြင့်
  လိုရာကဏ္ဍ ဖြည့်စွက်ကြ၍
  ဘဝရှေ့ရေး ပေါင်းကူးပေးရန်
  ဆွေးနွေးဆောင်ရွက် စဉ်မပျက်
  လူသားဖွဲ့စည်း ကျိုးအတွက်။

- သြော်...ဤလူ့ကမ္ဘာ လူ့ပြည်ရွာဝယ်
  ရလာဘဝ တစ်ခဏ၌
  သုခဒုက္ခ ထိုနှစ်ဝကို
  တူမျှရင်ဆိုင် ကျော်လွှားနိုင်အောင်
  ယှိုင်နဲ့လူသား မိတ်ဆွေများလျှင်
  တတ်အားသမျှ ရိုင်းပင်းကြရင်း
  ဘဝအောင်ပွဲ တူစုံနွှဲရန်
  သင်လည်းကူဖေး မေတ္တာပေး
  ကြင်တွဲထူပေး ချစ်ပါလေး။ ။

(ဒီဇင်ဘာ ၃ ရက် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ကို ဂုဏ်ပြုလျက်)

**ညွန့်ဝင်း(နတ်တလင်း)**

ကိုဗစ် -၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

ငရုတ်သီး၊ ငရုတ်ကောင်းတို့၏ အပူဓာတ်သည် သွေးလည်ပတ်စီးဆင်းမှုကိုအားကောင်းစေပြီး အသက်ရှုလမ်းကြောင်းအတွင်း ရောဂါပိုးများဝင်ရောက်ခြင်းကို တိုက်ထုတ်ပေးသည်။



# ခင်ဦးမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲ ဧက ၅၁၃၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ခင်ဦး ဒီဇင်ဘာ ၁**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲ ဧက ၅၁၃၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ခင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ခင်ဦးမြို့နယ်တွင် မတ်ပဲ ဧက ၇၂၄၀ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ဧက ၅၁၃၀ စိုက်ပျိုးပြီးစီးပြီ ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ခင်ဦးမြို့နယ်မှာ မတ်ပဲ ဧက ၇၀၀၀ ကျော်စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ဧက ၅၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ မတ်ပဲလျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်။ မတ်ပဲစိုက်ပျိုးရာမှာလဲ လိုအပ်တဲ့နည်းပညာတွေ၊ မျိုးတွေ၊ ပိုးမွှားရောဂါကာကွယ်ရေးနည်းလမ်းတွေကိုလဲ မြေပြင်ကွင်းဆင်းဆောင်ရွက်နေတယ်"ဟု ခင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနေဝင်းနိုင်က ပြောပြသည်။

ခင်ဦးမြို့နယ်တွင် မတ်ပဲစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်း၊ မျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှု ကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေး၊ GAP နည်းစနစ်ဖြင့် စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေးလျက်ရှိကြောင်း သိရသည်။

ခင်ဦးမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲအထွက်နှုန်းနှင့်အရည်အသွေးကောင်းမွန်ရေးအတွက် လိုအပ်သည့် မျိုးကောင်းမျိုးသန့်များ၊ သွင်းအားစုများ၊ ရိတ်သိမ်းချိန်လွန် နည်းပညာပေးခြင်းများကို သက်ဆိုင်ရာ မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက တောင်သူများနှင့် ပူးပေါင်းပြီး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မတ်ပဲကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းစားသုံးမှု ဖူလုံစေရုံမျှမက ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ မြင့်မားလာမည်ဖြစ်သောကြောင့် မတ်ပဲကို ဒေသမရွေး ကြိုးပမ်းစိုက်ပျိုးသင့်ကြောင်း ခင်ဦးမြို့နယ် စိုက်ပျိုး ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးဦးနေဝင်းနိုင်က ပြောပြ၍ သိရသည်။

(၂၀၆)

# ငပုတောမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်းသီးနှံစုံ ၅၉၂၅ ဧက စိုက်ပျိုးမည်

**ငပုတော ဒီဇင်ဘာ ၁**

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်းသီးနှံစုံ ၅၉၂၅ ဧကစိုက်ပျိုးသွားမည်ဖြစ်ကြောင်း ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ငပုတောမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ စားဖိုဆောင်းသီးနှံစုံ ၅၉၂၅ ဧကကို ယခုနှစ် ဒီဇင်ဘာလ ပထမပတ်တွင် စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ အဆိုပါ စားဖိုဆောင်သီးနှံစုံ ၅၉၂၅ ဧကကို ငပုတောမြို့တွင် ၂၆၉၈ ဧက၊ ဟိုင်းကြီးကျွန်းမြို့တွင် ၂၄၉၉ ဧက၊ ငရုတ်ကောင်းမြို့တွင် ၇၂၈ ဧက စုစုပေါင်း ၅၉၂၅ ဧက စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ငပုတောမြို့နယ်မှာရှိတဲ့ ဒေသခံတောင်သူတွေက စပါးစိုက်ပျိုးရေးလုပ်ငန်းအပြင် စားဖိုဆောင်းသီးနှံတွေကိုလဲ စိုက်ပျိုးလျက်ရှိပါတယ်။ ဒီနှစ် စားဖိုဆောင်သီးနှံစုံ ၅၉၂၅ ဧက စိုက်ပျိုးသွားမှာဖြစ်ပါတယ်။ စားဖိုဆောင်သီးနှံစုံတွေ လျာထားဧကပြည့်မီအောင် စိုက်နိုင်ဖို့ လိုအပ်တာတွေပြင်ဆင်နေပါတယ်"ဟု ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဆန်းဝင်းက ပြောပြသည်။

စားဖိုဆောင်းသီးနှံစုံ ၅၉၂၅ ဧကတွင် ငရုတ်ကောင်း၊ မုန်လာ၊ နံနံ၊ တိုင်ထောင်ပဲ၊ ပဲပုစွန်၊ ချဉ်ပေါင်၊ သခွား၊ ဘူး၊ ရွှေဖရုံ၊ ပိန်းဥ၊ ကျောက်ဖရုံ၊ ကြက်ဟင်းခါး၊ ဆလပ် စသည့်သီးနှံများ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

စားဖိုဆောင်းသီးနှံစုံကိုအထွက်နှုန်း တိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းစားသုံးမှု ဖူလုံစေသည့်ပြင် လူမှုစီးပွားဘဝများ မြင့်မားလာမည်ဖြစ်သောကြောင့် စားဖိုဆောင်သီးနှံစုံကို ဒေသမရွေးကြိုးပမ်းစိုက်ပျိုးသင့်ကြောင်း ခင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဆန်းဝင်းက ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

## မဲဆန္ဒရှင်တစ်ဦးရှောင်ရန် အချက်များ ( အီလက်ထရောနစ်မဲပေးစက်ဖြင့် ဆန္ဒမဲပေးခြင်း )

- မဲရုံအတွင်းသို့ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အမျိုးသားမှတ်ပုံတင်ကတ်ပြား၊ ဧည့်နိုင်ငံသား သို့မဟုတ် နိုင်ငံသားပြုခွင့်ရလက်မှတ်မှအပ မသက်ဆိုင်သည့်ပစ္စည်းများ ယူဆောင်မလာရ၊
- ဆန္ဒပြုစက်ပေါ်ရှိ မိမိမဲပေးလိုသော လွှတ်တော်ကိုယ်စားလှယ်လောင်း၏ အမည်နှင့် သင်္ကေတအမှတ်အသား တည့်တည့်တွင်ရှိသော ဆန္ဒပြုခလုတ်ကို တစ်ကြိမ်သာနှိပ်၍ ဆန္ဒပြု ရမည်၊ တစ်ကြိမ်ထက်ပို၍ မနှိပ်ရ။ ခလုတ်တစ်ခုထက်ပို၍ ခလုတ်နှစ်ခု၊ သုံးခု တစ်ပြိုင်တည်း မနှိပ်ရ၊
- ဆန္ဒပြုခန်းအတွင်း၌ မဲပေးစက်၏ စက်အစိတ်အပိုင်းတစ်ခုခုကို မဲပေးခြင်းနှင့်မသက်ဆိုင် သော ဆောင်ရွက်မှုတစ်ခုခု မပြုလုပ်ရ၊
- ဆန္ဒပြုခန်းအတွင်း၌ မဲပေးစက်၏ စက်အစိတ်အပိုင်းတစ်ခုခုကို တစ်နည်းနည်းဖြင့် အနှောင့် အယှက်ပြုခြင်း မပြုလုပ်ရ၊
- ဆန္ဒပြုခန်းအတွင်း၌ အချိန်ကြာမြင့်စွာ ဆောင်ရွက်ခြင်းမပြုလုပ်ရ၊
- ရွေးကောက်ပွဲတစ်ခုခုတွင် လွှတ်တော်မဲဆန္ဒနယ် တစ်နယ်ထက်ပိုသော မဲဆန္ဒနယ်များ အတွက် ဆန္ဒမဲမပေးရ၊ မိမိဆန္ဒမဲပေးပိုင်ခွင့်ရှိသော လွှတ်တော်မဲဆန္ဒနယ်အတွက် တစ်ကြိမ် ထက်ပို၍ ဆန္ဒမဲပေးခြင်း မပြုရ၊
- သူတစ်ပါးအယောင်ဆောင်၍ ဆန္ဒမဲပေးခြင်းမပြုရ၊
- ကိုယ်စားလှယ်စေလွှတ်၍ ဆန္ဒမဲမပေးရ၊
- သူတစ်ပါးကိုယ်စားမဲမပေးရ။

"ပြည်သူများလိုလားသည့် ဒီမိုကရေစီနိုင်ငံတော်ကို ရွေးကောက်ပွဲဖြင့်သာ ဖော်ဆောင်နိုင်မည်"
"လွတ်လပ်မျှတ၊ မဲပေးကြ"

"အဂတိပယ်ခွာ ပြည်သာယာ"
Remove Corruption, Promote Prosperity

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ**

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိ လိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရ ဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက် လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေ ပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူ ခံရနိုင်သည်ကိုလည်း သတိပြုရမည်။

**လိပ်မူတိုင်ကြားရန် လိပ်စာ**

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)။ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address – accm@accm.gov.mm၊
Website Address – http://www.accm.gov.mm

**လင်းလက်**

# ဗလငါးတန်ဖွံ့ဖြိုးဖို့ တို့လူငယ်များကြိုးစားစို့

**ဖူးပွင့်စအလှ**

လူငယ်ဆိုသည်မှာ ဖူးပွင့်စပန်းကလေးများနှင့် တူသည်။ ပန်းဆိုသည့် သဘောမှာ အပြစ်အနာအဆာကင်း၍ မညှိုးမနွမ်း လှပတင့်ဆန်းစွာ ပွင့်လန်းနိုင်ရေးအတွက် ရေလောင်းပေါင်းသင် ပြုစုပေးသည့် ဥယျာဉ်မှူးများ၏ မွန်မြတ်သောစေတနာသည်လည်း အလွန်အရေးကြီးသည်။ ရေခံမြေခံကောင်းသည့် ပတ်ဝန်းကျင်တွင် သဘာဝကပေးအပ်ထားသည့် ပန်းတစ်ပွင့်လန်းဆန်းတင့်တယ်ရန် လိုအပ်သည့်အရာများ ပြည့်စုံနေစေကာမူ အကောင်းအဆိုးဒွန်တွဲနေသည့် လောကခံ၏ရိုက်ချက်များ၊ ပြင်ပပယောဂဖြစ်သည့် မကောင်းသည့် ပိုးမွှားအန္တရာယ် ခြိမ်းခြောက်မှုဒဏ်တို့ကိုလည်း ကြံ့ကြံ့ခံတွန်းလှန်နိုင်ရန်လည်း လိုအပ်သည်။ ပန်းတို့၏ အခြေခံသဘောတရားများအရ အရောင်အသွေး၊ ပုံပန်းသဏ္ဌာန် အနည်းငယ်ကွဲပြားခြားနားကြသော်လည်း ရေခံမြေခံကောင်းခြင်း၊ မှန်ကန်စွာပြုစုပျိုးထောင်ပေးမည့် ဥယျာဉ်မှူးရှိခြင်းနှင့် ပြင်ပပယောဂ ပိုးမွှားအန္တရာယ်မှကာကွယ်နိုင်ခြင်းတို့နှင့် ပြည့်စုံရန်ဆိုသည့် အခြေခံလိုအပ်ချက်များက အတူတူပင်ဖြစ်သည်။

လူငယ်တို့၏ သဘောသဘာဝသည်လည်း ဖူးပွင့်စ ပန်းကလေးများကဲ့သို့ပင် မွေးဖွားလာသည့် ပတ်ဝန်းကျင်၊ ငယ်စဉ်ဘဝတွင် လမ်းမှန်ပြပြုစုပျိုးထောင်ပေးကြမည့် မိဘ၊ဆရာသမားများ၏ မေတ္တာစေတနာ၊ပြင်ပ ပယောဂများကို ကာကွယ်စောင့်ရှောက်ပေးမည့် နိုင်ငံတော်၏ မေတ္တာစေတနာတို့သည် လွန်စွာအရေးကြီးသည်။ မကောင်းမှုပြုရန် ရက်ကြောက်တတ်သည့် ဟီရိဩတ္တပ္ပတရားများဖြင့် လွှမ်းခြုံထားပြီး လောကပါလတရားများ စည်ပင်ထွန်းကားရာအရပ်ဖြစ်သည့် မြန်မာ့လူ့ဘောင်တွင် ပွင့်လန်းလာသည့် လူငယ်ပန်းကလေးများ၏ ဘဝများ လန်းဆန်းနိုင်ရေးအတွက် သတိထားအပ်သည့် အရာများရှိပေသည်။ ဖြူစင်လွန်းသည့် လူငယ်များ၏ဘဝကို အရောင်ဆိုးကာ အကျည်းတန်ရုပ်ဆိုးစေမည့် မကောင်းမှုဒုစရိုက်များကို ကြိုးစားရှောင်ရှားရမည်ဖြစ်သည်။

**အစကောင်းဖို့လို**

လူ့ဘဝ၏ ကနဦးအစ လူငယ်ဘဝသည် အလွန်အရေးကြီးသည်။ လူငယ်တို့၏ မူရင်းစိတ်ဓာတ်သည် မွန်မြတ်သန့်ရှင်းသည်။ ငယ်စဉ်ဘဝတွင် ကောင်းစွာပဲ့ပြင်ဆုံးမပြုပြင်ကြသည့် ပတ်ဝန်းကျင်တွင် ရှင်သန်ကြသည့် လူငယ်များသည် အရွယ်ရောက်လာသည့်အခါ "ဖြောင့်မတ်တည်ကြည်သော၊ အမှန်တရားကို မြတ်နိုးသော၊ မကောင်းမှုများကို ရှောင်ရှားတတ်သော" အနာဂတ်မျိုးဆက်များ ဖြစ်လာနိုင်မည်ဖြစ်သည်။ ဖြူစင်သန့်ရှင်းသောလူငယ်တို့၏ သန့်ရှင်းမွန်မြတ်သောစိတ်ဓာတ်များကို အမျိုးမျိုးသော အရောင်များစိုးကာ ညှိုးနွမ်းစေသည့်အရာများကို ဝေးဝေး ရှောင်ကြရမည်ဖြစ်သည်။ မြန်မာ့လူ့ဘောင်သည် လူငယ်များ၏ ငယ်ဘဝကိုလှပစေရေး ပျိုးထောင်ပေးသည့် ၃၈ ဖြာ မင်္ဂလာတရားတော်များ၊ ပြည်သူ့နီတိ၊ လောကနီတိ စသည့် အခြေခံမင်္ဂလာတရားတော်များ၊ လူငယ်ဘဝတွင် ဗလငါးတန်ဖွံ့ဖြိုးရေး အလေးပေးဆောင်ရွက်မှုများနှင့် ငါးပါးသီလ၊ ရှစ်ပါးသီလ၊ ကိုးပါးသီလ၊ ဆယ်ပါးသီလ စသည့် ဘဝတစ်လျှောက်လုံးတွင် အပြုံးပန်းများ ဝေဆာစေရေး ဆောင်ကြဉ်းပေးမည့် ဘုရားဟောတရားတော်များ၏ ရှင်သန်ရာနေရာဖြစ်သဖြင့် မြန်မာ့လူငယ်များအတွက် အလွန်ဝမ်းသာဖွယ် ရေခံမြေခံကောင်းများပင်ဖြစ်သည်။

လူငယ်မျိုးဆက်သစ်များရှင်သန်ရာ လှပသာယာသော လူမှုပတ်ဝန်းကျင်သည်မကောင်းမှု ဒုစရိုက်မှန်သမျှကို လက်မခံသော၊ ဖြစ်လေ့ဖြစ်ထမရှိသော အသိုက်အဝန်းဖြစ်ရန်လိုအပ်သည်။ တက်သစ်စလူငယ်များ၏ တက်ကြွသောအချိန်တွင် အရှိန်ပျက်ကာ အမှောင်ဘက်သို့ရောက်ရှိစေမည့် အန္တရာယ်များကို ကြံ့ကြံ့ခံရင်ဆိုင်နိုင်ရေးအတွက် "ကာယဗလ၊ ဉာဏဗလ၊ ဘောဂဗလ၊ စာရိတ္တဗလနှင့် မိတ္တဗလ" ဆိုသည့် ဗလငါးတန်တို့ဖြင့်ပြည့်စုံရမည်ဖြစ်သည်။

**ကျန်းမာစေဖို့**

စိန်ခေါ်မှုမျိုးစုံရှိနေသည့် လူ့ဘောင်လောက၊ လူ့သဘာဝတွင် လူငယ်များသည် မမျှော်လင့်ဘဲ ရင်ဆိုင်ကြုံတွေ့ရနိုင်သည့် အခက်အခဲအမျိုးမျိုးကို ရင်ဆိုင်နိုင်ရေးအတွက် စိတ်ရောကိုယ်ပါ ကျန်းမာကြံ့ခိုင်သောခန္ဓာကိုယ်ကို ပိုင်ဆိုင်ထားနိုင်ရမည်ဖြစ်သဖြင့် ကျန်းမာရေးကို ထိခိုက်စေမည့် အရက်၊ ဘီယာ၊ ကွမ်း၊ ဆေးလိပ်ကအစပြု၍ မူးယစ်ဆေးဝါး အမျိုးမျိုးကိုလည်း ရှောင်ရှားရမည်ဖြစ်သည်။ လူငယ်မျိုးဆက်သစ်များအနက်မှ လမ်းမှားရောက်ခဲ့ကာ မူးယစ်ဆေးဝါး၏သားကောင်ဖြစ်ခဲ့ရပြီး ဘဝပျက်ကာ လူမှုပတ်ဝန်းကျင်က ဖယ်ကြဉ်ခံရသည့် အမှောင်အတိကျသောဘဝမှ မိသားစု၊ ဆွေမျိုး၊ မိတ်ဆွေ၊ သူငယ်ချင်း၊ အပေါင်းအသင်းများ၏ မှန်ကန်တည့်မတ်သောစိတ်ဓာတ်ဖြင့် လမ်းမှန်သို့ ရောက်ရှိရန် ပြန်လည်စည်းရုံးဆွဲဆောင်လမ်းပြနိုင်မှုကြောင့် ဘဝအမှောင်အတွင်းမှ လွတ်ကင်းခဲ့ပြီး ပြန်လည်အောင်မြင်ခဲ့ရသည့် လူငယ်အနုပညာရှင်များကို ကြည့်ခြင်းအားဖြင့် မူးယစ်ဆေးဝါးကို မြန်မာ့လူမှုအသိုက်အဝန်းက လုံးဝလက်မခံဘဲ ပူးပေါင်းတွန်းလှန်နေသည်ကို တွေ့နိုင်သည်။ "ဘိန်းကင်းကစော်လှော်စာ သောက်စားပြုသူများ စီးပွားပျက်မည်သိ"ဆိုသည့် ဆုံးမစာများကို ငယ်စဉ်ကတည်းက သင်ကြားခဲ့ရသည့် မြန်မာ့လူငယ်များသည် မူးယစ်ဆေးဝါး၏သားကောင်အဖြစ် အကြောင်းမလှ၍ ရောက်ရှိခဲ့ပါကလည်း ပြန်လည်ဆွဲထုတ်၍ လမ်းကြောင်းမှန်သို့ရောက်ရှိစေရေး လမ်းပြပေးမည့် အသိုက်အဝန်းက အဆင့်သင့်ရှိနေပြီဖြစ်သည်။

**❖ လူငယ်မျိုးဆက်သစ်များရှင်သန်ရာ လှပသာယာသော လူမှုပတ်ဝန်းကျင်သည်မကောင်းမှု ဒုစရိုက်မှန်သမျှကို လက်မခံသော၊ ဖြစ်လေ့ဖြစ်ထမရှိသော အသိုက်အဝန်းဖြစ်ရန် လိုအပ်သည်။ တက်သစ်စလူငယ်များ၏ တက်ကြွသောအချိန်တွင် အရှိန်ပျက်ကာ အမှောင်ဘက်သို့ရောက်ရှိစေမည့် အန္တရာယ်များကို ကြံ့ကြံ့ခိုင်ရင်ဆိုင်နိုင်ရေးအတွက် "ကာယဗလ၊ ဉာဏဗလ၊ ဘောဂဗလ၊ စာရိတ္တဗလနှင့် မိတ္တဗလ" ဆိုသည့် ဗလငါးတန်တို့ဖြင့်ပြည့်စုံရမည်ဖြစ်သည်။ ❖**

**မိတ်ကောင်းနှင့်ပေါင်းပါ**

"လူမိုက်ဆိုလျှင်ရှောင်သွေလွဲလို့ မမှီဝဲနဲ့ ကင်းအောင်နေ" ဆိုသည့် အဆုံးအမနှင့်အညီ လူငယ်ဘဝတွင် မိတ်ဆွေအပေါင်းအသင်းကအရေးကြီးသည်။ မိတ်ကောင်းနှင့်ပေါင်း၍ ဘဝပြောင်းကာ တိုးတက်နိုင်သကဲ့သို့ မကောင်းမှုဒုစရိုက်များနှင့် မွေ့လျော်တတ်သည့် အပေါင်းအသင်းတို့နှင့်ပေါင်း၍ ဘဝလမ်းကြောင်းပြောင်းကာ မူးယစ်သေစာသောက်စားတတ်သွားပြီး ဘဝပျက်မည့်အရေးကိုပင် ကြုံတွေ့ရသည့် လူငယ်များသည် မိတ္တဗလအားနည်းကြသူများဟုဆိုနိုင်သည်။ လူ့အသိုက်အဝန်းအတွင်း ရှင်သန်နေထိုင်ကြရာတွင် ပေါင်းသင်းဆက်ဆံရေးက အရေးကြီးသည်။ အခြေခံပညာရေးကစ၍ အဆင့်မြင့်ပညာရေးထိ လိုအပ်သည့် ပြုပြင်ပြောင်းလဲမှုများကို အစဉ်တစိုက်ဆောင်ရွက်ပေးနေသည့် မိမိတို့ရှင်သန်ကြီးပြင်းရာမြန်မာနိုင်ငံတွင် အသိပညာ၊ အတတ်ပညာအမျိုးမျိုးကို ရသင့်ရထိုက်သည့် နေရာမှန်သမျှမှ လေ့လာလိုက်စားရမည့်တာဝန်မှာ မိမိတို့လူငယ်များ၏တာဝန်ပင်ဖြစ်သည်။ ထိုကဲ့သို့သော ဘဝတက်လမ်းအတွက် လိုအပ်သည့် ကောင်းမှု၊ မကောင်းမှုများကို ခွဲခြားကာ ကောင်းမှုများကိုသာ ဆောင်ကြမည့် လူငယ်များသည် ကိုယ်တိုင်မကောင်းမှုကို ရှောင်ကြဉ်ကာ မိမိ၏ဘဝလမ်းကြောင်းကို ကောင်းရာသို့သာ ရောက်ရှိစေမည့် မိတ်ဆွေအပေါင်းအသင်းများနှင့်သာ ပေါင်းသင်းနေထိုင်သင့်သကဲ့သို့ လမ်းမှားသို့ရောက်ရှိနေသည့် မိမိ၏ မိတ်ဆွေသူငယ်ချင်း အပေါင်းအသင်းများရှိပါကလည်း လမ်းမှန်ရောက်ရှိရေးအတွက် မိဘ၊ ဆရာများနှင့်ပေါင်း၍ ကောင်းမှုမြတ်နိုးသူများဖြစ်စေရေး ကြိုးစားဆောင်ရွက်ပြီး မိတ်ကောင်းဆွေကောင်းအဖြစ်ရပ်တည်ကာ မိတ္တဗလပြည့်စုံသည့် လူငယ်များဖြစ်ရန်ကြိုးစားသင့်သည်။

**ပညာနှင့်စာရိတ္တ**

"စာပေမြင့်မှ လူမျိုးတင့်မည်"၊ "စာပေတန်ဆောင် မီးရှူးရောင်" ၊ "စာအုပ်စာပေ လူ့မိတ်ဆွေ" ဆိုသည့် စကားတို့နှင့်အညီ အမှောင်ကိုခွင်း၍အလင်းဆောင်သော လူငယ်မျိုးဆက်သစ်များဖြစ်လာစေရေးအတွက် စာပေကိုမြတ်နိုးသောလူငယ်များဖြစ်လာစေရေး ဘက်စုံထောင့်စုံက ဖြည့်ဆည်းဆောင်ရွက်ပေးရန်လိုသည်။ မိမိတို့မွေးဖွားရှင်သန်ရာ မြန်မာ့လူ့ဘောင်သည် ၃၈ ဖြာ မင်္ဂလာတရားတော်များ၊ ပြည်သူ့နီတိ သင်ခန်းစာများ၊ လောကနီတိ သင်ခန်းစာများ၊ ဖြောင့်မတ်တည်ကြည်မှုနှင့် ကျင့်ဝတ်သင်ခန်းစာများစသည့် သိသင့်သိအပ်၊ တတ်သင့်တတ်အပ်သောပညာရပ်များကို ပြည့်စုံလုံလောက်စွာ သင်ကြားပြသနေသည့် လူ့အဖွဲ့အစည်းဖြစ်သဖြင့် မိမိတို့လူငယ်များသည် အလိုက်သင့်လိုက်ပါရန်သာလိုအပ်သည်။ ပညာဉာဏ်အမြော်အမြင် ပြည့်စုံသော သူတို့သည် မကောင်းမှု၊ ကောင်းမှုတို့ကို ခွဲခြားတွေးတောနိုင်ပြီး ဘဝလမ်းခရီးလျှောက်လှမ်းရာတွင် ဒုစရိုက်တရားများကို ဝေးစွာရှောင်ရှားကာ သုစရိုက်တရားများဖြင့်သာ မွေ့လျော်တတ်သဖြင့် လူငယ်များစာဖတ်ခြင်းဖြင့် အားလပ်ချိန်များကိုကုန်လွန်စေကာ ဉာဏဗလပြည့်စုံရန်ကြိုးစားသင့်သည်။

စာရိတ္တသည် ဘဝပင်လယ်ပြင်ထဲတွင် ရွက်လွှင့်နေကြရသည့်လူငယ်များအတွက် ပဲ့ကိုင်ရှင်မာလိန်မှူးပင်ဖြစ်သည်။ ကောင်းမှုသို့ပြုစေသည်မှာလည်း စာရိတ္တဆိုသည့် ကိုယ်ကျင့်တရားကြောင့်ပင်ဖြစ်သည်။ မကောင်းမှုကိုပြုစေသည်မှာလည်း မကောင်းသည့် စိတ်ဓာတ်ပျက်ယွင်းသည့် ကိုယ်ကျင့်တရားကြောင့်ပင်ဖြစ်သည်။ ဖြောင့်မတ်တည်ကြည်မှု၊ အတ္တဆိုသည့်ကိုယ်ကျိုးနှင့် ပရဆိုသည့်အများအကျိုးတို့အကြား မျှမျှတတဆောင်ရွက်တတ်မှု၊ ရိုးသားမှု၊ အမှန်တရားကိုသာမြတ်နိုးမှု၊ မကောင်းမှုဒုစရိုက်တို့ကို ရှောင်ရှားတတ်မှုစသည့် စာရိတ္တဗလဖွံ့ဖြိုးစေမည့် ပြည်သူ့နီတိသင်ခန်းစာများကို စာသင်ကျောင်းများတွင် လေ့ကျင့်သင်ကြားနေသည်။ လူငယ်များအနေဖြင့် အားလပ်သောအချိန်များတွင် ကျောင်းစာအပြင် ဗဟုသုတပြည့်စုံစေသော အဆိပ်အတောက်ကင်းသော စာပေများနှင့်သာ ဦးနှောက်အာဟာရကို ဖြည့်ဆည်းကြရန်လိုအပ်သည်။

**ချမ်းသာလိုပါလျှင်**

လူငယ်များသည် "စား၊ဝတ်၊နေရေး" ဆိုသည့် ဘဝအရေးသုံးပါးကို ရင်ဆိုင်ဖြေရှင်းနိုင်ကြစေရေးအတွက် အသက်မွေးဝမ်းကြောင်း အလုပ်တစ်ခုကို မဖြစ်မနေလုပ်ကိုင်ကြရမည်ဖြစ်သဖြင့် ဘောဂဗလဖွံ့ဖြိုးရေးသည်လည်း အရေးကြီးသည်။ စာရိတ္တဗလနှင့်ပြည့်စုံပြီးဖြစ်သော လူငယ်မျိုးဆက်သစ်များသည် အသက်ရှင်ရပ်တည်နိုင်ရေးအတွက် အသက်မွေးဝမ်းကြောင်းအလုပ်များလုပ်ကိုင်ကြရာတွင် အများအကျိုးကိုထိခိုက်စေသောအလုပ်၊ ကိုယ်ကျိုးကိုယ်သာဦးတည်သောအလုပ်၊ မိမိနှင့်မိမိပတ်ဝန်းကျင်ကို နာမည်ပျက်ထိခိုက်စေသောအလုပ်၊ လူမှုပတ်ဝန်းကျင်ကို ထိခိုက်စေသောအလုပ် စသည်ဖြင့် မကောင်းမှုဖြင့် အသက်မွေးဝမ်းကြောင်းပြုလုပ်သူများဖြစ်လာမည်မဟုတ်ပေ။ ခန္ဓာကိုယ်ကျန်းမာကြံ့ခိုင်ခြင်း- ကာယဗလ၊ ဉာဏ်ပညာ နှင့်ပြည့်စုံခြင်း – ဉာဏဗလ၊ ပစ္စည်းဥစ္စာကြွယ်ဝခြင်း- ဘောဂဗလ၊ ကိုယ်ကျင့်သီလကောင်းမွန်ခြင်း – စာရိတ္တဗလ၊ အဆွေခင်ပွန်းကောင်းတို့နှင့် ပေါင်းသင်းရခြင်း – မိတ္တဗလတို့နှင့် ပြည့်စုံသည့်လူငယ်များသည် ကောင်းမွန်သည့် အသက်မွေးဝမ်းကြောင်းဖြင့် ဘဝလမ်းကြောင်းကို လျှောက်လှမ်းနိုင်ကြမည်ဖြစ်သည်။ စာရိတ္တဗလ ယိမ်းယိုင်ကာ ဖြောင့်မတ်တည်ကြည်မှုကင်းသောသူများသည် မကောင်းမှုဒုစရိုက်များဖြင့် အသက်မွေးတတ်ကြသဖြင့် ယဉ်ကျေးသိမ်မွေ့သော မြန်မာ့လူငယ်များသည် ဒုစရိုက်တရားများဖြင့် အသက်မွေးခြင်းမပြုမိစေရန် သတိပြုဆင်ခြင်သင့်သည်။

**တော်ဝင်ပန်းများလန်းကြစေ**

တိုင်းရင်းသားလူမျိုးပေါင်းစုံ မှီတင်းနေထိုင်ကြသည့်ပန်းပေါင်းစုံပွင့်ဖူးရာ ရေခံမြေခံကောင်းသည့် ယဉ်ကျေးမှုအပေါင်းတို့ ကိန်းအောင်းရာမြေဖြစ်သည့် မြန်မာ့ဥယျာဉ်အတွင်း ပေါက်ဖွားရှင်သန်လာကြသည့် ဖူးပွင့်စ လူငယ်တော်ဝင်ပန်းကလေးများသည် အနာအဆာကင်းကာလှပတင့်ဆန်းစွာ ပွင့်လန်းရန်လိုသည်။ ရေခံမြေခံကောင်းသည့် မြန်မာ့ဝန်းကျင်တွင် ရေလောင်းပေါင်းသင်ပေးမည့် မိဘ၊ ဆရာသမားများနှင့်ဗလငါးတန်ဖွံ့ဖြိုးပြီး ဖြောင့်မတ်တည်ကြည်သော လူငယ်များဖြစ်လာစေရေးအတွက် အဘက်ဘက်က ကြိုးစားပေးနေသည့် နိုင်ငံတော်၏သန့်စင်မွန်မြတ်သည့်စေတနာတို့ကို အသိအမှတ်ပြုကာ လူငယ်တော်ဝင်ပန်းကလေးများကလည်း အပြစ်အနာအဆာကင်း၍ မညှိုးနွမ်းလှပတင့်ဆန်းစွာ ပွင့်လန်းနိုင်ရေးအတွက် ဗလငါးတန်ပြည့်ဝသည့် လူငယ်ဘဝကိုရရှိစေရေး ကိုယ်တိုင်ကြိုးစားအားထုတ်သင့်ပေသည်။ ပညာရေးကဏ္ဍတွင်လည်း နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့ ဆိုသည့် ဆောင်ပုဒ်ကိုပင်ချမှတ်၍ မြန်မာ့အနာဂတ်လူငယ်မျိုးဆက်သစ်များကို မွေးထုတ်ပေးနေသည့် အချိန်တွင် လူငယ်များအနေဖြင့် ဗလငါးတန်ပြည့်ဝစေရေး ကြိုးစားနိုင်ကြပါစေကြောင်း ရည်ရွယ်တင်ပြလိုက်ရသည်။

**ကိုးကား**

– နေ့စဉ်ထုတ်သတင်းစာများ

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၊ ဗုဒ္ဓဥယျာဉ်တော် ဘက်စုံ၊ မွမ်းမံပြုပြင်ရေးအတွက် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေး နှိုးဆော်ခြင်း




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က "မာရဝိဇယ"ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး ခိုင်မာစွာထွန်းလင်းတောက်ပလျက်ရှိမှုအား ကမ္ဘာကိုပြသရန်၊ မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာကိုးကွယ်မှု၏ဗဟိုချက်ဖြစ်စေရန်၊ နိုင်ငံတော်ကြီးသာယာဝပြောမှုရှိစေရန်၊ ကမ္ဘာကြီးငြိမ်းချမ်းသာယာမှုဖြစ်စေရန် စသည့်ရည်ရွယ်ချက် ၄ ရပ်ဖြင့်တည်ထားကိုးကွယ်ရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်ပြီး ဖြစ်ပါသည်။

## ၁-၁၂-၂၀၂၅ ရက်နေ့အထိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ လာရောက်ကြည်ညိုဖူးမြော်စဉ် အလှူငွေများထည့်ဝင်လှူဒါန်းသည့် အလှူရှင်များစာရင်း

| စဉ် | အမည် | နဝကမ္မ အလှူငွေ (ကျပ်) |
|---|---|---|
| ၁၀၆၂၅။ | ဒေါ်မူမူကျော်မိသားစုကောင်းမှု | ၃၀၀၀၀၀ |
| ၁၀၆၂၆။ | ဦးအောင်မင်းညိုနှင့်ဇနီး ဒေါ်အေးအေး၊ (သား)မောင်ဇေယျာလင်းမိသားစုကောင်းမှု | ၃၀၀၀၀၀ |
| ၁၀၆၂၇။ | ဦးထွန်းဝင်းနှင့်ဇနီး ဒေါ်မငယ်၊ (သား)မောင်ကျော်သီဟ၊ မောင်ဉာဏ်မင်းထွန်းမိသားစုကောင်းမှု | ၃၀၀၀၀၀ |
| ၁၀၆၂၈။ | ဦးဝင်းကြိုင်နှင့်ဇနီး ဒေါ်သက်မာဦးမိသားစုကောင်းမှု | ၃၀၀၀၀၀ |
| ၁၀၆၂၉။ | ကွယ်လွန်သူမိခင်ကြီးဒေါ်ခင်ငြိမ်းငြိမ်းအားရည်စူး၍ ကျန်ရစ်သူမိသားစုကောင်းမှု | ၂၀၀၀၀၀ |
| ၁၀၆၃၀။ | ကွယ်လွန်သူမိခင်ကြီးဒေါ်လင်းဖုန်းအားရည်စူး၍ ကျန်ရစ်သူမိသားစုကောင်းမှု | ၁၅၀၀၀၀ |
| ၁၀၆၃၁။ | မောင်ရွှေပြည်ဖြိုးမောင်မွေးနေ့ကောင်းမှု | ၁၅၀၀၀၀ |
| ၁၀၆၃၂။ | ကွယ်လွန်သူဦးစိုးလွင်အားရည်စူး၍ ကျန်ရစ်သူမိသားစုကောင်းမှု | ၁၁၀၀၀၀ |
| ၁၀၆၃၃။ | ကွယ်လွန်သူနှစ်ဖက်သောမိဘများနှင့် ဗိုလ်ကြီးအောင်နိုင်သူတို့အားရည်စူး၍ ဦးသန်းဦးနှင့်ဇနီး ဒေါ်ခင်အေးစိန်မိသားစုကောင်းမှု | ၁၁၀၀၀၀ |
| ၁၀၆၃၄။ | ကွယ်လွန်သူမိဘများအားအမှူးထား၍ ရဲမှူးကြီးရဲခိုင်(ငြိမ်း) နှင့်ဇနီး ဒေါ်လှလှခိုင်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၆၃၅။ | ဒုရဲအုပ်ပြည့်ဖြိုးအောင်နှင့်ဇနီး ဒေါ်မေစိုးဦးမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၆၃၆။ | ကိုကျော်သူဝင်းနိုင်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၆၃၇။ | ဒေါ်ခင်စန်းရီမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၆၃၈။ | ဦးစိန်လွင်နှင့်ဇနီးဒေါ်သင်းသင်းခိုင်၊ (သား)ဒေါက်တာဝေယံလွင်သော်၊ မောင်ဖုန်းပြည့်မာန်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၆၃၉။ | ဒေါ်ခင်မာမာမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၆၄၀။ | ကိုစိုင်းအိုက်ဆွေနှင့်ဇနီး မထွေးထွေးမြင့်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၆၄၁။ | ဦးသာရှန်းမိသားစုကောင်းမှု | ၁၀၀၀၀၀ |

| စဉ် | အမည် | နဝကမ္မ အလှူငွေ (ကျပ်) |
|---|---|---|
| ၁၀၆၄၂။ | ဦးနီနှင့်ဇနီး ဒေါ်နီမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၆၄၃။ | ဦးအောင်ဇော်မိုး၊ ဦးကောင်းမြတ်မိုး၊ ဦးမင်းမြတ်ကိုကို ညီအစ်ကိုများကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၆၄၄။ | ကွယ်လွန်သူဒေါ်တင်ကြည်အားရည်စူး၍ ဦးကြီးစိန် မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၆၄၅။ | ဒေါက်တာအောင်ဇင်မွေးနေ့ကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၆၄၆။ | ဦးခင်ဦးနွယ်နှင့်ဇနီး ဒေါ်ငွေးယဉ် သား၊ သမီး၊ မြေးတစ်စုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၆၄၇။ | မောင်အောင်ဘုန်းမြတ်မိသားစုကောင်းမှု | ၆၀၀၀၀ |
| ၁၀၆၄၈။ | ဦးဖုန်းအောင်လင်းနှင့်ဇနီး ဒေါ်သဲသဲမွန်မိသားစုကောင်းမှု | ၅၁၀၀၀ |
| ၁၀၆၄၉။ | ကိုအောင်ကိုကိုဦးနှင့်ဇနီး မကြည်ကြည်ခိုင်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၆၅၀။ | ဦးသက်တင်ဦးနှင့်ဇနီး ဒေါ်စန္ဒာဇော်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၆၅၁။ | ဦးဇင်မင်းမောင်နှင့်ဇနီး ဒေါ်ဆွေဇာထွန်း၊ (သမီး)မခြူးမေဇင်မောင်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၆၅၂။ | ကိုနေမင်းထက်နှင့်ဇနီး မခင်ပြည့်စုံမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၆၅၃။ | ကိုမင်းကြည်ဖြူနှင့်ဇနီး မနန်းနှင်းဖြူမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၆၅၄။ | ဦးငွေးဝင်းနှင့်ဇနီး ဒေါ်နွယ်နွယ်လှိုင်၊ သား၊ သမီး၊ မြေးတစ်စုကောင်းမှု | ၅၀၀၀၀ |
| ၁၀၆၅၅။ | ဦးချောနှင့်ဇနီး ဒေါ်လဲ့လဲ့ခိုင်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၆၅၆။ | ဦးစိုင်းအောင်ထူးနှင့်ဇနီး ဒေါ်နန်းစိုင်းမွန်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၆၅၇။ | ဦးမန်းကောင်းနှင့်ဇနီး ဒေါ်နီလာအေး၊ သား၊ သမီး၊ မြေးတစ်စုကောင်းမှု | ၅၀၀၀၀ |
| ၁၀၆၅၈။ | ဦးလှမျိုးနှင့်ဇနီး ဒေါ်တင်လပြည့်ဝန်း၊ (သမီး)မမေလင်းလက်မျိုးမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၆၅၉။ | ဦးအေးဝင်းနှင့်ဇနီး ဒေါ်အေးမူမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၆၆၀။ | ကိုဝေလင်းဟိန်းနှင့်ညီအစ်ကိုများကောင်းမှု | ၅၀၀၀၀ |
| ၁၀၆၆၁။ | ဦးတင်အောင်မိသားစုကောင်းမှု | ၅၀၀၀၀ |

| စဉ် | အမည် | နဝကမ္မ အလှူငွေ (ကျပ်) |
|---|---|---|
| ၁၀၆၆၂။ | ဒေါက်တာသိန်းဝင်းနှင့်ဇနီး ဒေါက်တာဆွေဦးလွင် မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၆၆၃။ | ကိုအောင်ဇော်မိုးနှင့်ဇနီး မအေးအေးသင်း၊ (သမီး)မဆုပြည့်စုံ၊ မောင်အောင်ကောင်းမြတ်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၆၆၄။ | ဦးမျိုးထွေးနှင့်ဇနီး ဒေါ်စန်းစန်းအေးမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၆၆၅။ | ဦးဟန်မင်းထက်နှင့်ဇနီး ဒေါ်ဇာခြည်မြင့်၊ (သမီး)မဟန်ငြိမ့်မွန်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၆၆၆။ | ဦးသန်းဇော်ဟန်နှင့်ဇနီး ဒေါ်ဇာခြည်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၆၆၇။ | ဦးသန့်ဇော်ဦးနှင့်ဇနီး ဒေါ်ချိုဇင်သန့်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၆၆၈။ | ဦးမြင့်ဆွေနှင့်ဇနီး ဒေါ်တီတီမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၆၆၉။ | ဦးသန်းဝင်းနှင့်ဇနီး ဒေါ်သန်းသန်းချိုမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၆၇၀။ | ကိုအေးနှင့်ဇနီး မယဉ်မင်းအေးမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၆၇၁။ | ကိုတေဇာဝင်းနှင့်ဇနီး မမြင့်မြင့်သိုက်၊ (သား)မောင်နေလင်းထွန်း၊ သမီးမဆုမြတ်ချယ်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၆၇၂။ | နှစ်ဖက်မိဘများအားအမှူးထား၍ ကိုသာထွန်းဦးနှင့်ဇနီး မသီတာဝင်းမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၆၇၃။ | ကိုကျော်မင်းထွန်းမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၆၇၄။ | ဦးဇော်မင်းသူနှင့်ဇနီး ဒေါ်ဝေဝေစိုးမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၆၇၅။ | ဦးခင်မောင်ယဉ်နှင့်ဇနီး ဒေါ်လှလှမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၆၇၆။ | ဦးတင်ထွန်းအောင်နှင့်ဇနီး ဒေါ်သဲမာဝင်းမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၆၇၇။ | ဦးထွန်းထွန်းဝင်းနှင့်ဇနီး ဒေါ်ဝေသူစိုးမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၆၇၈။ | ဦးထွန်းကြိုင်နှင့်ဇနီး ဒေါ်သိန်းကြည်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၆၇၉။ | ဒေါ်ခင်ငွေးမြင့်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၆၈၀။ | ဦးဝေဖြိုးမင်းနှင့်ဇနီး ဒေါ်အိအိမွန်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၆၈၁။ | ဦးဝင်းဦးနှင့်ဇနီး ဒေါ်ခင်စန်းဝင်းမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၆၈၂။ | ဦးအောင်လွင်ဦးနှင့်ဇနီး ဒေါ်နန်းစန္ဒာဦးမိသားစုကောင်းမှု | ၅၀၀၀၀ |

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

(က) **ဦးကြည်မင်းဟန်** ၀၉-၆၇၀၇၅၇၈၄၇

(ခ) **ဒေါ်အေးအေးကြည်** ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံထားခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါကူးစက်မှုနှင့်ပြင်းထန်မှုတို့ကိုလျော့နည်းစေနိုင်ခြင်း (အထူးအားဖြင့် နာတာရှည်ရောဂါခံစား နေရသူများနှင့် သက်ကြီးရွယ်အိုများ)၊ ရောဂါ၏နောက်ဆက်တွဲပြဿနာဖြစ်သည့် ကိုယ်တွင်းအင်္ဂါများထိခိုက်ပျက်စီးမှုမှသည် အသက်အန္တရာယ်ဆုံးရှုံးမှုဖြစ်သည်အထိ ဖြစ်ပေါ်ခြင်းမှလျော့ချနိုင်ခြင်းတို့ကြောင့် အသက်ငါးနှစ်နှင့်အထက်ရှိသော ပြည်သူလူထုအားလုံးသည် နီးစပ်ရာကျန်းမာရေးဌာနများနှင့်ဆက်သွယ်၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး(ပထမအကြိမ်၊ ဒုတိယအကြိမ်နှင့် ထပ်ဆောင်းကာကွယ်ဆေး)များကို မဖြစ်မနေသွားရောက်ထိုးနှံကြရန် အသိပေးနှိုးဆော်အပ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**







## အရောင်းဝန်ထမ်း အမျိုးသမီး ၁၀ ဦးအလိုရှိသည်

ပညာအရည်အချင်းမလို၊ လုပ်ငန်းအတွေ့အကြုံမလို၊
အလုပ်လုပ်ချင်စိတ်ရှိရမည်။
နယ်မှ လာရောက်လျှောက်ထားလိုသူများအတွက်
နေထိုင်စားရိတ်စီစဉ်ပေးမည်။
၇၉ လမ်း၊ ၂၇-၂၈ လမ်းကြား၊ 35 CORNER မျက်မှန်ဆိုင်၊
မန္တလေးမြို့သို့ လာရောက်လျှောက်ထားနိုင်ပါသည်။

**ဆက်သွယ်ရန် ဖုန်း ၀၉-၇၅၀၅၆၇၆၉၄**

## ကန့်ကွက်လွှာခေါ်ယူခြင်းကြော်ငြာစာ

မြင်းခြံမြို့၊ အမှတ်(၁)ရပ်ကွက်၊ ကွင်း/အကွက်အမှတ်(F-234)ရှိ မြေကွက်ပေါ်တွင် ဦးဝင်းကို(၉/မခန(နိုင်)၀၁၁၃၇၁)ကိုင်ဆောင်သူမှ အလျား ၂၀'-၀"၊ အနံ ၂၀'-၀" Ironframe (၁)ထပ် ဆောက်လုပ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ယင်းအဆောက်အဦးနှင့်ပတ်သက်၍ ကန့်ကွက်လွှာတင်သွင်းလိုပါက ဤကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ခိုင်လုံသော အထောက်အထားများယူဆောင်လာ၍ မြင်းခြံမြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံး၏ တာဝန်ရှိသူထံသို့ လူကိုယ်တိုင်တွေ့ဆုံတင်ပြကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြင်းခြံမြို့နယ်စည်ပင်သာယာရေး

## ပျောက်ဆုံးကြောင်း

ပျော်ဘွယ်မြို့နယ်၊ ကုန်းသာရွာနေ ဦးသန်းထိုက် (၁) ဦးအောင်ရွှေ(၉/ပဘန(နိုင်)၁၅၆၄၂၃)၏ နိုင်ငံကူးလက်မှတ်အမှတ်(MG-293430)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ 09-259230988

## ပျောက်ဆုံးကြောင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (၈)ရပ်ကွက်နေ မောင်ပိုင်မင်းသန့် (၁) ဦးလင်းထွန်း(၉/ပကခ(နိုင်)၀၇၃၅၈၅)၏ နိုင်ငံကူးလက်မှတ်အမှတ်(MG-870323)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ 09-760485767

## ပျောက်ဆုံးကြောင်း

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့နယ်၊ ပေါင်းလောင်းကျေးရွာနေ သွယ်သွယ်မိုး (၁) ဦးငြိမ်းရွှေ(၉/ကဆန(နိုင်)၁၅၇၇၃၆)၏ နိုင်ငံကူးလက်မှတ်အမှတ်(MF-630751)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ 09-688931322




## ပျောက်ဆုံးကြောင်း

သီပေါမြို့နေ မနန်းကြည်ကြည်ခိုင် (၁) ဦးကွမ်ရီဖုး(၁၃/သပန(နိုင်)၀၁၇၀၉၆)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ 09-403727750

## အမည်ပြောင်း

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ဥပုသ်တော်ရပ်ကွက်နေ ဦးခွန်အုန်းလွင်၏သမီး နန်းရတီအား နန်းထိုက်ရတီဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။

နန်းထိုက်ရတီ(၁၃/တကန(နိုင်)၄၁၅၃၃၃)

## ဖခင်အမည်မှန်

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ပညာ့ဗိမာန်ကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade-10 တွင် ပညာသင်ကြားနေသော မမိုးနှင်းဆီဖြူ၏ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်အရ ဦးမင်းမင်းသန်းဖြစ်ပါကြောင်း။

ဦးမင်းမင်းသန်း(၉/ကဆန(နိုင်)၁၂၂၀၆၀)

**အဖိုးတန် ရေချိုကို ချွေတာပါ**

❖ "အမျိုးသားစည်းကမ်းအစ စာသင်ကျောင်းက"ဆိုသည့်အတိုင်း ပညာသင်ကြားမှုအဆင့်အလိုက် တစ်ဦးချင်း၏ စိတ်ဓာတ်နှင့် စည်းကမ်းကောင်းမွန်မှုများ ကွာခြားသွားကြ...

❖ ထို့ကြောင့် ကျောင်းနေရာခိုင်နှုန်းများကောင်းမွန်ပြီး တန်းစဉ်ကူးပြောင်းမှုများကောင်းမွန်အောင် ဝိုင်းဝန်းဆောင်ရွက်ပေးကြစေလို...

❖ ပညာရေးကောင်းမွန်အောင်ဆောင်ရွက်ခြင်းဖြင့် ဒေသတည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကိုလည်း များစွာ အထောက်အကူပြုစေမည်ဖြစ်....

(နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ် ဩဂုတ် ၂၀ ရက်တွင် ပြုလုပ်သော အောင်လံမြို့ရှိ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးအမှာစကား ပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေ့သို့ဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။






ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် ဇီးပင်ကြီးရှိ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်) ရဲအရာရှိလေ့ကျင့်ရေးကျောင်း(ဇီးပင်ကြီး)နှင့် ဗဟိုမီးသတ်သင်တန်းကျောင်း(ပြင်ဦးလွင်)တို့မှ နည်းပြအရာရှိများနှင့် သင်တန်းသား၊ သင်တန်းသူများကို တွေ့ဆုံအမှာစကားပြောကြားစဉ်။

# နိုင်ငံတော်တွင် ဖြစ်ပေါ်ခဲ့သည့်သမိုင်းကြောင်းများကို သင်ခန်းစာယူ၍ အနာဂတ်တွင် ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး တည်ငြိမ်အေးချမ်းသည့် နိုင်ငံတော်ကို ပုံဖော်တည်ဆောက်ကြရမည်ဖြစ်

နေပြည်တော် ဒီဇင်ဘာ ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် ဇီးပင်ကြီးရှိ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်) ရဲအရာရှိလေ့ကျင့်ရေးကျောင်း(ဇီးပင်ကြီး)နှင့် ဗဟိုမီးသတ်သင်တန်းကျောင်း(ပြင်ဦးလွင်)တို့မှ နည်းပြအရာရှိများနှင့် သင်တန်းသား၊ သင်တန်းသူများကို ယနေ့မွန်းလွဲပိုင်းတွင် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)ရှိ ရတနာခန်းမ၌ တွေ့ဆုံအမှာစကားပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲအခမ်းအနားသို့ ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများ၊

စာမျက်နှာ ၁၉ ကော်လံ ၁ ☆

## စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၆၇) သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနား တိုက်ရိုက်(Live) ထုတ်လွှင့်မည်

နေပြည်တော် ဒီဇင်ဘာ ၁

စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၆၇) သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနားကျင်းပပုံများကို ဒီဇင်ဘာ ၃ ရက် နံနက် ၇ နာရီခွဲမှစတင်၍ MRTV – HD Channel၊ MWD HD Channel၊ MWD Variety HD Channel နှင့် MRTV Web & App တို့မှ တိုက်ရိုက်(Live)ထုတ်လွှင့်မည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

## ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲမြို့နယ် တောင်ထိပ်ကျေးရွာ ဒုဋ္ဌဝတီမြစ်အနီး၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ငန်းများလုပ်ကိုင်နေသူများကို အဆောက်အအုံများ၊ လုပ်ငန်းသုံးပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိ

စာမျက်နှာ – ၂၄

## အားကောင်းသောမုန်တိုင်းငယ် နောက် ၁၂ နာရီအတွင်း အားလျော့သွားနိုင်

နေပြည်တော် ဒီဇင်ဘာ ၁

ယနေ့ညနေ ၃ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အနောက်အလယ်ပိုင်း အိန္ဒိယနိုင်ငံ တမီးလ်နာဒူးမြောက်ပိုင်း – ပူဒူချယ်ရီကမ်းခြေနှင့် အင်ဒရာပရာဒေ့ရှ်တောင်ပိုင်းကမ်းခြေတို့တွင် ဖြစ်ပေါ်နေသည့် အားကောင်းသော မုန်တိုင်းငယ်(Deep Depression)သည် သိသိသာသာရွေ့လျားခြင်းမရှိဘဲ မြန်မာနိုင်ငံ ကိုကိုးကျွန်းမြို့၏

စာမျက်နှာ ၂၀ ကော်လံ ၄ ❑

